# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက် | ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ [၅၄]၊ အမှတ် [၃၃၉]


## ဝီရိယနှင့် ဆန္ဒအကျိုး

**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

**ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃၊ ၁၆၉။)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၉**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားအလုပ်သမားပါတီ ပထမအတွင်းရေးမှူး၊ အမျိုးသားကာကွယ်ရေးကော်မရှင် ပထမဥက္ကဋ္ဌနှင့် ကိုရီးယားပြည်သူ့တပ်မတော် သေနာပတိချုပ် မစ္စတာ ကင်ဂျုံအွန်း၊ ဗဟိုပြည်သူ့လွှတ်တော်သဘာပတိအဖွဲ့ဥက္ကဋ္ဌ မစ္စတာ ကင်ယုံနမ်နှင့် ဝန်ကြီးချုပ် မစ္စတာ ပတ်ပုံဂျူတို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့သည်။

(သတင်းစဉ်)

# အနာဂတ်ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံနိုင်မည့် ပြန်လည်ထူထောင်ရေးစီမံကိန်းမူဘောင်တစ်ရပ် ရေးဆွဲ

**ရန်ကုန် စက်တင်ဘာ ၈**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပြန်လည်ထူထောင်ရေး အလုပ်ရုံဆွေးနွေးပွဲ (Disaster Recovery Forum) ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း တက်ရောက်အမှာ စကားပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်သမ္မတ၏အကြံပေး ပုဂ္ဂိုလ်များ၊ ကုန်သွယ်ရေးနှင့်စီးပွားရေး

*စာမျက်နှာ ၃ ကော်လံ ၁* ❁




ဒုတိယသမ္မတ ဦးဉာဏ်ထွန်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပြန်လည်ထူထောင်ရေးအလုပ်ရုံဆွေးနွေးပွဲ (Disaster Recovery Forum) တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## “ကျွန်တော့်အတွက် အကြီးမားဆုံးစိန်ခေါ်မှုက မဲစာရင်းပါပဲ။ မဲစာရင်း မှန်ကန်ဖို့ အရေးအကြီးဆုံးပါပဲ”

စာမျက်နှာ-၅

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာ အမှတ် (၄) ထုတ်ပြန်

စာမျက်နှာ-၇

## မိုးမြေပဲများ အထွက်ကောင်းပြီး ဈေးကောင်းရသဖြင့် မြေပဲစိုက်တောင်သူများ အဆင်ပြေ

စာမျက်နှာ-၁၇






# အထပ်မြင့်နှင့် မိုဘိုင်းဖုန်း

လွန်ခဲ့သော နှစ်နှစ်၊ သုံးနှစ်အတွင်း ရန်ကုန်မြို့နှင့်မန္တလေးမြို့ကြီးများတွင် လူဦးရေထူထပ် များပြားလာသည့်အလျောက် နေအိမ်လိုအပ်ချက်မြင့်မားလာမှုကြောင့် အထပ်မြင့်နေအိမ်များ ပိုမိုဆောက်လုပ်လာကြပါသည်။ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံ မိုဘိုင်းဖုန်းသုံးစွဲလာမှုမှာလည်း တစ်ဟုန်ထိုးတိုးတက်မြင့်မားလာခဲ့ပါသည်။ လူတိုင်းမိုဘိုင်းဖုန်းသုံးစွဲနိုင်သော ခေတ်သို့ ရောက်ရှိခဲ့ပါသည်။ ဤသို့ လူနေမှုအဆင့်အတန်းမြင့်မားလာမှုကို ပြသနေသည့် အထပ်မြင့်အိမ်ရာများနှင့် မိုဘိုင်းဖုန်းများသုံးစွဲလာနိုင်ခြင်းသည် လူ့ဘဝ၏ကောင်းမွန်သော အချိုးအကွေ့နှင့် အပြောင်းအလဲများပင်ဖြစ်ပါသည်။

ထိုသို့ အထပ်မြင့်အိမ်ရာများတိုးတက်လာခြင်း၊ မိုဘိုင်းဖုန်းသုံးစွဲလာနိုင်ခြင်းကြောင့် မေးခွန်းများထုတ်စရာအကြောင်းရှိကောင်းရှိနိုင်ပါသည်။ အမှန်မှာရှိပါသည်။ အကောင်းလည်းရှိပါသည်။ အဆိုးလည်းရှိပါသည်။ အကောင်းအဆိုးတို့မည်သည် အမြဲတမ်းဒွန်တွဲနေသည်ဟူသော နိယာမအတိုင်း အထပ်မြင့်အိမ်ရာနှင့် မိုဘိုင်းဖုန်းတို့သည်လည်း အကောင်းအဆိုးတို့ရှိနေပါသည်။ နေအိမ်တိုက်ခန်းများနှင့်နေထိုင်လာနိုင်ခြင်း၊ လူတိုင်းမိုဘိုင်းဖုန်းသုံးစွဲလာနိုင်ခြင်းသည် လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် ကောင်းမွန်သော ပြယုဂ်များပင်ဖြစ်ပါသည်။

မကြာသေးမီက မိန်းကလေးငယ်တစ်ဦး အထပ်မြင့်နေအိမ်တိုက်ခန်းပေါ်မှ မိုဘိုင်းဖုန်းပြောရင်း ပြုတ်ကျသေဆုံးခဲ့သည်ကို ကြားသိရသည်။ ဤကဲ့သို့ဖြစ်စဉ်သည် ရန်ကုန်မြို့တွင် နှစ်ကြိမ်၊ သုံးကြိမ်ခန့်ဖြစ်ပွားခဲ့ပြီးဖြစ်သည်။ ပုံမှန်ဖြစ်စဉ်သည် သတင်းမဟုတ်သော်လည်း ဖြစ်ရိုးဖြစ်စဉ်ထက် ထူးခြားလာပါက သတင်းဖြစ်လာပါသည်။ ဖြစ်စဉ်တစ်ရပ်သည် တစ်ကြိမ်ထက်ပို၍ဖြစ်မည်ဆိုပါက အဘယ်ကြောင့်ဖြစ်ရသည်ကို အကြောင်းရင်းရှာဖွေကြရမည် ဖြစ်ပါသည်။ ထူးခြားမှုဖြစ်စဉ်တိုင်းသည် အားနည်းချက်၊ အားသာချက်များကို သတိပြုရန်လိုအပ်မည် ဖြစ်ပါသည်။

အချို့အချို့သောမိုဘိုင်းဖုန်းများသည် နေအိမ်တိုက်ခန်းအတွင်းထက် တိုက်ခန်းအပြင်ဘက်ဝရန်တာများတွင် ပို၍အသံကြည်လင် ပြတ်သားစွာကြားရပါသည်။ ထို့ကြောင့်လည်း အပြင်ဝရန်တာ ထွက်၍လေညင်းခံရင်း အေးအေးလူလူ မိုဘိုင်းဖုန်းပြောဆိုတတ်ကြပါသည်။ အသံလှိုင်းများကြားမှ ဖြတ်သန်းဝင်ရောက်လာသော အသံရှင်များ၏အသံများသည် တစ်ခါတစ်ရံ မိမိအလိုရှိနှစ်သက်သောအသံများ ဖြစ်နေတတ်ပါသည်။ ထိုအခါ မိုဘိုင်းဖုန်းသံစဉ်နှင့်အတူ လိုက်ပါစီးမျောသွားပြီး သတိလက်လွတ် ဖြစ်သွားတတ်ပါသည်။ အကာအရံမဲ့နေသော ဝရန်တာတွင် မိမိဖုန်းပြောဆိုနေသည်ကို သတိလက်လွတ်ဖြစ်ပြီး မှီတွယ်ကိုင်တွယ်ရင်း ကိုယ်နေကိုယ်ထား ဟန်ချက်ပျက်ကာ အောက်သို့ပြုတ်ကျသွားနိုင်ပါသည်။ လူ၏စိတ်သည် တစ်ကြိမ်တည်းအာရုံနှစ်ခုတွင် စူးစိုက်နိုင်မှုအား နည်းပါသည်။ တစ်နေရာသို့ အာရုံရောက်သွားလျှင် အခြားတစ်နေရာတွင် သတိလက်လွတ်ဖြစ်သွားတတ်ပါသည်။

အကြံပြုလိုသည်မှာ အထပ်မြင့်၌ နေထိုင်ကြသူများအဖို့ ဝရန်တာကဲ့သို့သော နေရာများတွင် ဖုန်းပြောဆိုမည်ဆိုလျှင် အသိ၊ သတိရှိဖို့လိုပါသည်။ လုံခြုံစိတ်ချရသည့် အကာအရံများဖြစ်အောင် ပြုလုပ်ထားသင့်ပါသည်။ အကယ်၍ ပြောဆိုမည်ဆိုလျှင်လည်း ဘေးကင်းအောင် သတိပြု၍ ပြောဆိုသင့်ပေကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

# လေးလမ်းသွား သာကေတတံတား တည်ဆောက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၈**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် စက်တင်ဘာ ၅ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သော ရွှေဂုံ(လင့်လမ်း) အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းသည် မြို့တွင်း၌တည်ဆောက်သည့် စီမံကိန်းဖြစ်၍ အဆင့်အတန်းမီ ဆောင်ရွက်ရန်၊ လုပ်ငန်းများ အရည်အသွေးပြည့်ရေး စံချိန်စံညွှန်းနှင့် ဆောင်ရွက်ရန် လုပ်ငန်းတိုးတက်မှုရှိစေရေးနှင့် လက်ရာသေသပ်ကောင်းမွန်အောင် ဆောင်ရွက်ရန်တို့ကိုမှာကြားပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်နေသည့် သာကေတတံတားသစ် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဒေါပုံဘက်ကမ်းတွင် Staging ပြုလုပ်ရန်အတွက် Vibro Hammer ဖြင့် ပိုင်ရိုက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယခင်တံတားသည် ၁၉၆၇ ခုနှစ်တွင် ကနေဒါအစိုးရ၏ ကိုလံဘိုစီမံကိန်းအရ ဆောက်လုပ်ပေးခဲ့သော တံတားဖြစ်ပြီး သက်တမ်းနှစ်ပေါင်း ၅၀ခန့် ရှိ၍ ကြံ့ခိုင်မှုအားနည်းလာခြင်း၊ နှစ်လမ်းသွားတံတားဖြစ်၍ ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပွားလျက်ရှိသောကြောင့် ရန်ကုန်မြို့တော်အတွင်း ယာဉ်သွားလာမှု လွယ်ကူလျင်မြန်စေရန် ရန်ကုန်မြို့တွင်းနှင့်ဒေါပုံမြို့နယ်တို့ကို ဆက်သွယ်ပေးသော လေးလမ်းသွား တံတားအသစ်တည်ဆောက်ရန် ဂျပန်နိုင်ငံအစိုးရထောက်ပံ့ငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံရှိ JICA အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် တံတားတစ်စင်းဖြစ်သည်။

ပင်မတံတားအရှည် ၂၅၃ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၁၆ ဒသမ ၅ မီတာ၊ လူသွားလမ်းတစ်ဖက်လျှင် နှစ်မီတာရှိပြီး PC.Extradosed လေးလမ်းသွား တံတားအမျိုးအစားဖြစ်၍ တံတားချဉ်းကပ်လမ်းအရှည်မှာ မင်္ဂလာတောင်ညွန့် ဘက်ကမ်းတွင် ၁၆၅ မီတာနှင့်ဒေါပုံဘက်ကမ်းတွင် ၂၀၂ မီတာရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ခေတ်မီမော်တာအထည်ချုပ်စက် သင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၈**

နယ်စပ်ဒေသတို့ရှိ ကျေးလက်နှင့်မြို့ပြနေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီမော်တာအထည်ချုပ်စက် သင်တန်းအမှတ်စဉ်(၁၁)ဖွင့်ပွဲကို စက်တင်ဘာ ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ကျင်းပရာ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းအုပ်ကြီး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဒေါက်တာမင်းသန့် တက်ရောက်၍ အမှာစကားပြောကြားဖွင့်လှစ်ပေးသည်။

အဆိုပါသင်တန်းသို့ နယ်စပ်ဒေသ ကျေးလက်မြို့ပြများမှ တိုင်းရင်းသူ ၁၄၁ ဦး တက်ရောက်ကြသည်။ ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်း အမှတ်စဉ်(၁)မှ အမှတ်စဉ်(၁၀)ထိ သင်တန်းဆင်းပြီး အထည်ချုပ်စက်ရုံများတွင် အလုပ်လုပ်နေသူ တိုင်းရင်းသူ ၁၃၀၈ ဦး ရှိပြီဖြစ်သည်။

**(သတင်းစဉ်)**



# လျှပ်စစ်ဓာတ်အားလိုင်းများ ပြုပြင်ဆောင်ရွက်

**အုတ်ဖို စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် ဆွေးမြည့်သစ်သားတိုင်များအစား ကွန်ကရစ်တိုင်၊ သံလက်တန်းတို့ဖြင့် လဲလှယ်ခြင်းများကို အုတ်ဖိုမြို့နယ် လျှပ်စစ်မှူးဦးဆောင်၍ လျှပ်စစ်ဝန်ထမ်းများက စက်တင်ဘာ ၇ ရက်တွင် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းအားလုံး၏ ၃၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၈-၉-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၅၇၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၀၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၈၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၈၀၀/၈၁၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၉၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၅၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၂၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၉ |
| ဥရောပ | တစ်ယူရို | ၁၄၂၈·၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၅·၁၆ |
| ထိုင်း | တစ်ဘတ် | ၃၅·၃၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉·၁၃၅ |
| တရုတ် | တစ်ယွမ် | ၂၀၀·၉၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၃·၂၈ |

ခင်ရတနာ-စုစည်းသည်။

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ရာထူးမှ နုတ်ထွက်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၁/၂၀၁၅
၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်
(၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်)

### ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးငွန်မောင်းကို ၎င်း၏သဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၉**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရီဆုယုံထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၈**

ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် နေပြည်တော်သို့ အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ သံတော်မြတ်ကုမ္ပဏီက ဆန်အိတ် ၄၀၀ ခန့်မှန်းတန်ဖိုး ၈၆ သိန်းဖိုး လာရောက်လှူဒါန်းသွားကြောင်း သိရသည်။ **(သတင်းစဉ်)**




**ဒုတိယသမ္မတ ဦးညဏ်ထွန်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပြန်လည်ထူထောင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

❀ ရှေ့ဖုံးမှ

လုပ်ငန်းများ မြှင့်တင်ရေးအထူးအဖွဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ကုန်သည်/စက်မှုအသင်းများ၊ပြည်တွင်း အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများနှင့် ဖောင်ဒေးရှင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ရေကြီးရေလျှံမှုများကြောင့် နိုင်ငံတစ်ဝန်းတွင် ရေဘေးသင့်မှုဖြစ်စဉ်များနှင့် ကြုံတွေ့ခဲ့ရပါကြောင်း၊ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများတွင် စေတနာထက်သန်စွာဖြင့် အစွမ်းကုန် ပါဝင်ဆောင်ရွက်ပေးခဲ့သည့်လူငယ်များ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကစေတနာရှင်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့်လည်း ထောက်ပံ့ရေးကိစ္စများကို အစွမ်းကုန် ပံ့ပိုးဆောင်ရွက်နေပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း တစ်ပြိုင်နက် စတင်ရမည်ဖြစ်သည့်အတွက် ရေရှည်တည်တံ့မည့် အနာဂတ်ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံနိုင်မည့် ပြန်လည်ထူထောင်ရေး စီမံကိန်းမူဘောင်တစ်ရပ်ကို ရေးဆွဲခဲ့ပါကြောင်း။

အဆိုပါစီမံကိန်း၏ လုပ်ငန်းစဉ်ရည်မှန်းချက်မှာ ပြည်သူဗဟိုပြုဖွံ့ဖြိုးမှုကိုရှေးရှုမည့် ပိုမိုကောင်းမွန်သော အနာဂတ်ကို အတူတကွ ပြန်လည်ထူထောင်ကြရန် ဖြစ်ပါကြောင်း၊ ယင်းရည်မှန်းချက်ကို ဖော်ဆောင်မည့် လုပ်ငန်းစဉ်များကို အများပါဝင်ဆွေးနွေးနိုင်မည့် ယခုကဲ့သို့ ဖိုရမ်များမှတစ်ဆင့် ရေးဆွဲသွားရန်ဖြစ်ပါကြောင်း။

ရေဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးကို နိုင်ငံတော်အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပရဟိတလူမှုရေးအဖွဲ့များ၊ နိုင်ငံတကာ အဖွဲ့အစည်းများကလည်း ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ သို့သော်လည်း အဆိုပါကယ်ဆယ်ရေး အကူအညီများ စနစ်တကျဖြစ်စေရေး၊ အမှန်တကယ် လိုအပ်သည့်နေရာများသို့ အချိန်မီရောက်ရှိရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းဆိုင်ရာ ဆောင်ပုဒ်ဖြစ်သော **မည်သူမျှ မကျန်ခဲ့စေရ** No One Left Behind **မူနှင့်အညီ ပိုမိုကောင်းမွန်သည့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် "ပြန်လည်ထူထောင်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး" ကို ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။ အဓိကဦးတည်ချက်မှာ နိုင်ငံတော်ဖွံ့ဖြိုးမှုစီမံကိန်းများတွင် ကြံ့ခိုင်ရည်စွမ်းအားရှိသော ပြန်လည်ထူထောင်ရေးအစီအစဉ်တစ်ရပ်ကို ကာလတိုကာလလယ် ကာလရှည်အပိုင်းအခြားတိုင်း၌ ထည့်သွင်းဆောင်ရွက်ရေး**ပင်ဖြစ်ပါကြောင်း။

ပြန်လည်ထူထောင်ရေးစီမံကိန်းများရေးဆွဲရာတွင် မရှိမဖြစ် ဆောင်ရွက်ရမည့်ကိစ္စမှာ ဘေးလွန်ကာလ လိုအပ်ချက်များ ဆန်းစစ်ချက် (PDNA) ဖြစ်ပြီး ယင်းကို ကဏ္ဍပေါင်းစုံဒေသအနှံ့ ပျက်စီးဆုံးရှုံးမှုများအား ပြည့်စုံစွာသုံးသပ်ရန် အရေးကြီးပါကြောင်း၊ **မိမိတို့ကော်မတီအနေဖြင့် အစိုးရအုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်မှ အဆိုပါဆန်းစစ်ချက်များကောက်ခံနေသကဲ့သို့ ဆန်းစစ်သည့်နေရာတွင်လည်း အစိုးရမဟုတ်သော ပုဂ္ဂလိကလုပ်ငန်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ဆန်းစစ်ချက်များကိုလည်း တစ်ပါတည်း ပူးတွဲသုံးသပ်နိုင်ရန် လွန်စွာအရေးကြီးပါကြောင်း။**

**ပြန်လည်ထူထောင်ရေး မဟာဗျူဟာ၏အရေးပါသည့် အစိတ်အပိုင်းများမှာ ဘေးသင့်ဒေသများအတွက် လိုအပ်ချက်များကို ပြည့်စုံမှန်ကန်သည့် ဆန်းစစ်ချက်များအမြန်ဆုံးဆောင်ရွက်ရန် ပိုမိုကောင်းမွန်သည့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှုအမြင်ကို ပူးပေါင်းအကောင်အထည်ဖော်ရန်၊ စားနပ်ရိက္ခာဖူလုံရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ နှင့် ကုန်သွယ်ရေးတန်ဖိုးကွင်းဆက် များ ပြန်လည်ထူထောင်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် အများခံစားနိုင်မည့် တိုးတက်မှုကို ဆောင်ကြဉ်းရေးအတွက် ဦးစားပေးဆောင်ရွက်ရန်နှင့် အမျိုးသားကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်တို့ ဖြစ်ပါကြောင်း။**

ပေါင်းစပ်ညှိနှိုင်းရေး ဖွဲ့စည်းပုံ၏ အသေးစိတ်စုဖွဲ့မှုများကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများတွင် ပေါင်းစပ်ညှိနှိုင်းရေး တာဝန်ခံများကို ကျယ်ကျယ်ပြန့်ပြန့် တာဝန်ပေး၍ အမြဲတမ်းဆောင်ရွက်နိုင်ရန် စီစဉ်ထားပါကြောင်း။

ပြန်လည်ထူထောင်ရေးစီမံကိန်းသည် **နိုင်ငံတော်အစိုးရက လက်ရှိဆောင်ရွက်ဆဲဖြစ်သည့် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေးမူဘောင်ပါလုပ်ငန်းစဉ်များနှင့်လည်း ဆက်စပ်မှုရှိရမည့်အပြင် ရေရှည်စီမံကိန်းဖြစ်သော အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့်လည်း တစ်ပါတည်း ချိတ်ဆက်နိုင်ရေး** သတိပြုရေးဆွဲရန် လိုအပ်ပါကြောင်း။

ပြည့်စုံကုံလုံစွာ ဘက်ပေါင်းစုံမှ စဉ်းစားရေးဆွဲပြင်ဆင်နိုင်မှသာ နိုင်ငံတော်၏ ပြန်လည်ထူထောင်ရေးအစီအစဉ်သည် "ပိုမိုကောင်းမွန်အောင် ပြန်လည်တည်ဆောက် (Building Back better)" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူ့ဆန္ဒကို ကောင်းမွန်စွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း။

ယင်းအစီအစဉ်များ ခိုင်မာမှုရှိမှသာ နိုင်ငံတကာမှကမ်းလှမ်းလာသော လူသားချင်းစာနာ ထောက်ထားမှုအကူအညီများနှင့် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များက စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် "Social Enterprise in Reconstruction & Rehabilitation" တို့နှင့်စပ်လျဉ်း၍ လိုအပ်ချက်များကိုတင်ပြဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို နံနက် ၁၀ နာရီခွဲတွင် ဆက်လက်ကျင်းပရာ ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားသည်။

ယင်းနောက် UNDP၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပုဂ္ဂလိကအသင်းအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဖောင်ဒေးရှင်းများ၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ကိုယ်စားလှယ်များက ဒေသဆိုင်ရာအခြေအနေများ၊ လက်ရှိဘေးသင့်ဒေသများတွင် လိုအပ်နေသည့် ပြန်လည်ထူထောင်ရေးအခြေအနေများနှင့် ရေဘေးသင့်အိမ်ထောင်စုများ၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မ၏ စီးပွားရေးအကြံပေး ဒေါက်တာအောင်ထွန်းသက်က Public-Private-People-Partnership (4P) for Post-Disaster Reconstruction နှင့် စပ်လျဉ်း၍လည်းကောင်း၊ ကုန်သွယ်ရေးနှင့် စီးပွားရေးမြှင့်တင်မှုအထူးလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြန်လည်ထူထောင်ရေးနှင့် ကုန်သွယ်မှုဆိုင်ရာ အစိုးရမူဝါဒများနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးကြသည်။

ညနေပိုင်းတွင် စိုက်ပျိုးရေးဆိုင်ရာ ပြန်လည်ထူထောင်ရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ပြန်လည်ထူထောင်ရေး၊ ရေဘေးသက်ရောက် ဒေသခံများအတွက် ဝင်ငွေရလမ်း ဖန်တီးပေးရေးနှင့် အသေးစားနှင့် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးကိစ္စရပ်များကို အုပ်စုငယ်များအလိုက် တစ်ပြိုင်နက် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲများ အပြီးတွင် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာဇော်ဦးက အနှစ်ချုပ်သုံးသပ် ဆွေးနွေးပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌက နိဂုံးချုပ် ပြောကြားသည်။

ရေဘေးသင့်ဒေသများရှိ လုပ်ငန်းငယ်များ ပြန်လည်ရပ်တည်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ရန်၊ ဝင်ငွေလည်ပတ်ဆောင်ရွက်နိုင်ရန်၊ ရေဘေးသင့်ဒေသများ၏ အဓိကလိုအပ်ချက်များကို သိရှိနိုင်ရန်နှင့် လုပ်ငန်းကဏ္ဍများ၏ ဆောင်ရွက်ရမည့်အစီအစဉ် အကြံပြုချက်များကို ထုတ်ဖော်တင်ပြနိုင်ရန် အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အစ္စရေးအာကာသလေ့လာရေးလုပ်ငန်း(IAI) ဌာန လေ့လာ



**နေပြည်တော်　စက်တင်ဘာ　၈**

အစ္စရေးနိုင်ငံတွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် တဲလ်အဗီးမြို့ရှိ Israel Aerospace Industries (IAI) သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူတစ်ဦးက IAI 3D War Scenario အား Power Point ဖြင့် ရှင်းလင်းတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Israel Aerospace Industries (IAI) အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် အစ္စရေးနိုင်ငံ Directoate of Security for the Defense Establishment အကြီးအကဲ Mr. Amir Kain က ကာကွယ်ရေးဝန်ကြီးဌာန၌ တည်ခင်းဧည့်ခံသော ညစာ စားပွဲသို့ တက်ရောက်သည်။ **(မြဝတီ)**

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အစ္စရေးအာကာသလေ့လာရေးလုပ်ငန်း (IAI) ဌာနသို့ လေ့လာစဉ်။** (မြဝတီ)

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Ashdod ရေတပ်စခန်းဌာနချုပ်သို့ သွားရောက်လေ့လာ

**နေပြည်တော်　စက်တင်ဘာ　၈**

အစ္စရေးနိုင်ငံတွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် တဲလ်အဗီးမြို့မှတစ်ဆင့် Ashdod မြို့ရှိ ELTA Systems Ltd သို့ ရောက်ရှိပြီး လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ Ashdod ရေတပ်စခန်းဌာနချုပ် (Ashdod Naval Base) သို့သွားရောက်လေ့လာကြရာ Operation Commander က ရေတပ်စခန်းဌာနချုပ်နှင့် ရေယာဉ်စုများအကြောင်းကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် IAI RAMATA ၏ Vice President ဖြစ်သူ Mr. Nitzan Shaked နှင့်အတူ FAC Super Dvora MK3 ရေယာဉ်အား စီးနင်းလိုက်ပါလေ့လာကြသည်။

ထို့နောက် ဂါဇာကမ်းမြောင်နယ်စပ်ရှိ Israel Village ဂါဇာဌာနချုပ်သို့ မွန်းလွဲပိုင်းတွင်ရောက်ရှိကြပြီး ဂါဇာကမ်းမြောင်တောင်ပိုင်းတိုင်း စစ်ဌာနချုပ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ IAI RAMATA ၏ Vice President ဖြစ်သူ Mr. Nitzan Shaked နှင့်အတူ FAC Super Dvora Mk3 ရေယာဉ်အား စီးနင်းလိုက်ပါလေ့လာစဉ်။** (မြဝတီ)

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က မြန်မာနိုင်ငံသားများ၏ လူ့အခွင့်အရေးကာကွယ်တိုးမြှင့်ရန်ဆောင်ရွက်နေ

**တွေ့ဆုံမေးမြန်း - ဟန်နီဝင်း - နန္ဒာဝင်း**

လူ့အခွင့်အရေးသည် လူသားအားလုံးနှင့် သက်ဆိုင်ပြီး လူတိုင်းအတွက် မွေးရာပါ အခွင့်အရေးဖြစ်သည်။ ထိုအခွင့်အရေးများကို ဖယ်ရှားပစ်၍ မရ။ ခွဲခြမ်း၍လည်း မရ။ လူ့အခွင့်အရေးများသည် တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်စပ်အမှီပြုလျက်ရှိသည်။

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် ဥပဒေပြဋ္ဌာန်းခဲ့သည်မှာ တစ်နှစ်ကျော်ကာလသာရှိသေးပြီး နိုင်ငံသားများအနေဖြင့် လူ့အခွင့်အရေးနှင့်ဆိုင်သည့် အသိပညာရေချိန် နည်းပါးနေသေးသည်။

ထို့ကြောင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်က လူ့အခွင့်အရေးနှင့်ဆိုင်သည့် ပညာပေးဟောပြောပွဲများကို ကျင်းပကာ အသိပညာဖြန့်ဝေပေးလျက်ရှိသည်။

နိုင်ငံသားများအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ ရပိုင်ခွင့်များကို သိရှိနိုင်ရန် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြကို ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး။ ။ လူတစ်ယောက်မှာ ဘယ်လို လူ့အခွင့်အရေးမျိုးတွေ ရရှိနိုင်ပါသလဲ။**

ဖြေ။ ။ လူ့အခွင့်အရေးဆိုတာ သာမန်အားဖြင့် စားဝတ်နေရေးပဲဖြစ်ပါတယ်။ လူသားတစ်ယောက်အနေနဲ့ ရရှိခံစားခွင့်ရှိတဲ့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စတဲ့အခွင့်အရေး အားလုံးကို ခံစားနိုင်ဖို့ပဲ ဖြစ်ပါတယ်။ တကယ်တမ်းက စားဝတ်နေရေးပဲဖြစ်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရဲ့ လုပ်ဆောင်ချက်ကိုလည်း အတိုချုံးရှင်းပြပေးပါ။**

ဖြေ။ ။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရဲ့ အဓိကလုပ်ငန်း (၂)ရပ် ရှိပါတယ်။ လူ့အခွင့်အရေးကို ကာကွယ်ပေးရေးနဲ့ လူ့အခွင့်အရေးကို မြှင့်တင်ရေးပဲဖြစ်ပါတယ်။ လူ့အခွင့်အရေးကာကွယ်ဖို့ကို လုပ်ထုံးလုပ်နည်းတစ်ရပ် ချမှတ်ထားတဲ့ ပုံစံတွေကို စိစစ်ပြီး ကာကွယ်ဆောင်ရွက်ပေးနေပါတယ်။ လူ့အခွင့်အရေးကို မြှင့်တင် ပေးရေးနဲ့ပတ်သက်လို့ ပညာပေးရေးလုပ်ငန်းကို ဇောက်ချပြီး လုပ်နေပါတယ်။

မြန်မာနိုင်ငံအနှံ့အပြားကို ကော်မရှင်အဖွဲ့ဝင်တွေ သွားရောက်ပြီးတဲ့အခါ လူ့အခွင့်အရေး ပညာပေးရေးသင်တန်းတွေ၊ ဆွေးနွေးပွဲတွေကို ပြုလုပ်ပါတယ်။ အခုအချိန်မှာ မြို့နယ်ပေါင်း ၈၀ လောက်ကိုသွားရောက်ပြီး ပညာပေးရေးလုပ်ငန်းတွေ လုပ်နေပါတယ်။ ပညာပေးရေးလုပ်ငန်းတွေကိုလည်း အဆင့်သုံးဆင့်နဲ့လုပ်နေပါတယ်။ ပြည်သူလူထုဆီသွားပြီး ပညာပေးခြင်း၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိနေတဲ့ အစိုးရဝန်ထမ်းတွေကိုလည်း ပညာပေးခြင်းနဲ့ ပြည်သူတွေအတွက် အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး အတူတကွ ပညာပေးရေးလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။

အလားတူ တစ်ဖက်ကလည်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်စာတမ်းတွေနဲ့ပတ်သက်လို့ အလုပ်ရုံဆွေးနွေးပွဲတွေ ပြုလုပ်ပြီး သက်ဆိုင်ရာအစိုးရဝန်ထမ်းတွေ၊ အခြားအဖွဲ့အစည်းတွေက ပုဂ္ဂိုလ်တွေကို ဖိတ်ခေါ်ပြီး ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ်နေပါတယ်။

**မေး။ ။ ကော်မရှင်အနေနဲ့ ဘယ်လိုအမှုတွေကို စီရင်ပိုင်ခွင့်ရှိပါသလဲ။**

ဖြေ။ ။ လူ့အခွင့်အရေးချိုးဖောက်ခံရတယ်ဆိုပြီး တိုင်ကြားလာခဲ့ရင် စိစစ်ပြီး ဆောင်ရွက်ပေးပါတယ်။

**မေး။ ။ လူ့အခွင့်အရေးချိုးဖောက်ခြင်းခံရတယ်ဆိုတာ ဘယ်လိုသတ်မှတ်ပါသလဲ။ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ကို တိုင်ကြားလာတဲ့ အမှုပေါင်း ဘယ်လောက်ရှိပါသလဲ။**

ဖြေ။ ။ ပြည်သူတွေရဲ့ အခွင့်အရေးထိပါးနေတယ်ဆိုရင် လူ့အခွင့်အရေးချိုးဖောက်တယ်လို့ ပြောနိုင်ပါတယ်။ ဒါမှမဟုတ် အမျိုးသမီး တစ်ယောက်က သူ့ကို အနိုင်ကျင့်ခံရတယ်၊ ခွဲခြားနှိမ့်ချခြင်းခံရတယ်ဆိုရင် တိုင်ကြားလို့ရပါတယ်။

ကော်မရှင်ကို အများဆုံးတိုင်ကြားတာက မြေအမှုတွေနဲ့ ပတ်သက်တာတွေပါ၊ သိမ်းဆည်းသွားတာ၊ မတရားယူသွားတာတွေအပေါ်မှာ ဖြေရှင်းပေးဖို့အတွက် ဖြစ်ပါတယ်။။ ရဲအမှုတွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူးတွေနဲ့ ပတ်သက်တဲ့ တိုင်ကြားမှုတွေလည်း ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်မှာ ကော်မရှင်ကို လာတိုင်တဲ့အမှုပေါင်း ၁၈၀၀ ကျော်လောက် ရှိပါတယ်။

ဖြေရှင်းတဲ့အခါမှာလည်း အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှာ ဥပဒေကျွမ်းကျင်တဲ့ကော်မရှင်အဖွဲ့ဝင်တွေလည်း ပါတယ်။ ထောင့်စုံ၊ ဘက်စုံက စဉ်းစားပြီး သက်ဆိုင်ရာဝန်ကြီးဌာနကို ပေးပို့ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး လူတွေသိရှိမှုနည်းနေသေးတဲ့အပေါ်မှာ ဘယ်လိုသုံးသပ်ချင်ပါသလဲ။**

ဖြေ။ ။ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးနဲ့ ပတ်သက်ပြီးတော့ လူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့တာ ဥပဒေအရဆိုရင် ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၄ ရက်ကပါ။ တစ်နှစ်လောက်ပဲ ရှိသေးတယ်။ အဲဒီကာလအတွင်းထဲမှာ မြို့နယ်ပေါင်း ၈၀ လောက်ကို သွားရောက်ပြီးတော့ လူ့အခွင့်အရေးပညာပေးရေးလုပ်ငန်းတွေကို ကျွန်တော်တို့ မနားမနေ ဆောင်ရွက်နေပါတယ်။

*စာမျက်နှာ ၁၃ ကော်လံ ၁ သို့*

# “ကျွန်တော့်အတွက် အကြီးမားဆုံးစိန်ခေါ်မှုက မဲစာရင်းပါပဲ။ မဲစာရင်းမှန်ကန်ဖို့ အရေးကြီးဆုံးပါပဲ”

## ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုနှင့် တွေ့ဆုံခြင်း

တွေ့ဆုံမေးမြန်း-မြတ်သန္တာမောင်၊ ဓာတ်ပုံ-အငယ်လေး



ဦးကိုကို (ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ)

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးခွင့်ကာလကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စက်တင်ဘာ ၈ ရက် နံနက် ၆ နာရီမှ နိုဝင်ဘာ ၆ ရက် ည ၁၂ နာရီအထိ ရက်ပေါင်း ၆၀ ခွင့်ပြုထားသည်။ တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်းကြေညာခြင်းကိုလည်း စက်တင်ဘာ ၁၄ ရက်တွင် စတင်ကြေညာတော့မည်ဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲ ကျင်းပရန် ရက်ပေါင်း ၆၀ အတွင်း ပြင်ဆင်ရန် လိုအပ်သည့်အရာများ၊ ရွေးကောက်ပွဲ ကျင်းပရန်အတွက် ကြုံတွေ့ရသည့် စိန်ခေါ်မှုများ၊ လက်ရှိဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခဲ့သည်။

**မေး။ ။ နိုင်ငံရေးပါတီအသီးသီးက ကိုယ်စားလှယ်လောင်းတွေ မဲဆွယ်ပွဲတွေ ပြုလုပ်ခွင့်ရရှိထားတဲ့ ရက်ပေါင်း ၆၀ အတွင်းမှာ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ဘယ်လိုလုပ်ငန်းတွေကို ဆောင်ရွက်နေမလဲ။**

ဖြေ။ ။ နိုင်ငံရေးပါတီတွေ မဲဆွယ်စည်းရုံးကြတဲ့အခါမှာ သူတို့ရဲ့ Campaign အစီအစဉ်ကို ကိုယ်စားလှယ်တစ်ဦးချင်းအလိုက် ဘယ်နေရာတွေမှာ ဘယ်နေ့ရက်၊ ဘယ်အချိန်မှာ စည်းရုံးဟောပြောမယ်ဆိုတာကို ကျွန်တော်တို့ကော်မရှင်ကို တင်ပြလာခဲ့လို့ရှိရင် သူ့အတွက် ဟောပြောတဲ့နေရာ အဆင်ပြေပြေဖြစ်ဖို့၊ ကိုယ်စားလှယ်လောင်း တစ်ဦးနဲ့တစ်ဦး ဟောပြောမယ့်နေရာနဲ့ အချိန်တိုက်နေရင် အချိန်လွဲပေးနိုင်ဖို့၊ သက်ဆိုင် ရာ အာဏာပိုင်တွေကို လူဦးရေဘယ်လောက်နဲ့ ဟောပြောမယ်ဆိုပြီး အကြောင်းကြားပေးရပါမယ်။ ဒါမှ ဟောပြောမယ့် ကိုယ်စားလှယ်လောင်းရဲ့ လုံခြုံရေး အဆင်ပြေပြေဖြစ်အောင်ကအစ ညှိနှိုင်းပေးရပါမယ်။

နောက် မဲစာရင်းကိစ္စကို ဆက်ပြီးဆောင်ရွက်နေမယ်။ မဲဆန္ဒရှင်စာရင်းကို စက်တင်ဘာလ ၁၄ ရက်ကနေ ၂၇ ရက်အထိ ကြေညာရမယ်။ မဲစာရင်းကြေညာမယ်။ နာမည်မပါရင် ပုံစံ(၃)နဲ့ လျှောက်ပါ။ အချက်အလက်မှားရင် ပုံစံ(၄-ဂ)နဲ့ လျှောက်ပါ။ ကန့်ကွက်ချင်ရင် ပုံစံ(၄)နဲ့ ကန့်ကွက်တဲ့ကိစ္စတွေကို ဆောင်ရွက်ပေးနေမယ်။ ဒါတွေလုပ်ပြီးမှ တည်ငြိမ်တဲ့ အချောသပ်မဲစာရင်းကို ရရှိမယ်။

စက်တင်ဘာ ၁၄ ရက်နေ့မှာ ကြေညာမယ့် မဲစာရင်းမှာ ပုံစံ(၃-က)နဲ့ လျှောက်ထားတဲ့သူတွေရဲ့ မဲစာရင်းမပါသေးဘူး။ ဘာလို့လည်းဆိုတော့ နောက်ဆုံးလျှောက်ထားရမယ့်ရက်ကို အောက်တိုဘာ ၁၀ ရက်နေ့ သတ်မှတ်ထားတာကိုး။ အောက်တိုဘာ ၁၀ ရက်နေ့နောက်ပိုင်းမှ ပုံစံ(၃-က)နဲ့ လျှောက်ထားတဲ့သူတွေကို ထပ်ပြီးကြေညာပေးရမယ်။

**မေး။ ။ ဒါဆိုရင် ရန်ကုန်တိုင်းဒေသကြီးအတွက် မဲရုံတွေကို ဘယ်လိုစီမံဆောင်ရွက်ထားပြီလဲ၊ ခန့်မှန်းခြေ မဲရုံဘယ်လောက်တည်ဆောက်ဖို့ ရှိမလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ မဲစာရင်းမထွက်သေးတဲ့အတွက် မဲရုံတွေကို အတိအကျသတ်မှတ်လို့ မရသေးဘူး။ အကြမ်းဖျင်းတော့ သတ်မှတ်ထားပါတယ်။ မဲဆွယ်စည်းရုံးရေးကာလအတွင်းမှာ မဲရုံတွေ နေရာသတ်မှတ်ရမယ်။ မဲရုံတစ်ရုံမှာ မဲဆန္ဒရှင် ဘယ်နှယောက်လောက် မဲပေးရမယ်ဆိုတာရှိတယ်။ မဲဆန္ဒရှင်အရေအတွက်သိမှ မဲပေးနိုင်တဲ့ အရေအတွက်နဲ့ စားလိုက်ပြီးမှ မဲရုံအရေတွက် အတိအကျကိုသိနိုင်မယ်။ ၂၀၁၀ မှာ ရှိခဲ့တဲ့ အရေတွက်ကို မူတည်ပြီး ပိုပိုသာသာလေး ခန့်မှန်းထားတာက ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ မဲရုံ ၅၇၀၀ ပါ။ ဒီထက်တော့ မပိုနိုင်ဘူး။ လျော့ရင်သာ နည်းနည်းလျော့မယ်။ မဲရုံအရေအတွက်ကို ခန့်မှန်းထားမှ ကျန်တဲ့လုပ်ငန်းတွေကို ဆက်လုပ်နိုင်မှာကိုး။ မဲရုံပေါ် မူတည်ပြီး မဲရုံသုံးပစ္စည်းတွေကနေ မဲရုံဝန်ထမ်းတွေဝတ်ဖို့ ဝေ့စ်ကုတ်အင်္ကျီတွေကအစ ကြိုတင်အပ်ထားရမှာဆိုတော့။

**မေး။ ။ ရန်ကုန်တိုင်းဒေသကြီးရဲ့ ခန့်မှန်းခြေ မဲရုံ ၅၇၀၀ အတွက် မဲရုံမှူး၊ ဒုမဲရုံမှူး၊ မဲရုံဝန်ထမ်းနဲ့ လုံခြုံရေးအင်အား ဘယ်လောက်ထိ လိုအပ်မလဲ။**

ဖြေ။ ။ မဲရုံမှူး၊ ဒုမဲရုံမှူး၊ မဲစာရင်းစစ်ဆေးသူ၊ မဲလက်မှတ်ထုတ်ပေးသူ၊ မဲပေးပြီးသူကို မင်တို့ပေးမဲ့သူ၊ မဲရုံလုံခြုံရေးရှိမယ်။ မဲစာရင်းစစ်ဆေးသူ၊ မဲလက်မှတ်ထုတ်ပေးသူက မဲရုံတစ်ရုံမှာ လွှတ်တော်သုံးရပ်အတွက် သုံးတွဲ၊ ရခိုင်နဲ့ ကရင်တိုင်းရင်းသား မဲပုံးတွေအတွက် တစ်တွဲစီဆိုတော့ စုစုပေါင်း ငါးတွဲရှိပါတယ်။ မဲရုံတစ်ရုံမှာ မဲရုံအဖွဲ့ဝင် စုစုပေါင်း ၁၅ ယောက်ရှိပါမယ်။ ဒါကို မဲရုံပေါင်း ၅၇၀၀ နဲ့ မြှောက်ကြည့်ပေ့ါ။

**မေး။ ။ အခု မဲရုံလုံခြုံရေးအတွက် စေတနာ့ဝန်ထမ်းလိုမျိုး၊ အထူးရဲတွေလိုမျိုးတွေ ခေါ်မယ်ဆိုတာမျိုးလည်း ကြားနေတယ်။ မဲရုံလုံခြုံရေးကိစ္စကို ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ဘယ်လိုဆောင်ရွက်နေလဲ။**

ဖြေ။ ။ အထူးရဲတွေအတွက်ကတော့ ကျွန်တော်တို့ကော်မရှင်အဖွဲ့ခွဲက မစီစဉ်ပါဘူး။ ဒါကိုတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆောင်ရွက်တာပါ။ ကျွန်တော်တို့အနေနဲ့ကတော့ မဲရုံထဲကို ဝင်ခွင့်ရှိတဲ့သူ ခုနစ်မျိုးရှိတယ်။ မဲရုံအဖွဲ့ဝင်တွေ၊ ဆန္ဒမဲပေးမယ့်သူတွေ၊ နည်းဥပဒေ(၄၂)အရ ခွင့်ပြုထားသူများဖြစ်တဲ့ မသန်စွမ်းသူများမဲပေးဖို့ အကူညီပေးဖို့ ခေါ်ခွင့်ပြုထားသူတွေပါ၊ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်တွေ၊ ပါတီအလိုက် ကိုယ်စားလှယ်လောင်းနဲ့ သူရဲ့ကိုယ်စားလှယ်တွေ၊ မဲရုံအကူတွေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ခွင့်ပြုထားတဲ့ ရွေးကောက်ပွဲ လေ့လာသူတွေ၊ တာဝန်ကျရဲတပ်ဖွဲ့ဝင်များ (သို့) ရပ်ကွက်သို့ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက လုံခြုံရေးတာဝန်အပေးခံထားရသူများက မဲရုံအတွင်း ဝင်လို့ရတယ်။

ကျွန်တော်တို့ ကော်မရှင်အနေနဲ့ကတော့ လုံခြုံရေးတာဝန်ပေးတဲ့နေရာမှာ အခြားသူတွေကိုပဲ ပေးပါမယ်။ ရဲတပ်ဖွဲ့တွေကို မဲရုံအတွင်းမှာ လုံခြုံရေးတာဝန်ပေးဖို့နည်းပါတယ်။ ဒါက ဥပဒေမှာ ဖော်ပြထားခြင်းမရှိသော်လည်း လွတ်လပ်၍တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ရမယ်ဆိုတဲ့အချက်ကို ထည့်စဉ်းစားရပါတယ်။ လွတ်လပ်ပြီး တရားမျှတဖို့အတွက် မဲဆန္ဒရှင်တစ်ယောက်ဟာ မဲရုံထဲဝင်လာရင် ပူပန်သောကနဲ့ အကြောက်တရားကင်းမဲ့နေရမယ်။ သူရဲ့ စိတ်ရောကိုယ်ပါ လွတ်လပ်နေရမယ်။ မဲရုံထဲမှာ ယူနီဖောင်းဝတ်တစ်ယောက်ရှိနေရင် မဲဆန္ဒရှင်တွေမှာ အကြောက်တရား ရှိကောင်း ရှိသွားနိုင်တယ်လို့ ကျွန်တော်တို့ တွေးတယ်။ ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ အခြားသူကိုပဲ တာဝန်ပေးဖို့ အားသန်ပါတယ်။ **ရပ်ကွက်(သို့)ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက လုံခြုံရေး တာဝန်အပေးခံထားရသူများဆိုတာကိုပဲ သုံးပါမယ်။ ရပ်ကွက်ထဲမှာရှိတဲ့ အများယုံကြည်လေးစားပြီး အားထားထိုက်တဲ့သူတွေကို လုံခြုံရေး လက်ပတ်ပတ်ပြီးပဲ သုံးပါမယ်။** မဲရုံရဲ့ပြင်ပမှာ (မဲရုံနဲ့ ကိုက် ၅၀၀ အကွာ) မှာတော့ ယူနီဖောင်းဝတ် လုံခြုံရေးတွေ ရှိပါမယ်။ ဒါကိုတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွေက တာဝန်ယူပါမယ်။

**မေး။ ။ နိုင်ငံတကာနဲ့ ပြည်တွင်းလေ့လာဖို့ လျှောက်ထားတဲ့ အဖွဲ့ဘယ်လောက်ရှိပြီလဲ။**

ဖြေ။ ။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို လျှောက်ထားတဲ့ နိုင်ငံတကာအဖွဲ့တွေက စက်တင်ဘာ ၃ ရက်အထိ သိရသလောက်ကတော့ လေးဖွဲ့ရှိပါတယ်။ ထပ်တိုးလာနိုင်ပါတယ်။ ပြည်တွင်းလေ့လာမယ့် အဖွဲ့လည်း တစ်ဖွဲ့နှစ်ဖွဲ့ရှိပါတယ်။ PACE ဆိုတဲ့ ပြည်တွင်းလေ့လာတဲ့အဖွဲ့ကတော့ တစ်နိုင်ငံလုံးကို လေ့လာဖို့ UEC ကို လျှောက်ထားတယ်။ တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲကိုတော့ လက်ရှိမှာ လျှောက်ထားတဲ့ ပြည်တွင်းလေ့လာသူအဖွဲ့တွေ မရှိသေးပါဘူး။ ဒါပေမယ့် လျှောက်ထားဖို့ စီစဉ်နေတဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ အများကြီးရှိတယ်လို့ သိထားရပါတယ်။

**မေး။ ။ ရှေ့ပြေးမဲဆန္ဒရှင်စာရင်း ကောက်ယူမှုနဲ့ အခြေခံမဲဆန္ဒရှင်စာရင်း ကောက်ယူမှုတွေကို လေ့လာစောင့်ကြည့်ပြီး ထုတ်ပြန်ခဲ့တဲ့ လူမှုအဖွဲ့အစည်းတွေရဲ့ အစီရင်ခံစာတွေမှာ အောက်ခြေမှာရှိတဲ့ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲတွေက ရွေးကောက်ပွဲနဲ့ဆိုင်တဲ့ ဥပဒေတွေ၊ နည်းဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းနဲ့ ညွှန်ကြားချက်တွေကို တိတိကျကျ နားလည်မှုနည်းပါးနေတယ်ဆိုတဲ့ တွေ့ရှိချက်တွေ ဖော်ပြထားတယ်။ ဒီလို လိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့ ဘယ်လို ပြင်ဆင်မှုတွေ ပြုလုပ်ထားပါလဲ။**

ဖြေ။ ။ ဒါနဲ့ပတ်သက်ပြီး ပြည့်ပြည့်စုံစုံပြောချင်တာက ကော်မရှင်အဖွဲ့ခွဲတွေမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်၊ ခရိုင်နဲ့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွေက သတ်သတ်မှတ်မှတ် ဖွဲ့စည်းပုံအတိအကျရှိပြီး ရုံးလည်းထိုင်ကြတယ်။ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းတွေလည်း လုပ်နေကြတော့ ကော်မရှင်ရဲ့လုပ်ငန်းနဲ့ ရင်းနှီးတယ်။ ရပ်ကွက်နဲ့ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲတွေကတော့ အများပြည်သူယုံကြည်လေးစားရတဲ့သူတွေနဲ့ ဖွဲ့စည်းထားတာပါ။ တစ်နှစ်ပတ်လုံးမှာ ကော်မရှင်လုပ်ငန်းဆိုတာ မရှိသလောက်ပဲ။ သူတို့သည် ကော်မရှင်လုပ်ငန်းနဲ့ အလှမ်းဝေးတယ်။ ရွေးကောက်ပွဲရှိတဲ့ အချိန်မှသာ ပြန်လည်စုစည်းပြီး တာဝန်ပေးရတာပါ။ ဒီအချိန်မှာမှ ကော်မရှင်လုပ်ငန်း၊ ရပ်ကွက်နဲ့ ကျေးရွာအုပ်စုဆိုင်ရာ လုပ်ငန်းလမ်းညွှန်တွေကို သင်တန်းတွေပေးပြီး သူတို့သိမယ်၊ ဒါပေမယ့် ကြားထဲမှာ တစ်နှစ်လောက် အဆက်ပြတ်သွားတဲ့အခါမှာ လုပ်ငန်းနဲ့ ကင်းကွာသွားတယ်။

အကြောင်းကြောင်းကြောင့် ရပ်/ကျေးအဖွဲ့ဝင်တွေက အခြားနေရာတစ်ခုကို ပြောင်းရွှေ့တယ်၊ ကျန်းမာရေးမကောင်းတာ၊ ကွယ်လွန်တာတွေကြောင့် နုတ်ထွက်သွားသူတွေရှိတယ်။ ဒီနေရာမှာ အသစ်အစားထိုးခန့်လိုက်တာနဲ့ သင်တန်းမပေးနိုင်သေးပါဘူး။ ရွေးကောက်ပွဲနီးမှသာ သင်တန်းတွေပေးနိုင်ပါတယ်။ ဒီတော့ ရှေ့ပြေးစာရင်းကောက်ခံခဲ့တုန်းက အသစ်ဖြစ်နေတဲ့သူတွေက ကော်မရှင်နဲ့ပတ်သက်တဲ့ လုပ်ထုံးလုပ်နည်းနဲ့ စည်းမျဉ်းဥပဒေတွေကို မသိကြပါဘူး။ အဲ့ဒီလို အားနည်းချက်တွေတော့ ကျွန်တော်တို့ကော်မရှင်မှာ ရှိနေပါတယ်။ စောင့်ကြည့်လေ့လာသူတွေက ကျွန်တော်တို့ဘက်က သဘောသဘာဝကိုသိထားရင် မှန်မှန်ကန်ကန် သုံးသပ်နိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်။

**မေး။ ။ ဒါဆိုရင် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌတစ်ယောက်အနေနဲ့ အခုလာမယ့် ရက်ပေါင်း ၆၀ အတွင်းမှာ အကြီးမားဆုံး အခက်ခဲနဲ့ စိန်ခေါ်မှုက ဘယ်အရာဖြစ်မလဲ။**

ဖြေ။ ။ အဓိကစိန်ခေါ်မှုကတော့ မဲဆန္ဒရှင်စာရင်းပဲ။ ရွေးကောက်ပွဲတစ်ခုမှာ အဓိကအကျဆုံးကလည်း မဲဆန္ဒရှင်စာရင်းပဲ ။ ကျွန်တော်တို့ မဲဆန္ဒရှင်စာရင်းကို ၂၀၁၄ ဒီဇင်ဘာလလောက်ကစပြီး ကြိုလုပ်ခဲ့ကြတယ်။ အခြေခံမဲဆန္ဒရှင်စာရင်းကို ဥပဒေအတိုင်း လုပ်ထားခဲ့တာမဟုတ်ဘူး။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ညွှန်ကြားမှုနဲ့ လုပ်နေခဲ့တာပါ။ အိမ်ထောင်စုစာရင်းနဲ့နေသူ၊ အိမ်ထောင်စုစာရင်းမှာ အကျုံးဝင်သူတွေကို မထည့်ရသေးဘူး။ တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေနဲ့ သူတို့ရဲ့ မိသားစုဝင်တွေ၊ အများကပြောနေတဲ့ ရွှေ့ပြောင်းလုပ်သားတွေ၊ ကျူးကျော်လို့ ခေါ်ဆိုထားသူတွေကို

*စာမျက်နှာ ၆ ကော်လံ ၁ သို့*

ရွှေဆောင် ၀၁-၂၅၂၁၁၃၊ ၀၁-၃၈၈၀၃၄ ၀၁-၃၇၀၇၈၇ | မင်္ဂလာစံပြ ၀၉၂၆၀၀၀၇၀၃၅ ၀၉၂၆၀၀၀၇၀၃၆ ၀၁ ၂၃၀၃၁၆၅ | မြို့မ(မန္တလေး) နံနက်(၁၀း၀၀)မှာရီ ၀၂-၃၉၁၃၆၊ ၃၉၁၃၇ | မင်္ဂလာဒိုင်းမွန်း(မန္တလေး) ၀၉၄၀၂၇၆၅၆၃ ၀၉၄၀၂၇၆၅၆၄၂ | ပွဲချိန်သတိပြု ၁၀း၀၀ နာရီ ၁၂း၃၀ နာရီ ၃း၃၀ နာရီ ၆း၃၀ နာရီ ၉း၃၀ နာရီ




နေပြည်တော် ၀၁-၂၅၁၂၇၇ ၀၁-၂၅၁၂၈၈ | မင်္ဂလာ ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | မင်္ဂလာစံပြ ၀၉၂၆၀၀၀၇၀၃၅ ၀၉၂၆၀၀၀၇၀၃၆ ၀၁ ၂၃၀၃၁၆၅ | မင်္ဂလာဒိုင်းမွန်း(မန္တလေး) ၀၉၄၀၂၇၆၅၆၃ ၀၉၄၀၂၇၆၅၆၄၂ | မင်္ဂလာထွန်းသီရိ(ပြည်) ၀၉၇၉၁၁၀၃၇၅၁ ၀၉၇၉၁၁၀၃၇၅၂ | ပွဲချိန်သတိပြု ၁၀း၀၀ နာရီ ၁၂း၃၀ နာရီ ၃း၃၀ နာရီ ၆း၃၀ နာရီ ၉း၃၀ နာရီ



# မီဒီယာများအနေဖြင့် ပြည်သူလူထုသိရှိအောင် မှန်ကန်မျှတစွာဆောင်ရွက်ပေးခြင်းဖြင့် ရွေးကောက်ပွဲအပေါ် ယုံကြည်မှု၊ စိတ်ဝင်စားမှုမြင့်မားလာမည်

**နေပြည်တော် စက်တင်ဘာ ၈**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် တရုတ်ကွန်မြူနစ်ပါတီ၏ International Department မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mrs. RAO Huihua နှင့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာ တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ကော်မရှင်ဖွဲ့စည်းပုံနှင့် တာဝန်များ၊ ရွေးကောက်ပွဲစနစ်၊ မဲပေးပုံစနစ်၊ မြန်မာနိုင်ငံ ရွေးကောက်ပွဲသမိုင်းစဉ်နှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ထားမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Mrs. RAO Huihua က ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအား လွတ်လပ်မျှတ၍ ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲဖြစ်အောင် ပြင်ဆင်ဆောင်ရွက်ထားမှု ကော်မရှင်နှင့် ရွေးကောက်ပွဲအပေါ် ယုံကြည်မှုအခြေအနေ၊ ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများအပေါ် ဖြေရှင်းရန် ဆောင်ရွက်ထားရှိမှုနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ခြင်းတို့နှင့် စပ်လျဉ်း၍ မေးမြန်းရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဥပဒေ နည်းဥပဒေများ လုပ်ငန်းလမ်းညွှန်များအား ပြန်လည်သုံးသပ် ရှင်းလင်းခိုင်မာအောင် ပြင်ဆင်၍ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများသို့ ချပြပြီး ဖြန့်ဝေဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကော်မရှင်နှင့် ကော်မရှင်အဆင့်ဆင့်အား အရည်အချင်း (Capacity) မြှင့်တင်ရေးဆောင်ရွက်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရန်ပြဋ္ဌာန်းထားကြောင်း၊ ပါတီများနှင့်လွှတ်တော် ကိုယ်စားလှယ်လောင်းများအနေဖြင့် ကျင့်ဝတ်နှင့် ပြဋ္ဌာန်းထားသည့် ဥပဒေညွှန်ကြားချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်း ပြည်ပ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် Code of Conduct နှင့်အညီ လိုက်နာဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ လွတ်လပ်မျှတမှု ရှိ/မရှိကို ရွေးကောက်ပွဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းရှိ/မရှိအပေါ် သုံးသပ်ရန်လိုကြောင်း၊ ရွေးကောက်ပွဲနှင့်ကော်မရှင်အပေါ် ယုံကြည်မှုနည်းရခြင်းမှာ ပုဂ္ဂိုလ်ရေးကိုကြည့်၍ ပြောနေကြခြင်းဖြစ်ကြောင်း၊ လုပ်ဆောင်ချက်များအပေါ်ကြည့်ရန် လိုကြောင်း၊ မီဒီယာများအနေဖြင့် လုပ်ဆောင်ချက်များကို ပြည်သူလူထုသိရှိအောင် မှန်ကန်မျှတစွာ ဆောင်ရွက်ပေးခြင်းဖြင့် လူထု၏ ရွေးကောက်ပွဲအပေါ် ယုံကြည်မှု၊ စိတ်ဝင်စားမှုမြင့်မားလာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**





**စက်တင်ဘာ ၈ ရက်က ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၏ 67th Anniversary of DPRK Day အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်အား မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Kim Sok Chol ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# လူ့အခွင့်အရေးဆိုင်ရာ အသိပညာပြန့်ပွားရေး ဆွေးနွေးဟောပြော

**နေပြည်တော် စက်တင်ဘာ ၈**

ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ဝန်ထမ်းများအား လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အဆိုပါဆွေးနွေးဟောပြောပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။ **(အောက်ပုံ)**

ဆွေးနွေးဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက လူ့အခွင့်အရေးဆိုင်ရာ အသိပညာဗဟုသုတများခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးက လူ့အခွင့်အရေးဆိုင်ရာဥပဒေများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးမှုများအပေါ် ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**



*✻ ကျောဖုံးမှ*

သတ်မှတ်ထားပါတယ်။ ဒီဈေးကြီးဟာ ကျွန်တော်တို့ တောင်ငူမြို့လူထုနဲ့သက်ဆိုင်တဲ့ ဈေးကြီးဖြစ်တဲ့အတွက်ကြောင့် လက်လုပ်လက်စားအများစုက ရှယ်ယာရှင်ဖြစ်အောင် ပြုလုပ်ရခြင်းဖြစ်ပါတယ်။ ယခုလက်ရှိ သိန်းပေါင်း ၁၇၀၀၀ ကျော် မတည်ထားတဲ့ ရှယ်ယာရှင်တွေရှိနေပါတယ်”ဟု ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တည်ဆောက်မည့် အဆင့်မြင့်ဈေးသစ်ကြီး ဒီဇိုင်းပုံစံကို ရေးဆွဲပေးသည့် ဗိသုကာပညာရှင် ကိုစောညီထူး(နေကြာဦးကုမ္ပဏီ)က ဈေးသစ်ကြီး၌ ပါဝင်မည့် အနာဂတ်မီးဘေးလုံခြုံရေးအတွက် မီးငြိမ်းသတ်သည့်စနစ်များ အဆင့်မီအစီအမံများ၊ ဈေးသစ်ကြီး အနီးတစ်ဝိုက် ယာဉ်ကြောအန္တရာယ်ကင်းရှင်းစေရန် ကားပါကင်အတွက် Basement ထားရှိပြီး ဓာတ်လှေကားစနစ်များ တပ်ဆင်ဆောင်ရွက်သွားမည့် တည်ဆောက်ပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မြို့မဈေးကြီးသည် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၆ နာရီ ၁၅ မိနစ်က မီးလောင်ကျွမ်းခဲ့သည်။ အဆိုပါ တောင်ငူမြို့မဈေးကြီး မီးလောင်ကျွမ်းမှုကြောင့် ဈေးရုံပေါင်း ၃၈ ရုံရှိသည့်အနက် ဈေးရုံ ၁၈ ရုံနီးပါးနှင့် ဈေးဆိုင်ခန်းပေါင်း ၁၃၆၄ ခန်း မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရာ ယခုဆိုလျှင် တစ်နှစ်ခွဲကျော်ပြီဖြစ်သည်။ ဈေးသစ်ကြီးတည်ဆောက်ရန် လုပ်ငန်းရှင်များ ပေါ်ပေါက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဈေးတည်ဆောက်ရေး ပျက်စီးခဲ့ရသည်။ ယခုတွင်လည်း ဈေးသူဈေးသားများ၏ မျှော်လင့်ချက်ရောင်နီ သန်းလာပြီဖြစ်ပေသည်။

*◆ ကျောဖုံးမှ*

ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ညောင်ဦးခရိုင်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**စိုးရိမ်ရေမှတ်များအထက် ဆက်လက်တည်ရှိနိုင်မှုအခြေအနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် လေးပေခန့်၊ ဖောင်းပြင်မြို့၌ ခြောက်ပေခန့်၊ မော်လိုက်မြို့၌ ကိုးပေခန့်၊ ကလေးဝမြို့၌ ခုနစ်ပေခန့်၊ မင်းကင်းမြို့တွင် ခြောက်ပေခွဲခန့်နှင့် မုံရွာမြို့၌ နှစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပါသည်။ နောက်နှစ်ရက်အတွင်း ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့၌ တစ်ပေခွဲခန့်စီ၊ မင်းကင်းမြို့၌ တစ်ပေခန့်နှင့် မုံရွာမြို့၌ ပေဝက်ခန့်ကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်နှင့် မုံရွာခရိုင်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရှောင်ရှားကြပါရန် အကြံပြုအပ်ပါသည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

*စာမျက်နှာ ၅ မှ*

မထည့်သွင်းခဲ့သေးဘူး။ လုပ်ငန်းသဘာဝကို မသိဘဲ မဲစာရင်းကိုကြည့်ရင် မပါသေးဘူး။

အခြေခံမဲစာရင်းအဆင့်(၃)ဆင့် ကြေညာခဲ့ပြီးတဲ့နောက်မှာ အခုအချိန်မှာ တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေနဲ့ သူတို့ရဲ့ မိသားစုဝင်တွေကို အခုကြေညာမယ့် မဲစာရင်းမှာ ထည့်နေပြီ။ နောက် တိုင်းရင်းသားကိုယ်စားလှယ်(ကရင်၊ ရခိုင်)အတွက်လည်း မဲဆန္ဒရှင်စာရင်းကို ပြုစုနေပြီ။ နောက် ကျူးကျော်တွေအတွက်လည်း ဥပဒေဘောင်နဲ့ ညီညွတ်နိုင်မယ့်အချက်တွေနဲ့ မဲစာရင်းထဲကို ထည့်သွင်းပေးနေပြီ။ ဒီအချက်တွေကို ကြည့်ရင် တစ်ဆင့်ပြီးတစ်ဆင့် မဲစာရင်းကို ပြုစုရတယ်။ ကော်မရှင်တစ်ခုတည်း ဆောင်ရွက်လို့မရဘူး။ မဲစာရင်းကြေညာရင် သွားကြည့်ရပါမယ်။ မဲဆန္ဒရှင်တွေအနေနဲ့ မဲစာရင်းသွားကြည့်တာ၊ ပြင်ဆင်၊ ဖြည့်စွက်၊ ကန့်ကွက်တာ စတဲ့အလုပ်လေးမျိုးကို လုပ်ရမယ်။ နိုင်ငံရေးပါတီတွေကလည်း သူတို့စည်းရုံးထားတဲ့သူတွေကို ဒီလုပ်ငန်းလေးမျိုးဆောင်ရွက်ကြဖို့ တိုက်တွန်းရပါမယ်။

အထက်က မေးခဲ့တဲ့မေးခွန်းကို ပြန်ဖြေရရင် ကျွန်တော့်အတွက် အကြီးမားဆုံးစိန်ခေါ်မှုက မဲစာရင်းပါပဲ။ မဲစာရင်းမှန်ကန်ဖို့ အရေးကြီးဆုံးပါပဲ။ လွတ်လပ်ပြီးမှန်ကန်တဲ့မဲစာရင်းရဖို့လိုတယ်။ ပြည်သူနဲ့ နိုင်ငံရေးပါတီတွေ ပူးပေါင်းကူညီဖို့လိုပါတယ်။ ဒါဆိုရင် ဒီစိန်ခေါ်မှုတွေက လျော့ကျသွားမှာပါ။

**မေး။ ။ မဲဆန္ဒနယ် ပြင်ပမှာ ရက်ပေါင်း ၁၈၀ အထက်နေထိုင်သူတွေအနေနဲ့ မိမိနာမည်ပါတဲ့ မဲဆန္ဒနယ်ကနေ လက်ရှိ ရက်ပေါင်း ၁၈၀ ကျော် နေထိုင်နေတဲ့ မဲဆန္ဒနယ်မှာ မဲပေးနိုင်ဖို့ ပုံစံ(၃-က)နဲ့ အောက်တိုဘာ ၁၀ ရက်အထိ လျှောက်ထားခွင့်ပြုထားပါသလား။ အခုလက်ရှိ လျှောက်ထားသူတွေရှိနေလား။ ဘယ်လိုဆောင်ရွက်ပေးနေလဲ။**

ဖြေ။ ။ သူတို့က စက်တင်ဘာ ၁၄ မှာ ကြေညာတဲ့စာရင်းထဲမှာသာ သူတို့မပါသေးတာ။ သူတို့ကို စာရင်းပိတ်မှာက အောက်တိုဘာ ၁၀ ရက်နေ့မှာမှ စာရင်းပိတ်မှာ။ ဒါပြီးမှ စိစစ်မှာပါ။ ပြီးမှ ကြေညာထားပြီးသားမဲစာရင်းမှာ သူတို့ကို ထပ်ပြီးဖြည့်စွက်ပေးမှာပါ။ နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲ မဲစာရင်းမှာတော့ သူတို့ပါဝင်မှာပါ။

**မေး။ ။ အခု စက်တင်ဘာ ၁၄ ရက်မှာ ကြေညာမယ့် တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်းကို ပြင်ဆင်ချိန် ၁၄ ရက် ပေးထားတယ်။ ရွေးကောက်ပွဲ ကျင်းပခါနီးလာရင်ကော နောက်တစ်ကြိမ် မဲစာရင်းထပ်ကြေညာပေးဦးမှာလား။**

ဖြေ။ ။ စက်တင်ဘာ ၁၄ မှာ ကြေညာမှာပါ၊ နောက်ဆုံးအပြီးသတ်ပါပဲ။ မဲဆန္ဒရှင်တွေက စက်တင်ဘာ ၁၄ ရက်ကနေ ၂၇ ရက်အထိ နောက်ဆုံးရထားတဲ့ အခွင့်အရေးကို လက်လွတ်မခံကြပါနဲ့လို့ ကျွန်တော်တို့ရဲ့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေဆိုရင် စနေ၊ တနင်္ဂနွေမှာပါ မဲစာရင်းပြင်ဆင်တာတွေကို လက်ခံတာ၊ ပြင်ဆင်တာတွေ လုပ်ပေးနေပါတယ်။ ခရိုင်ကော်မရှင်အဖွဲ့ခွဲတွေဆိုရင်လည်း ကိုယ်စားလှယ်လောင်းစာရင်း လက်ခံတာတွေ လုပ်နေရပါတယ်။ ဒီကော်မရှင်အဖွဲ့ခွဲတွေက ဦးစီးမှူး၊ ဒုဦးစီးမှူးနဲ့ ရုံးစာရေး၊ ရုံးအကူတွေဟာ ညဥ့်နက်ပါမကျန် နေ့ရောညပါ ရွေးကောက်ပွဲအောင်မြင်အောင် လုပ်ဆောင်နေရပါတယ်။ သူတို့ မှားယွင်းတာရှိရင်လည်း မသိမှုကြောင့် မှားတဲ့ အမှားပဲ ဖြစ်မှာပါ။ တမင်သက်သက်မှားအောင်လုပ်တာမဟုတ်ပါဘူးဆိုတာကိုလည်း မဲဆန္ဒရှင်ပြည်သူတွေနဲ့ နိုင်ငံရေးပါတီတွေကို သိစေချင်ပါတယ်။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာ အမှတ် (၄) ထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် နိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်သော အစီရင်ခံစာအမှတ်(၄)ကို စက်တင်ဘာ ၂ ရက်က ထုတ်ပြန်ခဲ့သည်။

အဆိုပါ အစီရင်ခံစာတွင် ဇူလိုင်နှင့်ဩဂုတ်လအတွင်း ရေကြီးမြေပြိုမှုများကြောင့် လူဦးရေ (၁ ဒသမ ၆ )သန်း ရွှေ့ပြောင်းခဲ့ရပြီး အိမ်ခြေ (၄၇၆,၀၀၀)ကျော်မှာ တစ်စိတ်တစ်ပိုင်း (သို့မဟုတ်) လုံးဝပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ ဝေးလံပြီး လမ်းပန်းဆက်သွယ်မှု ခက်ခဲသည့်ဒေသများရှိ ကျေးရွာများသည် လမ်း/တံတားများ ပျက်စီးခြင်း၊ ရွှံ့နွံများ ဖုံးလွှမ်းခြင်းတို့ကြောင့် အခက်အခဲများနှင့် ရင်ဆိုင်နေကြရကြောင်းနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိသည့်အပြင် အစိုးရ၏ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များနှင့်အညီ ကျေးရွာများစွာတွင် ရှေးဦးပြန်လည် ထူထောင်ရေးလုပ်ငန်းစဉ်များကို အလေးပေးစတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် အယ်လ်နီညို ရာသီဥတုဖြစ်စဉ်၏ သက်ရောက်မှုကြောင့် မုတ်သုံရာသီနှောင်းပိုင်းတွင် ရေကြီးရေလျှံမှုဖြစ်ပွားနိုင်သဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားရန် အရေးကြီးကြောင်း၊ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ သတင်းအချက်အလက်များအရ မုတ်သုံရာသီနှောင်းပိုင်းကာလသည် အောက်တိုဘာ ၁ ရက်မှ အောက်တိုဘာလလယ်အထိ ဖြစ်နိုင်ကြောင်း၊ ကာလရှည် မိုးလေဝသခန့်မှန်းချက်များအရ ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်းလေးခု ဖြစ်ပေါ်နိုင်ပြီး ၎င်းအနက် နှစ်ခုသည် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း ဖော်ပြထားသည်။

သဘာဝဘေးဒဏ်သင့်ဒေသများ၏ အခြေအနေသုံးသပ်ချက်တွင် ရေကြီးမြေပြိုမှုများကြောင့် သေဆုံးသူစုစုပေါင်း ၁၂၂ ဦးရှိကြောင်း၊ ရေဘေးသင့်ဒေသများတွင် စီးပွားရေးအရ ထိခိုက်ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၁၇၄ ဘီလီယံ (အမေရိကန် ဒေါ်လာ ၁၄၉ သန်း)ရှိပြီး ထိခိုက်ပျက်စီးမှုအများဆုံးမှာ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့ဖြစ်ကြောင်း၊ ရေဘေးကြောင့်ပျက်စီးခဲ့သည့် အိမ်ခြေ ၄၇၆၂၄၂ အနက် လုံးဝပျက်စီးသွားသည့် အိမ်ခြေမှာ ၁၇၇၆၄ လုံးဖြစ်ပြီး ရခိုင်ပြည်နယ်တွင် လုံးဝပျက်စီးသည့် အိမ်ခြေအများဆုံးဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် လယ်ယာမြေဧက ၁၄၄၆၅၂၀ ရေလွှမ်းမိုးခံခဲ့ရပြီး ၁၁၁၃၀၆၉ ဧက ထိခိုက်ခဲ့ရာ ၎င်းအနက် ဧက ၈၄၁၆၂၀ သည် လုံးဝပျက်စီးခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရက ဦးစားပေးဆောင်ရွက်မည့် တုံ့ပြန်ရေးလုပ်ငန်းစဉ်များမှာ အသက်ဆက်လက်ရှင်သန်စေရေးနှင့် စားဝတ်နေရေးပြေလည်စေရေးတို့ဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ ဦးစားပေးဆောင်ရွက်မည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များမှာ မူလအခြေအနေ ပြန်လည်ရောက်ရှိရေး၊ မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ပေးရေး၊ လူမှုစောင့်ရှောက်မှုများပေးရေးနှင့် ခုခံနိုင်စွမ်းအနည်းဆုံးသောသူများကို ထောက်ပံ့ကူညီပေးရေးတို့ဖြစ်ကြောင်း ဖော်ပြထားသည်။

သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ငွေကျပ် ၁၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၇ သန်း) သုံးစွဲပြီးဖြစ်ကြောင်း၊ ၎င်းအနက် အသုံးစရိတ်အများဆုံးတိုးမြှင့်သည့် ဒေသများမှာ စစ်ကိုင်း၊ မကွေးနှင့်ဧရာဝတီတိုင်း ဒေသကြီးတို့ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂတို့မှ တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကျပ် ဘီလီယံ ၈၀ (အမေရိကန်ဒေါ်လာ ၆၈သန်း) ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရမှ ကယ်ဆယ်ရေး လုပ်ငန်းများအတွက် ငွေကျပ် ၃၈ ဒသမ ၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၃သန်း)ဖြစ်ပြီး နိုင်ငံတော်သမ္မတအရေးပေါ်ရန်ပုံငွေမှ ငွေကျပ် (၂၂ ဒသမ ၈)ဘီလီယံ၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ ငွေကျပ် ၃ ဒသမ ၂ ဘီလီယံ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ အလှူရှင်များနှင့် လူမှုရေးအဖွဲ့အစည်းများမှ ငွေကျပ် ၁၂ ဒသမ ၈ ဘီလီယံအပါအဝင် ခွဲဝေသတ်မှတ်ပေးပြီးဖြစ်ကြောင်း။

ကုလသမဂ္ဂအဖွဲ့၏ (Central Emergency Response Fund-CERF) အပါအဝင် နိုင်ငံတကာမှရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၅ သန်းရရှိခဲ့ပြီး အခြားကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာပုဂ္ဂလိကကဏ္ဍနှင့် အလှူရှင်များမှ တုံ့ပြန်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ၎င်းတို့၏ ထောက်ပံ့ကူညီပေးနေမှုများနှင့် အရင်းအမြစ်ဖြန့်ခွဲထားမှုများကို အသိပေးကြေညာထားကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဂျပန်၊ ဩစတြေးလျ၊ ကနေဒါ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ သီရိလင်္ကာနှင့် နိုင်ငံတကာပုဂ္ဂလိကကဏ္ဍတို့မှ ခန့်မှန်းအလှူငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ သန်းနှင့် ကယ်ဆယ်ရေးပစ္စည်းများကို လက်ခံရရှိပြီးဖြစ်ကြောင်း ဖော်ပြထားသည်။

အမိုးအကာနှင့် ကယ်ဆယ်ရေးကဏ္ဍတွင် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် ပဲခူး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်း၊ ကချင်၊ ကရင်၊ မွန် နှင့် ရခိုင်ပြည်နယ်တို့တွင် စားနပ်ရိက္ခာ (၃၃၃၈) မက်ထရစ်တန်ကို ရေဘေးသင့်လူဦးရေ ၄၅၀၈၇၉ ဦးထံ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း၊ ထိခိုက်ပျက်စီးခဲ့သော လယ်ယာမြေများအနက် ၃၅၅၇၃၅ ဧကပြန်လည်စိုက်ပျိုးပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်း မြို့နယ် ၄၀ သည် လယ်ယာမြေ ထိခိုက်ပျက်စီးဆုံးရှုံးမှုနှင့် သီးနှံပျက်စီးမှုမှာ အများဆုံးဖြစ်ပွားခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဘေးသင့်ဒေသများအတွင်း အမိုးအကာနှင့် အစားအစာမဟုတ်သော လူသုံးကုန်ပစ္စည်းများအတွက် ငွေကျပ် ၂ ဒသမ ၆ ဘီလီယံ ထောက်ပံ့ပေးခဲ့ကြောင်း၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများကလည်း အလျင်အမြန်တုံ့ပြန်မှုလုပ်ငန်းတစ်ရပ်အနေဖြင့် Basic Shelter Kits ၅၆၁၉ စုံ၊ တာပေါ်လင် ၂၅၀၄ လိပ်၊ မိုးကာတဲ ၂၂၄၉ လုံးနှင့် အစားအစာ မဟုတ်သော လူသုံးကုန်ပစ္စည်း ၇၈၆၈ ခုတို့ကို ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း ဖော်ပြထားသည်။

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ချင်းနှင့် ရခိုင်ပြည်နယ်၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဒေသအဆင့် ကာကွယ်စောင့်ရှောက်ရေး ညှိနှိုင်းမှုဌာနများတည်ထောင်ရန်၊ အလျင်အမြန်ဆောင်ရွက်ရမည့် အထူးအဖွဲ့ Surge Teams များကို စေလွှတ်ထားပြီးဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများ၏ လိုအပ်ချက်သည် အတိုင်းအတာတစ်ခုအထိ ရှိနေဆဲဖြစ်၍ ရေဘေးသင့်ဒေသများတွင် စိတ်ပိုင်းဆိုင်ရာ လူမှုရေးထောက်ပံ့အားပေးမှုနှင့် ဖြစ်ရပ်စီမံခန့်မှုဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ အကူအညီပေးမှု အသိပညာပေးစာစောင်ဖြန့်ဝေရန် ပြုစုပြီးဖြစ်ကြောင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေထားပြီးဖြစ်ကြောင်း ဖော်ပြပါရှိသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## သဘာဝဘေးအန္တရာယ်မကျရောက်မီ ပြင်ဆင်ဆောင်ရွက်ရမည့်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၈**

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းသည် World Bank မှ အကြီးတန်းကျွမ်းကျင်သူ Ms.Henrike Brecht ဦးဆောင်သောအဖွဲ့အား စက်တင်ဘာ ၈ ရက်က နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ် မကျရောက်မီ ပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## သာပေါင်းမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်း

**သာပေါင်း စက်တင်ဘာ ၈**

သာပေါင်းမြို့နယ် ရေကြီးနစ်မြုပ်မှုကြောင့် သဘာဝဘေးအန္တရာယ် ကျရောက်လျက်ရှိသော ရေဘေးသင့်ပြည်သူများအား Hein Engineering Co.Ltd. မှ ဦးကျော်စွာအောင်နှင့် ဦးနေလင်းဦးတို့က ဆန်အိတ် ၂၉၀၊ ရေသန့်ကတ် ၃၀၀၊ စတီးပန်းကန်ပြား ၃၀၀၊ စတီးဇလုံ ၆၀၀၊ စတီးဇွန်း ၆၀၀၊ ခေါက်ဆွဲခြောက်၊ ငါးခြောက်ကြော်နှင့် မုန့်မျိုးစုံတို့ကို မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီသို့ လှူဒါန်းပေးအပ်ရာ ကော်မတီမှ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး မြို့ပေါ်ရေဘေးသင့် ရပ်ကွက်(၁)၊ (၂)၊ (၃)နှင့် ရှမ္မမြောင်ကျေးရွာ၊ ဆောင်ဘုံကျေးရွာနှင့် ဆီဆုံကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား စီမံခွဲဝေပေးပို့ခဲ့ကြောင်း သိရသည်။

**မျိုးဇော်ဦး(ပြန်/ဆက်)**



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ မေတ္တာရိပ် နာရေးကူညီမှုအသင်းကြီးက ရေဘေးသင့်ပြည်သူများအတွက် ဒုတိယအကြိမ် သွားရောက်လှူဒါန်းရန် ရပ်ကွက်၊ ကျေးရွာများမှ လှူဒါန်းထားသည့် ငွေသား ၅၅ သိန်းနှင့် သိန်းတစ်ရာကျော်တန်ဖိုးရှိ ဆန်အိတ် ၇၀၀၊ ဆီဘူး ၇၀၀၊ ဆား၊ ရေသန့်၊ စောင်၊ အဝတ်အထည်၊ သင်္ကန်း၊ ဆေးမျိုးစုံကို ဧရာဝတီတိုင်းဒေသကြီး အသုတ်မြို့နယ်ရှိ စက်သွားကျေးရွာ၊ ကျေးပင် ကျေးရွာ၊ ချောပျာကုန်း၊ ကုန်းစု၊ ပျံဂျီး၊ ကံပွဲ၊ကျားကျွန်းစသည့်ကျေးရွာများသို့ လှူဒါန်းရန် စက်တင်ဘာ ၇ ရက်က ကုန်ကားများပေါ်သို့ တင်ဆောင်နေကြစဉ်။ တင်ထွန်းတာ

## ရေကြီးနစ်မြုပ်လယ်မြေများ ပြန်လည်စိုက်ပျိုး

**ရွှေတောင် စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)ပြည်ခရိုင် ရွှေတောင်မြို့နယ်တွင် ရေကြီးနစ်မြုပ်ပျက်စီးလယ်မြေများ၌ မိုးစပါးပြန်လည်စိုက်ပျိုးမှုကို ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးလှမြင့်နှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက ရွှေတောင်မြို့နယ် ဒုရင်ဒုဘိုအုပ်စု လက်ရဲတပ်ကျေးရွာ ကွင်းအမှတ်(၄၂၄)မှ ရေကြီးနစ်မြုပ် စပါးပျက်စီး လယ်မြေဧက ၂၀ တွင် မိုးစပါး ပြန်လည်စိုက်ပျိုးမှုကို ပြည်ခရိုင်မျိုးစေ့တာဝန်ခံ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများ ကွင်းဆင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ထမ်းများအား ပိုးမွှားရောဂါကျရောက်မှုကို စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်ရန်နှင့် တစ်ဧက စပါးအထွက်နှုန်းတိုးတက်စေရန် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို တောင်သူများ သိရှိလိုက်နာဆောင်ရွက်ရန် မှာကြားသည်။

**(သတင်းစဉ်)**

## ဖလမ်း၌ ရေဘေးသင့်ပြည်သူများအတွက် ဆန်နှင့်ငွေလှူဒါန်း

**ဖလမ်း စက်တင်ဘာ ၈**

ချင်းပြည်နယ် ဖလမ်းမြို့ ဗလိုင်ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် ချင်းချယ်ရီ မူကြိုကျောင်းရှိ ကလေးများအား အာဟာရတိုက်ကျွေးခြင်းကို စက်တင်ဘာ ၇ နံနက် ၁၁ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်နှင့်အဖွဲ့ဝင်များက မူကြိုကလေး ၃၀ တို့အား ဝက်သားခေါက်ဆွဲ ကြော်ကျွေးပြီး ကလေးငယ်များ၏ကျန်းမာရေးအခြေအနေများကို မိခင်နှင့်ကလေးကျန်းမာရေးတာဝန်ခံ ဒေါ်လာလ်နီပွီးက စစ်ဆေးသည်။

ထို့နောက် ခရိုင်အတွင်း သဘာဝရေဘေးသင့်ပြည်သူများအတွက် ဆန်နှစ်အိတ်နှင့် ငွေကျပ်နှစ်သိန်းကို မနာဒါယီဆရာတော်နှင့် ဓမ္မရိပ်ငြိမ်ဆရာတော် ဦးဆောင်သော ကိုရီးယားရောက် စိတ္တသုခ ရွှေမြန်မာမိသားစုက လှူဒါန်းရာ ခရိုင်မိခင်နှင့်စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံပြီး ရေဘေးသင့်ပြည်သူများအား လွှဲအပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လမှ စက်တင်ဘာလအထိ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၈- ၉ -၂၀၁၅)

**နေပြည်တော် စက်တင်ဘာ ၈**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန်လမှ စက်တင်ဘာလအထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇွန်လမှ စက်တင်ဘာလအထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင် လည်းကောင်း သဘာဝ ဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၅၁၇၇ စုမှ လူဦးရေ ၁၆၄၂၅၄၆ ဦး ရေဘေးသင့်ခဲ့ပြီး ၁၂၉ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာတန်ဖိုးငွေကျပ် ၉၁၃၆၈၄၅၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၁၆၇၂၉၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ် ၁၃၇၅၄၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုး ငွေကျပ် ၃၄၄၆၀၀၀၉၆ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၁၁၀၀၀၀၀၀၊ ပြန်လည်ထူထောင်ရေးအတွက် ငွေကျပ် ၂၉၃၃၁၅၂၇၀၊ စုစုပေါင်းတန်ဖိုး ငွေကျပ် ၈၉၄၅၅၃၀၄၆ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

(သတင်းစဉ်)

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | မြောပါ/ပျက်စီး အိမ်ခြေ | ဘေးသင့် အိမ်ထောင်စု | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) ဆန်ရိက္ခာ | အရေးပေါ်အစားအစာ | အိမ်ဆောက်ပစ္စည်း | ကဆရပစ္စည်း | သေဆုံး | ပြန်လည်ထူထောင်ရေးအတွက် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| **ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | - | ၆၀၂၄၀၄၅၄ |
| ၂ | တနင်္သာရီ | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | - | ၆၂၉၈၈၀ |
| ၃ | ကရင် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | - | ၉၅၆၉၄၀ |
| ၄ | ဧရာဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | - | ၁၉၃၇၃၈၄ |
| ၅ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | - | ၂၈၁၀၅၂ |
| | **ပေါင်း** | **၄၀၅** | **၂၁၄၆** | **၁၄၉၁၁** | **၇** | **၃၅၄၇၃၅၀** | **၃၇၉၂၇၈၀** | **၄၀၃၀၀၀၀၀** | **၁၅၇၀၅၅၈၀** | **၇၀၀၀၀၀** | **-** | **၆၄၀၄၅၇၁၀** |
| **ဇူလိုင်လ ၁၆ ရက်နေ့မှ စက်တင်ဘာလ ၈ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၀၂၃ | ၈၇၈၀၆ | ၄၂၀၈၃၃ | ၂၄ | ၃၅၄၂၄၄၀၀ | ၁၄၈၅၀၀၀ | ၁၉၇၅၀၀၀၀ | ၆၄၅၉၀၈၀၀ | ၂၀၀၀၀၀၀ | - | ၁၂၃၃၅၀၂၀၀ |
| ၂ | ကချင်ပြည်နယ် | ၆၉ | ၁၄၈၅ | ၇၄၅၄ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၄၀၃၅၉၀၆ | ၁၀၀၀၀၀ | ၄၂၈၃၄၇၅၀ | ၆၂၄၂၀၉၅၆ |
| ၃ | ရှမ်းပြည်နယ် | ၁၂၈ | ၁၀၃၂ | ၅၃၂၉ | ၉ | ၁၆၉၉၂၀၀ | - | ၄၈၅၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | - | ၁၂၅၄၈၉၂၂ |
| ၄ | မန္တလေးတိုင်းဒေသကြီး | ၂၅၅ | ၄၆၉၃ | ၁၈၉၇၇ | ၁၂ | ၉၄၃၆၅၀၀ | - | ၉၂၅၀၀၀၀ | ၃၃၅၃၃၇၇၀ | ၁၁၀၀၀၀၀ | - | ၅၃၃၂၀၂၇၀ |
| ၅ | ချင်းပြည်နယ် | ၂၉၂၅ | ၄၂၅၇ | ၂၁၇၈၆ | ၁၂ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | - | ၅၇၀၁၉၉၆၈ |
| ၆ | ရခိုင်ပြည်နယ် | ၁၃၇၄၀ | ၁၆၃၃၆ | ၉၆၁၆၅ | ၅၆ | - | - | - | ၇၂၃၀၁၃၇၀ | ၅၆၀၀၀၀၀ | ၁၅၀၄၈၀၅၂၀ | ၂၂၈၃၈၁၈၉၀ |
| ၇ | ကရင်ပြည်နယ် | ၁ | ၁၃၉၉ | ၇၇၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | - | ၁၃၈၁၇၈၅၀ |
| ၈ | မွန်ပြည်နယ် | ၄၅ | ၁၅၁၅ | ၆၆၀၂ | - | - | ၄၁၅၈၀၀၀ | - | ၁၃၄၉၅၇၀ | - | - | ၆၅၀၇၅၇၀ |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၂၆၉ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၅ | - | - | - | ၃၀၄၁၂၃၂၀ | - | - | ၃၀၄၁၂၃၂၀ |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၄၁၄ | ၆၁၆၉၃ | ၃၀၁၆၉၄ | ၂ | ၅၇၆၀၀၀၀ | - | - | ၅၇၃၅၂၆၅၀ | - | ၁၀၀၀၀၀၀၀၀ | ၁၆၃၁၁၂၆၅၀ |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | ၂၀၁၄၁ | ၁၂၈၂၁ | ၄၉၈၀၄၃ | - | ၁၆၀၀၉၆၅၀ | - | ၈၅၀၀၀၀ | ၄၄၄၈၅၇၆၀ | - | - | ၆၉၀၄၅၄၁၀ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | - | ၁၅၅၂၃ | ၆၁၀၈၂ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | - | ၁၀၅၆၉၃၉၀ |
| | **ပေါင်း** | **၄၀၁၁၁** | **၄၁၂၅၁၅** | **၁၆၂၇၆၃၅** | **၁၂၂** | **၈၇၈၂၁၁၀၀** | **၁၂၉၃၆၄၅၀** | **၉၇၂၄၀၀၀၀** | **၃၂၈၈၉၄၅၁၆** | **၁၀၃၀၀၀၀၀** | **၂၉၃၃၁၅၂၇၀** | **၈၃၀၅၀၇၃၃၆** |
| | **ဇွန်လမှ စက်တင်ဘာလထိ စုစုပေါင်း** | **၄၀၅၁၆** | **၄၁၄၆၆၁** | **၁၆၄၂၅၄၆** | **၁၂၉** | **၉၁၃၆၈၄၅၀** | **၁၆၇၂၉၂၃၀** | **၁၃၇၅၄၀၀၀၀** | **၃၄၄၆၀၀၀၉၆** | **၁၁၀၀၀၀၀၀** | **၂၉၃၃၁၅၂၇၀** | **၈၉၄၅၅၃၀၄၆** |

မှတ်ချက်။ (၇-၉-၂၀၁၅)နေ့စာရင်းနှင့် ကွာခြားချက်မှာ ဘေးသင့်အိမ်ထောင်စုတွင် စစ်ကိုင်းတိုင်းဒေသကြီး၌ ၇၂၆ စု၊ ဧရာဝတီတိုင်းဒေသကြီး၌ ၄၀၅ စု တိုးလာပါသည်။ ဘေးသင့်လူဦးရေတွင် စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၈၅၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၁၉၂၇ ဦး တိုးလာပါသည်။ ထောက်ပံ့မှုစုစုပေါင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၌ ၄၀၆၅၀၀၀၀ ၊ ဧရာဝတီတိုင်းဒေသကြီး၌ ၁၁၇၈၃၇၉၀၀ တိုးလာပါသည်။

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၈

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး (၃၃) ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင်ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၃. ၇၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၄. ၈၀' |
| ၃။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၀. ၀၆' |
| ၄။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၀. ၉၅' |
| ၅။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၁. ၃၀' |
| ၆။ | ရာဇဗြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၂. ၅၀' |
| ၇။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၀. ၂၀' |
| ၈။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၀. ၁၀' |
| ၉။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၁. ၅၀' |
| ၁၀။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၇၀' |
| ၁၁။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၈၀' |
| ၁၂။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၃၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင်ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁၃။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၈၀' |
| ၁၄။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၀၀' |
| ၁၅။ | ရေသိုးရေလှောင်တမံ | ၁၅၅၀၀ | ၀. ၂၀' |
| ၁၆။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၂၀' |
| ၁၇။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၁၀' |
| ၁၈။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၄၀ |
| ၁၉။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၉၇' |
| ၂၀။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၇၀' |
| ၂၁။ | စဉ့်ကူးချောင်းဂေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၁၀' |
| ၂၂။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၆၀' |
| ၂၃။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၁. ၃၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင်ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၂၄။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၁. ၁၀' |
| ၂၅။ | ရွှေနတ်တောင်ရေလှောင်တမံ | ၅၂၅၀ | ၀. ၅၀' |
| ၂၆။ | အဇင်းဆည် | ၁၅၄၂၇ | ၀. ၃၀' |
| ၂၇။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၆၀' |
| ၂၈။ | ရဟိုင်းကွင်းရေလှောင်တမံ | ၆၂၅ | ၀. ၁၀' |
| ၂၉။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၇၀' |
| ၃၀။ | ဘန့်ဘွေးကုန်း ရေလှောင်တမံ | ၁၇၃၅ | ၀. ၈၀' |
| ၃၁။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၇၈' |
| ၃၂။ | မုံးရင်ရေလှောင်တမံ | ၂၅၉၀၀ | ၀. ၃၀' |
| ၃၃။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၅၀' |

(သတင်းစဉ်)

# ကလေးမြို့နယ်အတွင်းရှိ ရေပေးမြောင်းများ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

**ကလေး စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော ရေပေးမြောင်းနှင့် ရေနုတ်မြောင်းများကို ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားများဖြင့် တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၆ ရက်က လုပ်ငန်းဆောင်ရွက်မှု ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ရာ ကျေးလက်ဒေသများ၏ လယ်ယာမြေများအတွက် ရေစီးရေလာကောင်းမွန်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးသည့် ရေပေးမြောင်းနှင့် ရေနုတ်မြောင်းများမှာ မြောင်းငါးမြွာရေပေးမြောင်းသဲနုန်းတူးဖော်ခြင်းလုပ်ငန်းများတွင် ထိုမာကျေးရွာရေပေးမြောင်း ၃၀၀၀ ကျင်း၊ ထောက်ကြန့်ကျေးရွာရေပေးမြောင်း ကျင်း ၃၂၀၀၊ သာစည်ကျေးရွာ ရေပေးမြောင်း ကျင်း ၂၉၀၀၊ ကျောင်းတိုက်ကျေးရွာ ရေပေးမြောင်း ကျင်း ၁၈၀၀ နှင့် မြို့လှရပ်ကွက် ရေပေးမြောင်း ကျင်း ၃၄၀၀ များအား ဖော်ထုတ်ပြီးစီးပြီ ဖြစ်သည်။

ယင်းအပြင် ခုံသာကျေးရွာ ရေပေးမြောင်းကျင်း ၆၃၀၊ သစ်စိမ့်ပင်ရေပေးမြောင်း ကျင်း ၂၂၅၀၊ ခိုင်ကမ်းရေပေးမြောင်းသဲနုန်းတူးဖော်ခြင်း ကျင်း ၂၆၀၊ ဆည်ကြီးရေပေးမြောင်း သဲနုန်းတူးဖော်ခြင်း ကျင်း ၄၈၀၊ ထူးကြီးရေပေးမြောင်းသဲနုန်းတူးဖော်ခြင်း ကျင်း ၆၂၀၊ ကသဲမြောင်း သဲနုန်းတူးဖော်ခြင်း ကျင်း ၂၅၀နှင့် ချင်းဆိုင်ရေပေးမြောင်း ကျင်း ၁၂၈ တို့ တူးဖော်ခြင်းလုပ်ငန်းများကိုလည်း ပြီးစီးပြီဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

ဂျူနိုင်း

# တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ စက်တင်ဘာ ၉ ရက်တွင် နေပြည်တော်နှင့် အနီးတစ်ဝိုက်၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးရွာနိုင်သည်။

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မြန်မာ့အလင်း)

**ရေလွှမ်းမိုးမှုမတိုင်မီ မိုးလေဝသ သတင်းကို အမြဲမပြတ်နားထောင်ပါ**

# ဧရာဝတီမြစ်ရေ ညောင်ဦးမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့တွင် ဧရာဝတီမြစ်ရေမြင့်တက်လျက်ရှိရာ ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းတာချက်များအရ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့်ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အထက် တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်းနှင့် ပခုက္ကူမြို့တွင် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်ဖြင့် ဖော်ပြအပ်ပါသည်။ **(သတင်းစဉ်)**

ဧရာဝတီမြစ်ရေ အခြေအနေ (ညောင်ဦးမြို့)




# ငဝန်မြစ်ရေ ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေမြင့်တက်လျက်ရှိရာ ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ အဆိုပါမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိပြီး နောက် သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်ဖြင့်ဖော်ပြထားရှိသည်။ **(သတင်းစဉ်)**

ငဝန်မြစ်ရေ အခြေအနေ (ငါးသိုင်းချောင်းမြို့)




# ချင်းတွင်းမြစ်ရေ မြစ်ကြောင်းတစ်လျှောက်မြို့များ စိုးရိမ်ရေမှတ်အထက်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်ခဲ့ရာ မြစ်ကြောင်းတစ်လျှောက်ရှိ ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်းနှင့် မုံရွာမြို့များတွင် ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ အဆိုပါမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိပြီး ခန္တီးမြို့တွင် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက် ကျဆင်းနိုင်ကြောင်းနှင့် နောက်နှစ်ရက်အတွင်း ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် တစ်ပေခွဲခန့်စီ၊ မင်းကင်းမြို့တွင် တစ်ပေခန့်နှင့် မုံရွာမြို့တွင် ပေဝက်ခန့်ကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

ချင်းတွင်းမြစ်ရေ အခြေအနေ (ခန္တီးမြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (ဟုမ္မလင်းမြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (ဖောင်းပြင်မြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (မော်လိုက်မြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (ကလေးဝမြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (မင်းကင်းမြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (မုံရွာမြို့)




## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
## ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်းနှင့် ပြန်စိုက်ဧက

၂၀၁၅ ခုနှစ် စက်တင်ဘာ ၈ ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | |
|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၃၄၈၆ | ၃၀၉၁၈ | ၁၂၇၉၁ | ၇၄၄၅ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၈၀၀ | ၅၈၀၀ | ၃၂၅၂ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၂၁၄၀၉ | ၁၈၂၂၅၁ | ၁၂၁၄၀၉ | ၆၁၄၅၈ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၁၅၂၈၄၇ | ၉၀၉၆၀ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၁၅၃၃၉ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၁၇၂၄၆ | ၂၁၅၇၉၂ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၁၀၇၈၄၅ | ၅၆၄၈၆ | ၁၂၁၀၉ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၄၉၁ | ၁၃၄၉၁ | ၂၆၅၄ | ၄၄၆ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၈၅၃၉ | ၂၉၁၅၄၇ | ၂၀၉၉၇၁ | ၂၁၂၅၂ |
| | **စုစုပေါင်း** | **၁၄၈၂၄၈၄** | **၁၄၁၃၇၆၆** | **၈၄၂၇၁၆** | **၄၂၅၂၅၆** |

# အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် စက်တင်ဘာ ၈**

စက်တင်ဘာ ၈ ရက် ည ၇ နာရီ ၅၉ မိနစ် ၄၁ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၂၆၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ကျိုင်းတုံမြို့၏အရှေ့တောင်ဘက် မိုင် ၄၀ ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၀ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ **(မြန်မာ့အလင်း)**

# မြန်မာရေဘေးသင့်ပြည်သူများအတွက် ဂျပန်က ယန်း ကိုးဘီလီယံ ထပ်မံထောက်ပံ့မည်

**တိုကျို စက်တင်ဘာ ၈**

ဘာသာပြန်-ဂျေတီ

မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို ကိုင်တွယ်ဖြေရှင်းရေးအတွက် မြန်မာနိုင်ငံအား ဂျပန်က ယန်းငွေ ကိုးဘီလီယံ ထောက်ပံ့ရန်နှင့် လာမည့် နိုဝင်ဘာလတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာမည့် ဂျပန်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို မြန်မာနိုင်ငံသို့ စေလွှတ်ရန် ဂျပန်အစိုးရက စက်တင်ဘာ ၈ ရက်တွင် ဆုံးဖြတ်ချက်ချလိုက်သည်။

ဂျပန်အစိုးရသည် မြန်မာနိုင်ငံအတွင်း ဇူလိုင်လ လယ်ပိုင်းမှစ၍ အဆက်မပြတ်ရွာသွန်းခဲ့သည့် မိုးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော ကားလမ်းများအပါအဝင် အခြေခံအဆောက်အအုံများ ပြန်လည်ထူထောင်ရေးတွင် အဆိုပါယန်းငွေ ကိုးဘီလီယံထဲမှ လေးဘီလီယံကို ပံ့ပိုးပေးသွားမည်ဖြစ်သည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမိယိုကီရှီဒါ၏ သတင်းစာရှင်းလင်းပွဲမှ ပြောကြားချက်အရ ဂျပန်အစိုးရသည် ရေကြီးရေလျှံမှုကြောင့် မြန်မာနိုင်ငံအတွင်း ပျက်စီးဆုံးရှုံးသွားသည့် စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ရေးနှင့် အခြားအကူအညီများအတွက် မြန်မာနိုင်ငံအစိုးရ၏ မေတ္တာရပ်ခံချက်အရ ဂျပန်ယန်းငွေ ငါးဘီလီယံတန်ဖိုးနှင့် ညီမျှသည့် အကူအညီကို ထပ်မံပေးအပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် ဂျပန်အစိုးရက ယနေ့အထိ ထောက်ပံ့သည့်ငွေကြေး ပမာဏမှာ စုစုပေါင်းယန်းငွေ (၁၂၄)သန်း ရှိခဲ့ပြီဖြစ်သည်။ **(ကျိုဒိုနယူးစ်)**

# မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၈

မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ဇူလိုင်မိုးက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



**လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ရှင့်-**

ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံခညောင်းပြီး ကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းနှင့်အတူ လိုအင်ဆန္ဒတစ်လုံးတစ်ဝတည်း ပြည့်ဝကြပါစေလို့ ဆုမွန်တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင့်။

ကျွန်မကတော့ ၂၀၁၅ ခု နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပပြုလုပ်မယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီကိုယ်စားပြု ဒေါ်လာပက်(ခေါ်) ဒေါ်ဇူလိုင်မိုးဖြစ်ပါတယ်။ အခုလို ရေဒီယို၊ ရုပ်မြင်သံကြားမှတစ်ဆင့် မိမိတို့ မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီရဲ့ မူဝါဒသဘောထားလုပ်ငန်းစဉ်များကို တင်ပြဟောပြောခွင့်ရရှိတဲ့အတွက် နိုင်ငံတော်နဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနဲ့ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါတယ်။

**လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ရှင့်-**

မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီဟာ မြို(ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့(ပါတီ)ကို အမည်ပြောင်းလဲထားတဲ့ပါတီဖြစ်ပါတယ်။

မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီရဲ့ ပါတီသက်တမ်းဟာ ယခုအခါ (၂၇) နှစ်ကျော်လာပြီဖြစ်သည်နဲ့အညီ ရခိုင်ပြည်နယ်ကို အခြေခံပြီး ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ပေါက်တောမြို့နယ်၊ ရသေ့တောင်မြို့နယ်တို့ကို စုစည်းပြီး ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းထားတဲ့အပြင် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်များကိုပါ စည်းရုံးပေါင်းစည်းထားတဲ့ မြိုတိုင်းရင်းသားလူမျိုးသီးသန့် တည်ထောင်ထားသော တိုင်းရင်းသားပါတီတစ်ပါတီ ဖြစ်ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဦးဆောင်ဦးရွက်ပြုပြီး ၂၀၁၅ ခု နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပပြုလုပ်မယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ကျွန်မတို့ မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီက ကျောက်တော်မြို့နယ် မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှစ်ဦး၊ မြောက်ဦးမြို့နယ် မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦး၊ ပေါက်တောမြို့နယ် မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦး၊ ပုဏ္ဏားကျွန်းမြို့နယ်မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦး၊ ဘူးသီးတောင်မြို့နယ် မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦး စုစုပေါင်းခြောက်ဦး ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

၁၉၉၀ ပြည့်နှစ်တွင် ကျင်းပပြုလုပ်တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲနဲ့ ၂၀၁၀ ပြည့်နှစ်မှာ ကျင်းပပြုလုပ်တဲ့ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာလည်း မြို(ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့ (ပါတီ)မှ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ ၁၉၉၀ ပြည့်နှစ်ကကျင်းပခဲ့တဲ့ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ဤပါတီကိုယ်စားပြု ပါတီဥက္ကဋ္ဌ ဦးစံသာအောင်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးချယ်ခံ အနိုင်ရခဲ့ပြီး၊ ၁၉၉၂ ခုနှစ် ဇွန်လတွင် ရန်ကုန်မြို့ သမ္မတအိမ်တော်ဝင်း အတွင်း ကျင်းပပြုလုပ်တဲ့ အမျိုးသားညီလာခံ ကျင်းပရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးတွင် ပါတီဥက္ကဋ္ဌ ဦးစံသာအောင်က တက်ရောက်အကြံပြုနိုင်ခဲ့ပြီး၊ ၁၉၉၃ ခုနှစ် စတင်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံသို့ ပါတီကိုယ်စားပြုအရွေးချယ်ခံကိုယ်စားလှယ်အဖြစ် ဦးစံသာအောင်နှင့်အတူ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ငါးဦးတက်ရောက်ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်ခဲ့ပါတယ်။

ယနေ့တိုင် စိန်ခေါ်မှုများစွာကို ကျော်လွှားရင်ဆိုင်ဖြေရှင်းရင်း မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီအမည်ဖြင့် ကြံ့ကြံ့ခံ ရိုးသားပြတ်သားစွာ ရပ်တည်လျက် အမျိုးသားနိုင်ငံရေးခရီးကို ဆက်လက်လှမ်းလျှောက်နေဆဲဖြစ်ပါတယ်။ မုန်တိုင်းသဘာဝရေဘေးအန္တရာယ်ကြောင့် သတ်မှတ်ထားတဲ့ အရေအတွက်အတိုင်း ပလက်ဝမြို့နယ်မှ ရွေးကောက်ပွဲဝင်ရောက်နိုင်ခြင်း မရှိခဲ့တဲ့အတွက် မြိုတိုင်းရင်းသားပြည်သူများကို အနူးအညွတ်မေတ္တာရပ်ခံပန်ကြားအပ်ပါတယ်။

တရားမျှတတဲ့ရွေးကောက်ပွဲကြီး ပြီးမြောက်အောင်မြင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှာ တာဝန်ရှိသလို၊ ကျွန်မတို့ပါတီတွေမှာလည်း တာဝန်ရှိမှာဖြစ်ပါတယ်။ တရားမျှတတဲ့ ရွေးကောက်ပွဲကြီး အောင်မြင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွေကို လေးစားလိုက်နာရမှာ ဖြစ်ပါတယ်။ နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ကို ပါတီတိုင်း ပါတီတိုင်းကဖန်တီးနိုင်ခဲ့ရင် မဲဆန္ဒရှင်ပြည်သူတွေကလည်း သူတို့ကြိုက်နှစ်သက်ပြီး အရည်အချင်းရှိတဲ့ ကိုယ်စားလှယ်လောင်းတွေကို အေးချမ်းစွာ ဆန္ဒမဲပေးရွေးချယ်နိုင်ကြမှာဖြစ်ပါတယ်။ ပါတီတိုင်းပါတီတိုင်းဟာ နိုင်ငံရေးပါတီတွေနဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းများ လိုက်နာရမယ့် ကျင့်ဝတ်တွေကို အကောင်အထည်ဖော်နိုင်အောင် ကြိုးပမ်းနိုင်ခဲ့ရင် မိမိပါတီရဲ့ ဂုဏ်သိက္ခာကို သော်လည်းကောင်း၊ တရားမျှတတဲ့ရွေးကောက်ပွဲကြီး အောင်မြင်ရေးကို သော်လည်းကောင်း၊ မိမိတို့ရဲ့ ကိုယ်စားလှယ်လောင်းတွေ အနိုင်ရရှိရေးကို သော်လည်းကောင်း လွန်စွာအထောက်အကူပြုနိုင်မယ်လို့ မြင်မိပါတယ်။

**လေးစားအပ်ပါသော တိုင်းရင်းသားလုပ်သားပြည်သူအပေါင်းတို့ရှင့်-**

ကျွန်မတို့ မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီအနေနဲ့ ပါတီရဲ့ချမှတ်ထားတဲ့မူဝါဒ ပန်းတိုင်လုပ်ငန်းစဉ်တွေကို ဖြည်းဖြည်းနဲ့မှန်မှန် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အမျိုးသားနိုင်ငံရေးဖြစ်သည့်အားလျော်စွာ ပါတီရေရှည်တည်တံ့ခိုင်မြဲရေး အခြားတိုင်းရင်းသားတွေနည်းတူ တန်းတူအခွင့်အရေးရရှိရေးကို အလေးပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မိမိတို့ မြိုတိုင်းရင်းသားများရင်ကြားစေ့ရေးနဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ၊ ပေါင်းစည်းရေးကို ဦးတည်ကြိုးပမ်းသွားမှာဖြစ်သလို ၂၀၁၄ ခု ပြည်လုံးကျွတ်ကောက်ယူခဲ့တဲ့ သန်းခေါင်စာရင်းအရ တစ်နိုင်ငံလုံး လူဦးရေစုစုပေါင်းစာရင်းကိုအခြေခံပြီး၊ မြန်မာ့နိုင်ငံရေးအခင်းအကျင်းနဲ့ စစ်မှန်တဲ့ ဒီမိုကရေစီအရွေ့မှာ မြိုတိုင်းရင်းသားရေးရာဝန်ကြီး အိပ်မက်ကိုလည်း မျှော်မှန်းထားဆဲဖြစ်ပါတယ်။

ထို့ကြောင့် ပါတီတိုင်းက ရိုးသားခြင်း နိုးကြားခြင်းနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို လက်ကိုင်ထားကြစေချင်သလို ကိုယ်စားလှယ်လောင်းတွေကလည်းပဲ အသည်းထဲက မဲတစ်ပြားရရှိရေးအတွက် ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးစွမ်းရည်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည်တို့ကို နိုင်ငံတော်၏အကျိုးကို ရှေးရှုလျက် ပါဝင်ယှဉ်ပြိုင်ကြစေလိုပါတယ်။

**လေးစားအပ်ပါသော ပြည်ထောင်စုတိုင်းရင်းသားပြည်သူအပေါင်းတို့ရှင့်-**

ကျွန်မတို့ မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီဟာ နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူများရဲ့အကျိုးကို ရှေးရှု၍ မူဝါဒစည်းကမ်းစည်းမျဉ်း ရည်မှန်းချက် လုပ်ငန်းစဉ်များကိုရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

**မူဝါဒ**

၁။ မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီသည် တို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် တရားဥပဒေစိုးမိုးရေးကို လေးစားလိုက်နာသည့် အမျိုးသားနိုင်ငံရေးကို ကျင့်သုံးမည်။

၂။ မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီသည် စစ်မှန်သော ဒီမိုကရေစီထွန်းကားရှင်သန်လာရေးကို တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်သောမူဝါဒကို ကျင့်သုံးမည်။

၃။ မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီသည် ရည်မှန်းချက်တူညီပါက နိုင်ငံအကျိုးပြည်သူအကျိုးကို မျက်ခြည်ပြတ်မခံဘဲ မည်သည့်နိုင်ငံရေးပါတီ အဖွဲ့အစည်းနှင့်မဆို ပူးပေါင်းဆောင်ရွက်သောမူဝါဒကို ကျင့်သုံးမည်ဖြစ်ပါတယ်။

**ရည်မှန်းချက်**

၁။ မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်တစိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။



၂။ မိမိတို့ကံကြမ္မာကို မိမိတို့ လွတ်လပ်စွာ ဖန်တီးနိုင်ရေးမှာ တိုင်းရင်းသားတိုင်း၏ မွေးရာပါတာဝန်ဖြစ်၍ ဦးလည်မသုန် ထမ်းရွက်ရန်။

၃။ တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် တန်းတူရေးသည် စစ်မှန်သော ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သည်ဟု ခံယူရန်။

၄။ စစ်မှန်သော ဒီမိုကရေစီထွန်းကားလာရေးနှင့် ဖက်ဒရယ်မူဘောင်တစ်ရပ် ပေါ်ပေါက်ကျင့်သုံးနိုင်ရေးကို ပူးပေါင်းဆောင်ရွက်ရန်။

၅။ ပင်လုံစိတ်ဓာတ်ကိုအခြေခံသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အခိုင်အမာတည်ဆောက်သွားရန်တို့ ဖြစ်ပါတယ်။

**လုပ်ငန်းစဉ်များ**

၁။ မိမိတို့တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးတမ်းစဉ်လာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် စာပေများကို ထိန်းသိမ်းတီထွင်နိုင်ရေး ကြိုးပမ်းသွားရန်။

၂။ ပြန့်ကျဲစွာရပ်တည်နေရသော မိမိတို့တိုင်းရင်းသားလူမျိုးတို့၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တစိုက်မတ်မတ်ဆောင်ရွက်ရန်။

၃။ အစဉ်တိုးတက်ပြောင်းလဲနေသော ခေတ်ရေစီးနှင့်အညီ ဘဝစွမ်းဆောင်ရည်မြင့်မားရေး၊ မိရိုးဖလာလုပ်ငန်းများနှင့် ခေတ်မမီတော့သည့်အပေါ်ထပ်အဆောက်အအုံများတွင် ခေတ်မီနည်းပညာရပ်ဆိုင်ရာ လုပ်ငန်းရပ်များ အစားထိုးပြုပြင်ပြောင်းလဲနိုင်ရေး ဆောင်ရွက်ရန်။

၄။ မိမိတို့တိုင်းရင်းသားလူမျိုးဘဝကို ညီအစ်ကိုတိုင်းရင်းသားများ သိရှိနားလည်စေပြီး အချင်းချင်းကူညီရိုင်းပင်းမှု၊ ချစ်ကြည်မှုရရှိစေရေး ကြိုးပမ်းရန်။

၅။ အမျိုးသမီးအခန်းကဏ္ဍ မြှင့်တင်ရန်နှင့် မျိုးဆက်သစ်လူငယ်များ မွေးထုတ်ရန်။

၆။ ဆန်းသစ်သောအတွေးအခေါ်နှင့် ခေတ်မီသော အိုင်တီပညာရပ်များကို ဖိတ်ခေါ်ပြီး လူသားအရင်းအမြစ်ပေါ်ထွက်လာရေး အလေ့အကျင့်စီမံပေးရန်။

၇။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်ရေးအတွက် အခိုက်အတန့် နိုင်ငံတော်အကူအညီကိုရယူရန် စသည်တို့ဖြစ်ပါတယ်။

**လေးစားအပ်ပါသော တိုင်းရင်းသားလုပ်သားပြည်သူအပေါင်းတို့ရှင့်-**

ပါတီတိုင်း ပါတီတိုင်းအား မိမိတို့ရဲ့မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်တွေချမှတ်ပြီး နိုင်ငံအကျိုး လူမျိုးအကျိုး ပါတီအကျိုးတွေအတွက် ကိုယ်စီကိုယ်င ဆောင်ရွက်နေကြတာဟာ သမိုင်းပေးတာဝန်တွေကို ထမ်းရွက်နေကြတာဖြစ်ပါတယ်။

အလှမ်းမဝေးတော့တဲ့ ၂၀၁၅ ခု နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပပြုလုပ်မယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးမှာ ကျွန်မတို့ မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီအပါအဝင် ပါတီပေါင်း ၉၀ ကျော် ယှဉ်ပြိုင်အရွေးခံကြမယ်လို့ သိရှိရပါတယ်။

ကျွန်မတို့ မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီဟာ မြိုတိုင်းရင်းသားမျိုးနွယ်စုများအားလုံးရဲ့ အစဉ်အလာကြီးမားခဲ့တဲ့ သမိုင်းဝင်ပါတီတစ်ခု ဖြစ်ပါတယ်။ ခေါင်းဆောင်ပီသခြင်း၊ ရိုးသားခြင်း၊ သစ္စာရှိခြင်း၊ တည်ကြည်ခြင်း၊ ပွင့်လင်းမြင်သာခြင်း၊ ရိုးရာဒဏ္ဍာရီအရ အဓိပ္ပာယ်ရှိတဲ့ ငှက်တော်အထိမ်းအမှတ်တံဆိပ်ကို အသုံးပြုထားပါတယ်။ မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီရဲ့ ဆောင်ပုဒ်ကတော့ "ညီညွတ်မှုဖြင့် ဒီမိုကရေစီလမ်းစဉ်သို့ လျှောက်လှမ်းကြပါစို့" ဖြစ်ပါတယ်။

မြိုတိုင်းရင်းသားတို့အနေဖြင့် လူမှန်၊ နေရာမှန် ထက်မြက်အနစ်နာခံသော ကိုယ်စားလှယ်လောင်းများကို ရွေးချယ်မဲပေးကြပါရန်နှင့် မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီကို မဲပေးကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ရှင့်။

တိုင်းရင်းသားလုပ်သားပြည်သူအပေါင်း ရွှင်လန်းချမ်းမြေ့ကြပါစေ။

အားလုံးကို ကျေးဇူးတင်ရှိပါတယ်ရှင့်။

## မြစ်ရေကြီးခြင်း သတိပေးချက်

**နေပြည်တော် စက်တင်ဘာ ၈**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ် အောက်တွင် ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဟင်္သာတခရိုင်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၈**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မွန်ပြည်နယ်တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ၄င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၈

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဟန်ရွှေက ၄င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**



**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

မဲဆန္ဒရှင်ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြစေကြောင်း ဆုမွန်ကောင်းဖြင့် နှုတ်ခွန်းဆက်သအပ်ပါတယ်-

ကျွန်တော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ဖွဲ့စည်းထူထောင်လာခဲ့တာဟာ ယခုဆိုရင် သက်တမ်း (၂၇)နှစ်ပြည့်မြောက်တော့မှာဖြစ်ပါတယ်။ ဆယ်စုနှစ်သုံးခုကြာ စည်းလုံးညီညွတ်ပြီး တည်ငြိမ်ခိုင်မာစွာ ရပ်တည်ထားနိုင်တဲ့ ပါတီဖြစ်ပါတယ်။

ဒီလိုတည်ငြိမ်ခိုင်မာပြီး စည်းလုံးညီညွတ်စွာနဲ့ ရပ်တည်ထားနိုင်ခြင်းဟာ ကျွန်တော်တို့ပါတီကို တစ်ဦးကောင်း၊ တစ်ယောက်ကောင်းနဲ့ ဖွဲ့စည်းထားတဲ့ ပါတီမဟုတ်ဘဲ ပါတီရဲ့မူဝါဒ၊ လမ်းစဉ်၊ ကျင့်စဉ်များကို စနစ်တကျနဲ့ ချမှတ်ကျင့်သုံး အကောင်အထည်ဖော်နေနိုင်လို့ ဖြစ်ပါတယ်။

ပါတီရဲ့မူဝါဒက လူအများကောင်းစားရေးမူဝါဒဖြစ်ပြီး ဒီမူဝါဒကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့အတွက် ပြည်သူအကျိုးပြု မြန်မာ့လမ်းစဉ်ကို ချမှတ်ထားပါတယ်။ ဒီလမ်းစဉ်ကို အကောင်အထည်ဖော်ရာမှာ အများအယွင်းနည်းနိုင်သမျှနည်းပြီး အစွန်းတရားတွေကို ရှောင်ရှားနိုင်ဖို့အတွက် မဇ္ဈိမပဋိပဒါကျင့်စဉ်ကို ကျင့်သုံးလျက်ရှိပါတယ်။ ဒီလိုပါတီရဲ့ မူဝါဒ လမ်းစဉ်၊ ကျင့်စဉ်တို့ကို ဟန်ချက်ညီညီ ကျင့်သုံးဖော်ဆောင်နေတာကြောင့် ကျွန်တော်တို့ပါတီဟာ တည်ငြိမ်ခိုင်မာပြီး စည်းလုံးညီညွတ်စွာနဲ့ ယခုလို ရပ်တည်နေနိုင်ခြင်းဖြစ်တယ်ဆိုတာ မဲဆန္ဒရှင်ပြည်သူများ အကဲခတ်နိုင်စေဖို့ အသိပေးတင်ပြအပ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

မကြာတော့မယ့်ကာလမှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပပါတော့မယ်။ မဲဆန္ဒရှင်များအနေနဲ့လည်း မိမိတို့က တာဝန်ပေးမယ့်ကိုယ်စားလှယ်တွေကို ဆန္ဒပေးပြီး ရွေးချယ်ပေးရတော့မှာဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများအနေနဲ့ မိမိတို့ကိုယ်စားလှယ်တွေကို ရွေးချယ်ဖို့ စဉ်းစားဆုံးဖြတ်ရာမှာ အထောက်အကူပြုလေ့လာနိုင်စေဖို့ ကျွန်တော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအနေနဲ့ ရွေးကောက်ပွဲကြေညာစာတမ်းကို ကြိုတင်အသိပေးဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ရွေးကောက်ပွဲကြေညာစာတမ်းဟာ ယခုရွေးကောက်ပွဲမှာ ပြည်သူလူထုက အခွင့်အာဏာအပ်နှင်းခဲ့ရင် မဲဆန္ဒရှင်ပြည်သူများအတွက်ရော နိုင်ငံတော်အတွက်ပါ အကျိုးရှိတိုးတက်အောင်ဆောင်ရွက်မယ့် ပါတီရဲ့သဘောထားလုပ်ငန်းစဉ်များပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပါတီရဲ့ ရွေးကောက်ပွဲကြေညာစာတမ်းပါ အချက်အလက်အချို့ကို အကျဉ်းချုံးပြီး တင်ပြသွားပါမယ်။

မကြာခင်ကာလက ကျွန်တော်တို့နိုင်ငံမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၂ ခုအတွင်း ရေဘေးကပ်ဆိုးကြီးနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ အဲဒီဒေသမှာရှိတဲ့ တောင်သူလယ်သမား မိသားစုများနဲ့ ကျေးလက်နေလုပ်သားပြည်သူတွေ ဒုက္ခပင်လယ်ဝေခဲ့ကြရပါတယ်။ အစိုးရနဲ့ နိုင်ငံသူနိုင်ငံသား အသင်းအဖွဲ့များအားလုံးကလည်း စေတနာဝေဖြာစွာနဲ့ ဝိုင်းဝန်းကူညီခဲ့ကြပါတယ်။ ဒါပေမယ့် တောင်သူလယ်သမားများနဲ့ ကျေးလက်နေလုပ်သား ပြည်သူတွေရဲ့ နေရေးထိုင်ရေးနဲ့ လူမှုဘဝမူလအခြေအနေ ပြန်လည်ရောက်ရှိစေဖို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ဦးစားပေးပြီး အချိန်ယူလုပ်ကြရမှာဖြစ်ပါတယ်။ နိုင်ငံရဲ့ စီးပွားရေးအသက်သွေးကြောဖြစ်တဲ့ လယ်ယာကဏ္ဍမှာ သီးနှံစိုက်ဧက တစ်သန်းကျော် ထိခိုက်ခဲ့ပြီး ဧကရှစ်သိန်းကျော် ပျက်စီးခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် တောင်သူလယ်သမားတွေရဲ့ လယ်ယာစီးပွားရေးဘဝ ပြန်လည်နာလန်ထူအောင် လုပ်ဆောင်ရမယ်ဆိုတာ အဓိကဦးစားပေးလုပ်ငန်းအဖြစ် ကျွန်တော်တို့ပါတီက သတ်မှတ်ထားပါတယ်။

ဒ့ါအပြင် ရေဘေးကြောင့် ပျက်စီးသွားတဲ့ လမ်း၊ တံတား၊ အဆောက်အအုံ၊ လျှပ်စစ်ဆက်သွယ်မှုစတဲ့ အခြေခံအဆောက်အအုံများကို မူလအခြေအနေပြန်ရောက်အောင် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒါဟာလည်း ဦးစားပေးလုပ်ငန်းအဖြစ် ကျွန်တော်တို့ သတ်မှတ်ထားပါတယ်။

ဆက်လက်ပြီး တောင်သူလယ်သမားတွေနဲ့ ရင်ဆိုင်နေရတဲ့ လယ်ယာမြေပြဿနာများနဲ့ပတ်သက်လို့ အရေးကြီးတဲ့အချက်ကို လုပ်ဆောင်မယ်ဆိုရင် "လယ်သမားလုပ်တဲ့မြေ၊ လယ်သမားပိုင်ဆိုင်ရေး" ဖြစ်အောင် လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဒီကနေ့ တွေ့ကြုံနေရတဲ့ လယ်ယာမြေပြဿနာတွေဟာ လယ်သမားကို လုပ်ကိုင်ခွင့်သာပေးထားတဲ့ မြေယာမူဝါဒအပေါ်မှာ အခြေခံနေပါတယ်။ နိုင်ငံတော်မှာ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဖို့ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် မြေယာမူဝါဒဟာ ဈေးကွက်စီးပွားရေးအခြေခံများနဲ့ ကိုက်ညီဖို့လိုပါတယ်။ ဒါကြောင့် "လယ်သမားလုပ်တဲ့မြေ လယ်သမားပိုင်ဆိုင်ရေးအတွက် ဥပဒေနည်းလမ်း၊ နိုင်ငံရေးနည်းလမ်းများနဲ့အညီ ဖော်ဆောင်သွားမှာဖြစ်ပါတယ်"။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းဆူပူသောင်းကျန်းမှုတွေကြောင့် တိုင်းရင်းသားပြည်သူအပေါင်းဟာ ဒုက္ခမျိုးစုံကို နှစ်ပေါင်း ၆၀ လောက် ခါးစည်းခံစားခဲ့ကြရပါတယ်။ ဒါကြောင့် ထာဝရငြိမ်းချမ်းရေးဟာ ကျွန်တော်တို့နိုင်ငံအတွက်ရော တိုင်းရင်းသားပြည်သူအတွက်ပါ အလိုအပ်ဆုံးဖြစ်နေပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ အပစ်အခတ်ရပ်စဲရေး၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပဖို့ ညှိနှိုင်းဆောင်ရွက်နေကြရပါတယ်။ ကျွန်တော်တို့ပါတီဟာ ဒီထာဝရငြိမ်းချမ်းရေးရရှိစေဖို့ အကောင်အထည်ဖော်ရေးလုပ်ငန်းတွေမှာ တတ်စွမ်းသမျှပါဝင်ဆောင်ရွက်လျက် ရှိနေပါတယ်။

ထာဝရငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်ပတ်သက်သူများအနေနဲ့လည်း မိမိတို့ရဲ့ အတ္တနဲ့မာန်မာနများကိုစွန့်ပယ်ပြီး ဒုက္ခဆင်းရဲမှုအဖုံဖုံနဲ့ တွေ့ကြုံခံစားနေကြရတဲ့ ပြည်သူတွေရဲ့မျက်နှာတစ်ခုတည်းကိုသာကြည့်ပြီး ဆောင်ရွက်ပေးဖို့ တိုက်တွန်းလျက်ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ထာဝရငြိမ်းချမ်းရေးရရှိဖို့ အဓိကလိုအပ်ချက်ဟာ တိုင်းရင်းသားတွေအချင်းချင်း ယုံကြည်မှုရှိရေးနဲ့ စည်းလုံးညီညွတ်ရေးပဲ ဖြစ်ပါတယ်။

ဒီလိုအပ်ချက်ရရှိရေးအတွက် တိုင်းရင်းသားများအရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့ပါတီရဲ့ သဘောထား(၄)ချက်ကို တင်ပြပါ့မယ်။

(တစ်) တိုင်းရင်းသားများအတွင်း တန်းတူရည်တူရရှိရေး၊ ဒီအချက်ကို ဖော်ဆောင်ရာမှာ တိုင်းရင်းသားတွေအတွင်း လူမျိုးကြီး၊ လူမျိုးငယ်မခွဲခြားစေရေး၊ မည်သည့်တိုင်းရင်းသားမှအခွင့်ထူးခံမရှိစေရေး၊ တိုင်းရင်းသားများအတွင်း ခေါင်းပုံမဖြတ်ရေး၊ လူညွန့်မခူးရေး၊ ဥပဒေအရာမှာ တူညီရေးအချက်များ ပါဝင်မှာဖြစ်ပါတယ်။

(နှစ်) တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိစေရေး၊ ဒီအချက်နဲ့ ပတ်သက်ပြီး တိုင်းရင်းသားတွေအနေနဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ပိုင်ခွင့်တွေ တိုးမြှင့်ပေးပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ပီပြင်အောင် ဖော်ဆောင်သွားရမှာဖြစ်ပါတယ်။

(သုံး) တိုင်းရင်းသားလူမျိုးတစ်မျိုးအနေနဲ့ ရှင်သန်ရပ်တည်ပိုင်ခွင့်ရှိရေး၊ ဒီအချက်နဲ့ စပ်လျဉ်းလို့ကတော့ လူမျိုးတစ်မျိုးအနေနဲ့ လူမျိုး၊ ဘာသာ၊ စကား၊ စာပေ၊ ဓလေ့ထုံးတမ်း၊ ယုံကြည်ကိုးကွယ်မှု၊ ရိုးရာယဉ်ကျေးမှုအစဉ်အလာများ ပျောက်ပျက်မသွားအောင် ထိန်းသိမ်းရေးနဲ့ ပိုမိုရှင်သန်လာရေးအတွက် ဆောင်ရွက်ခွင့်များရရှိအောင် လုပ်ဆောင်သွားပါမယ်။

(လေး) တိုင်းရင်းသားလူမျိုးများအတွင်း ညီညာတဲ့ဖွံ့ဖြိုးတိုးတက်ခွင့်ရှိစေရေး၊ ဒီအချက်ဟာ အရေးကြီးပါတယ်။ လူမျိုးတစ်မျိုးနဲ့တစ်မျိုး ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်များအကြား သယံဇာတ၊ ခနဉ်စွာခွဲဝေသုံးစွဲခွင့် ညီညွတ်မျှတရေးကိုပါ ညှိနှိုင်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

ဒီအချက်တွေနဲ့အညီ ရပ်တည်သွားမှာဖြစ်တဲ့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့အတူ ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်သွားနိုင်မှာဖြစ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

တစ်မျိုးသားလုံးရဲ့ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ကျွန်တော်တို့ပါတီက "လွတ်လပ်သော အမျိုးသားစီးပွားရေးမူဝါဒ"ကို ချမှတ်ဆောင်ရွက်သွားပါမယ်။ ဒီမူဝါဒအရ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုစတဲ့ စီးပွားရေးဆောင်တာ အရပ်ရပ်မှာ လွတ်လပ်စွာ ဆောင်ရွက်နိုင်ရပါမယ်။ နိုင်ငံတကာနဲ့ ဆက်သွယ်ဆောင်ရွက်ရာမှာ အချုပ်အခြာအာဏာပိုင်မှုအရ လွတ်လပ်ပွင့်လင်းစွာ ဆောင်ရွက်နိုင်မယ့် နည်းစနစ်တွေ ပါဝင်စေရပါမယ်။ ပုဂ္ဂလိကအခန်းကဏ္ဍမှာ တစ်မျိုးသားလုံး လွတ်လပ်စွာပါဝင်ဆောင်ရွက်ခွင့်ရှိစေရပါမယ်။

ဒီစီးပွားရေးမူဝါဒအရ တိုင်းပြည်ရဲ့နေ့ဖွံ့ဖြိုးတိုးတက်လာဖို့ဆိုရင် ဈေးကွက်ယန္တရားကိုကျင့်သုံးပြီး ဖြစ်ထွန်းလာတဲ့နေအင်အားကို ခွဲဝေခံစားရာမှာတော့ တိုင်းရင်းသားပြည်သူတွေအတွင်းမှာ ဖွံ့ဖြိုးမှုနဲ့မျှတမှုကို ဆက်စပ်ဦးတည်ရွေးရှုတဲ့ "လူမှုသဟဇာတမျှတစေမယ့် ဈေးကွက်စီးပွားရေးစနစ် (Social Market Economy)"ကို ကျင့်သုံးဆောင်ရွက်သွားပါမယ်။

ကျွန်တော်တို့ရဲ့ စီးပွားရေးမူဝါဒအရ ခင်မင်ရင်းနှီးရာ ကောင်းစားရေး လက်ဝါးကြီးအုပ် အရင်းရှင်စနစ်မဖြစ်ပေါ်ရန် ကာကွယ်သွားမှာဖြစ်သလို စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ဖြစ်ထွန်းလာရေးနဲ့ နိုင်ငံတကာနယ်ပယ်မှာ စီးပွားရေးအရ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့စွမ်းဆောင်ရှင် (National Champions)များ ပေါ်ထွန်းရေးကိုလည်း အားပေးကူညီသွားမှာ ဖြစ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ဆက်လက်ပြီး အလုပ်သမားများနဲ့ပတ်သက်တဲ့ သဘောထားများကို တင်ပြပါ့မယ်။ စီးပွားရေးနယ်ပယ်တွေမှာ အလုပ်သမားအဖွဲ့အစည်းများ စနစ်တကျနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းရေး၊ လုပ်ငန်းခွင်တိုင်းမှာ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်များ ချုပ်ဆိုကျင့်သုံးရေးတို့ကို ဆောင်ရွက်သွားပါမယ်။ ဒ့ါအပြင် အလုပ်သမားများအပေါ် မတရားချယ်လှယ်မှု ကင်းစင်ရေးစတဲ့ အလုပ်သမားအကျိုးစီးပွားတွေကို ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ပါတယ်။

လူငယ်များနဲ့ ပတ်သက်လို့ လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်ထွန်းလာအောင် ဆောင်ရွက်ရေးဟာ ဒီကနေ့လူငယ်တွေအတွက် လိုအပ်ချက်ဖြစ်ပါတယ်။ လူငယ်တွေ မိမိတို့အသိ အတတ်ပညာကျွမ်းကျင်မှုနဲ့အညီ လုပ်ငန်းတာဝန်တွေ ထမ်းဆောင်နိုင်ဖို့အတွက် ပညာရေးအခန်းကဏ္ဍတွေမှာ ငွေကြေးပိုမိုသုံးစွဲပြီး နိုင်ငံတကာရဲ့ အဆင့်မြင့်ပညာရပ်တွေကို ဆက်သွယ်ပူးပေါင်းဆောင်ရွက်တဲ့လုပ်ငန်းတွေ ချိတ်ဆက်ပါဝင်နိုင်အောင် ပညာရေးပြုပြင်ပြောင်းလဲရေးခံယူချက်နဲ့ လေ့လာဆောင်ရွက်သွားပါမယ်။

အမျိုးသမီးများရဲ့ အင်အားဟာ နိုင်ငံအတွက် အရေးပါတဲ့အင်အားစုကြီးဖြစ်နေပါတယ်။ နိုင်ငံနယ်ပယ်အသီးသီးမှာ အမျိုးသမီးများ တန်းတူရည်တူနဲ့ ပိုမိုအဆင့်မြင့်ပါဝင်လာနိုင်ရေး၊ အထူးသဖြင့် အမျိုးသမီးများ၏ အားနည်းချက်ကို အခွင့်အရေးယူကာ ဖြစ်ပေါ်နေတဲ့ လူကုန်ကူးမှု၊ အကြမ်းဖက်ခံရမှု အန္တရာယ်တွေကို ကာကွယ်ဖို့နဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အစွမ်းကုန်ကြိုးပမ်းမှာဖြစ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ယနေ့တိုင်းရင်းသားပြည်သူများရဲ့ဆန္ဒဟာ ဘာတွေလဲလို့ လေ့လာဆန်းစစ်ကြည့်ရင် ငြိမ်းချမ်းရေး၊ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး၊ လွတ်လပ်မှုနဲ့ အခြေခံလူ့အခွင့်အရေး၊ ဆင်းရဲနွမ်းပါးမှုလျော့ပါးရေး၊ ကုန်ဈေးနှုန်းများ တည်ငြိမ်ရေး၊ လာဘ်ပေးလာဘ်ယူ ပပျောက်ရေး၊ လယ်သမားများလုပ်တဲ့မြေ လယ်သမားပိုင်ဆိုင်ရေးနဲ့ အလုပ်သမားအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့ တိုင်းရင်းသားပြည်သူများရဲ့ ဒီဆန္ဒများကို အလေးထားဖော်ဆောင်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

၂၀၁၅ ခုနှစ် ဒီမိုကရေစီရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ရေးအတွက် မဲဆန္ဒရှင်ပြည်သူများ လေ့လာအကဲခတ်နိုင်စေဖို့ ပါတီရဲ့သဘောထားနဲ့ လုပ်ငန်းစဉ်များကို အကျဉ်းချုပ်တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ဒါကြောင့် မဲဆန္ဒရှင်ပြည်သူများက နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံးရဲ့ အကျိုးကို အမှန်အကန် သယ်ပိုးပေးနိုင်မယ့် ကျွန်တော်တို့ပါတီရဲ့ ကိုယ်စားလှယ်တွေကို ဆန္ဒပေးရွေးချယ်ပေးနိုင်ကြပါစေလို့ ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်။

မဲဆန္ဒရှင်ပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

## "တို့များရဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ"

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ... မင်းမဲ့စရိုက်နှင့်**
**အကြမ်းဖက်ဝါဒကို လုံးဝဆန့်ကျင်သည်။**
**ပြည်သူတို့အတွက် စစ်မှန်သောဒီမိုကရေစီ အမှန်မုချရစေမည်။**
**ပြည်နယ်များရဲ့ အလေးထားမည်....ဖြူစင်သော တန်းတူရည်တူ**
**စိတ်ထားတူညီ**
**တိုင်းရင်းသားဂုဏ်ရည် မြှင့်တင်ကြစို့အတည် သွေးစည်းခိုင်မာ မခွဲတမ်း**
**နေမှ အချုပ်အခြာအာဏာ တည်တံ့မယ်ယုံကြည်**
**မြန်မာရွှေပြည် အဖြာဖြာဝေစည် သာယာစေမည်**
**တို့များရဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**
**(တို့များရဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)**

# လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၈

**လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးယောသပ်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါသော ရေဒီယိုနှင့် ရုပ်မြင်သံကြားဖန်သားပြင်ပေါ် ကြည့်ရှုအားပေးကြပါသော မိဘပြည်သူမဲဆန္ဒရှင်အပေါင်းတို့ခင်ဗျား. . .**

ယခုလို မိမိတို့ရဲ့ မူဝါဒသဘောထားနဲ့လုပ်ငန်းစဉ်တွေကို စည်းရုံးဟောပြောထုတ်လွှင့်ဖို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစဉ်ပေးတဲ့အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပဏာမပြောကြားလိုပါတယ်။

ကျွန်တော့်နာမည်ကတော့ ဦးယောသပ် ဖြစ်ပါတယ်။

**“ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ”** ရဲ့ **ဥက္ကဋ္ဌ** ဖြစ်ပါတယ်။

**“ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ”** သည် လားဟူတစ်မျိုးသားလုံးကို ကိုယ်စားပြုပါတယ်။

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှာကျင်းပမယ့် အထွေထွေရွေးကောက်ပွဲကြီးမှာ **“လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ”** အနေနဲ့ လားဟူတိုင်းရင်းသားအများဆုံးနေထိုင်တဲ့ ဒေသတွင်းမြို့နယ် (၁၁) မြို့နယ်တွင် အမျိုးသားလွှတ်တော် (၁) နေရာ၊ ပြည်သူ့လွှတ်တော် (၉) နေရာ၊ ပြည်နယ်လွှတ်တော် (၁၈) နေရာနဲ့ လားဟူတိုင်းရင်းသားလူမျိုးလွှတ်တော် (၁)နေရာ အားလုံးပေါင်း (၂၉) နေရာ ဝင်ရောက်အရွေးခံသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ **“ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ”** ရဲ့ မူဝါဒသဘောထားများမှာ-

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးတွေ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်ကြီးတစ်ရပ်အဖြစ် တည်ဆောက်ရာမှာ စစ်မှန်တဲ့ဒီမိုကရေစီစနစ်ကို လိုက်နာကျင့်သုံးမှသာ အောင်မြင်မှုရရှိမယ်ဟု မိမိတို့ပါတီအနေနဲ့ ယုံကြည်ပါတယ်။

ယင်းကဲ့သို့ ဒီမိုကရေစီစနစ်နဲ့ကျင့်သုံးတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာမှာ လားဟူအမျိုးသားတွေနေထိုင်ရာဒေသအတွင်း မှီတင်းနေထိုင်လျက်ရှိတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံရဲ့ စည်းလုံးညီညွတ်မှုအင်အားကို ရယူနိုင်ရေးအတွက် စည်းရုံးလှုံ့ဆော်ဖို့ **“လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ”** ကို ဖွဲ့စည်းရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ **“လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ”** ကို လားဟူဘာသာဖြင့် **(လားဟူချောကျူအူလာမူလာတူပါတီ)** ဟူ၍လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် (Lahu National Development Party) ဟူ၍လည်းကောင်း ခေါ်ဆိုပါတယ်။

ဆက်လက်ပြီး ကျွန်တော်တို့ **“လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ”** ရဲ့ အလံတော်အကြောင်းကို တင်ပြသွားမှာဖြစ်ပါတယ်။

အလံမှာပါဝင်တဲ့ အရောင်၊ တြိဂံ၊ ဘူးခါးပလွေ၊ စပါးနှံနှင့်ကြယ်နီတစ်ပွင့်တို့ရဲ့အဓိပ္ပာယ်မှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

**အဖြူရောင်** - ကတော့ ဖြူစင်သန့်ရှင်းခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ကတိသစ္စာရှိခြင်း အသွင်ကိုဆောင်ပါတယ်။

**အနီရောင်** - ကတော့ ရဲစွမ်းသတ္တိရှိခြင်း၊ နိုးကြားတက်ကြွခြင်း၊ ရဲရင့်တည်ကြည်ခြင်းကို ဖော်ဆောင်ပြီး၊

**မိုးပြာရောင်** - ကတော့ ကြည်လင်အေးမြခြင်း၊ ငြိမ်သက်ခြင်း၊ ငြိမ်းချမ်းခြင်း၊စည်းလုံးညီညွတ်ခြင်းတို့ကို ဖော်ညွှန်းပါတယ်။

**တြိဂံ** - သည် လားဟူအမျိုးသားများ၏ ဘုရားတရားကိုသက်ဝင်ယုံကြည်ကိုင်းရှိုင်းခြင်း၊ မျိုးချစ်စိတ်ရှိခြင်းနှင့် အမိနိုင်ငံတော်ကိုချစ်မြတ်နိုးခြင်းတို့ကို ဆိုလိုပါတယ်။

**ဘူးခါးပလွေ** - ကတော့ ခေတ်အဆက်ဆက်မှ လားဟူအမျိုးသားတို့ရဲ့ ရိုးရာယဉ်ကျေးမှုစည်းလုံးညီညွတ်မှု အသွင်ဆောင်လျက် အထွတ်အမြတ်ထားခြင်း၊ ကတိသစ္စာရှိခြင်း၊ မည်သည့်နေ့ထူးနေ့မြတ် ပွဲလမ်းသဘင်တွင်မဆို ဘူးခါးပလွေတီးမှုတ်လျက် တစ်စည်းတစ်လုံးတည်းဖြင့် ဂုဏ်ပြုကခုန်ပြီး စည်းလုံးညီညွတ်မှုကို ခံယူပါတယ်။

**စပါးနှံ** - သည် လားဟူအမျိုးသားတို့ရဲ့ ဘိုးဘေးဘီဘင် ခေတ်အဆက်ဆက်မှ အသက်မွေးဝမ်းကျောင်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းကို ဦးထိပ်ထားလျက် ဖွံ့ဖြိုးတိုးတက်ရေးအသွင်ကို ဆောင်ပါတယ်။

**ကြယ်နီတစ်ပွင့်** - ကတော့ လားဟူတစ်မျိုးသားလုံးကို ကိုယ်စားပြုတဲ့ ကြယ်နီတစ်ပွင့်ဖြစ်ပါတယ်။

**“လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ” ရဲ့ရည်ရွယ်ချက်မှာ-**

(၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံတော်၏ နယ်နိမိတ်အတိုင်း နိုင်ငံတစ်ဝန်းလုံးတွင် တည်ရှိစေရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုတည်တံ့ခိုင်မြဲရေး၊ မြန်မာ့လွတ်လပ်ရေးအဓွန့်ရှည်ရေး စသည်တို့ကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားရန်။

(၂) လားဟူတိုင်းရင်းသားလူမျိုးစုရဲ့ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာ၊ အနုပညာဖွံ့ဖြိုးတိုးတက်ဆန်းသစ်ရှင်သန်လာအောင် ပြုစုပျိုးထောင်သွားရန်။

(၃) နိုင်ငံသားတိုင်း အခွင့်အရေးတန်းတူရရှိမှုနှင့် တရားဥပဒေစိုးမိုးရေး၊ နယ်မြေဒေသဖော်ဆောင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊စည်းရုံးရေးလုပ်ငန်းတို့ကို ဆောင်ရွက်ရန်။

(၄) ခေတ်အဆက်ဆက်မှ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျလျက်ရှိသော လားဟူအမျိုးသားများနေထိုင်ရာဒေသ၏လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်အောင် ဆောင်ရွက်သွားရန်။

(၅) နိုင်ငံတော်နှင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးတိုးတက်ပြီးသောနိုင်ငံများမှ အကျိုးရှိမည့်အတွေ့အကြုံများ၊ လုပ်နည်းလုပ်ဟန်များကို ရယူကျင့်သုံးအကောင်အထည်ဖော်သွားရန်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**“လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ”၏ ရှေ့လုပ်ငန်းစဉ်များ**

(၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လားဟူအမျိုးသားများနေထိုင်ရာဒေသအတွင်းရှိ နယ်သူနယ်သားများအား နိုးကြားတက်ကြွသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စည်းရုံးရေးအမြင်ရှိလာစေရန်နှင့် မိမိတို့နိုင်ငံရေးပါတီ၏ ဂုဏ်သိက္ခာအစဉ်အမြဲတိုးတက်ရှင်သန်လာစေရေးအတွက် စည်းရုံးလေ့ကျင့်ပြုစုပျိုးထောင်သွားမည်။

(၂) တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးနှင့် နယ်မြေဒေသဖော်ဆောင်ရေး၊ လူသားအားလုံးကို ဆင်းရဲဒုက္ခရောက်စေသောအကြမ်းဖက်စနစ်ကို စွန့်လွှတ်ပြီး တရားမျှတ၍ ငြိမ်းချမ်းသောဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဥပဒေဘောင်အတွင်း မှန်ကန်စွာဖြင့်အဖြေရှာနိုင်ရေးအတွက် စည်းရုံးသိမ်းသွင်းလုပ်ဆောင်သွားမည်။

(၃) မိမိပါတီအနေဖြင့် ရည်ရွယ်ချက်၊ ခံယူချက်နှင့် အတွေးအခေါ်အမြော်အမြင်တူညီသော မည်သည့်နိုင်ငံရေးပါတီ အဖွဲ့အစည်းနှင့်မဆို တန်းတူရည်တူ ရင်းနှီးစွာဆက်ဆံပြီး အခါအားလျော်စွာပေါင်းစည်းခြင်း၊ မဟာမိတ်ဖွဲ့ခြင်း၊ ရိုင်းပင်းကူညီခြင်းများ ပြုလုပ်သွားမည်။

(၄) မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါး၊ ဘိန်းတို့ကို နယ်သူနယ်သားများက ဘိုးဘေးဘီဘင်အစဉ်အလာဖြင့် အဓိကစီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် လုပ်ကိုင်ခဲ့သည်ကို လက်တွေ့ပပျောက်သွားစေရန်နှင့် ဘိန်းအစား ပြည်တွင်းပြည်ပသို့ တင်ပို့နိုင်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် မြေပေါ်မြေအောက်သယံဇာတပစ္စည်းများကိုရှာဖွေဖော်ထုတ်၍ အသက်မွေးဝမ်းကျောင်းတစ်ရပ်အဖြစ် လုပ်ကိုင်စားသောက်ရန် စည်းရုံးသွားမည်။ ထိုကဲ့သို့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် ဆောင်ရွက်ရာ၌ လိုအပ်လျက်ရှိသော အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ရင်းနှီး မြှုပ်နှံမှုများကို ရှာဖွေ ဖော်ထုတ်ဆောင်ရွက်သွားမည်။



(၅) လွတ်လပ်၍ တက်ကြွသော နိုင်ငံရေးဝါဒကို ကျင့်သုံးပြီး နိုင်ငံတကာနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး ကျင့်သုံးသွားမည်။

(၆) လားဟူ တိုင်းရင်းသားလူမျိုးစု၏ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာ အနုပညာများကို ဖော်ထုတ်ပြီး လူမှုရေးအရေးအရာများကို တိုးတက်ဆန်းသစ် ရှင်သန်လာအောင် ပြုစုပျိုးထောင်သွားမည်။

(၇) အရပ်ဒေသတစ်ခုနှင့်တစ်ခု အလွယ်တကူသွားလာနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းအား တိုးချဲ့ပြုပြင်လုပ်ကိုင်ဆောင်ရွက်သွားမည်။ ဆင်းရဲချမ်းသာမရွေး၊ လူတိုင်းအခမဲ့ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးနှင့် လူတိုင်းအခမဲ့ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်သွားမည်။ ကလေးသူငယ်များအရေးနှင့် အမျိုးသမီးများ ပါဝင်မှုအခန်းကဏ္ဍကိုလည်း အလေးအနက်ထား ဆောင်ရွက်သွားမည်။

ကျွန်တော်တို့ **“လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ”** ၏ ဆောင်ပုဒ်မှာ-

(က) နိုင်ငံတော်အပေါ်---- သစ္စာရှိပါ။
(ခ) အမျိုးသားအပေါ်---- လေးစားပါ။
(ဂ) လူမျိုးအပေါ် ---- ဖြောင့်မတ်ပါ။ တာဝန်ကျေပါ။

(က) **နိုင်ငံတော်အပေါ်---- သစ္စာရှိပါ။** ဆိုတာကတော့
(၁) ပြည်ထောင်စုမပြိုကွဲရေး၊
(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
(၃) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို မမှိတ်မသုန် ခံယူလုပ်ဆောင်ဖို့ ဖြစ်ပါတယ်။

(ခ) **အမျိုးသားအပေါ်---- လေးစားပါ။** ဆိုတာကတော့
(၁) တန်းတူညီမျှမှုနှင့် စည်းလုံးညီညွတ်မှုရရှိနိုင်ရန် တိုင်းရင်းသားလူမျိုးများအချင်းချင်း လေးလေးစားစား တန်ဖိုးထားဆက်ဆံကြရန် ဖြစ်ပါတယ်။

(ဂ) **လူမျိုးအပေါ်---- ဖြောင့်မတ်ပါ။ တာဝန်ကျေပါ။** ဆိုတာကတော့
(၁) မိမိလူမျိုးအပေါ် အလွဲသုံးစားမပြုလုပ်ရန်၊ ဖြောင့်မတ်ရန်နှင့် ကတိသစ္စာကို ဦးထိပ်ထားကြရန်ဖြစ်ပါကြောင်း။

**“လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ”** ရဲ့ မူဝါဒသဘောထားနဲ့ လုပ်ငန်းစဉ်များကို စည်းရုံးဟောပြောရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား. . .

## “လားဟူပါတီသီချင်း”

နိုင်ငံတော်နှင့်အတူ ×××တို့လားဟူပါတီ ××× လက်တွေတွဲလို့ရယ် ××× ကြိုးစားလုပ်ဆောင်မည်
သင်နှင့် ကျွန်ုပ်အတူ ××× လက်တွဲပါဝင်ရန် ××× လားဟူ တို့လားဟူ ××× လာကြပေါင်းစည်းမယ်
နိုင်ငံတော်နှင့်အတူ ××× တို့လားဟူပါတီ ××× တို့သမိုင်း ××× တို့ဂုဏ်××× ရေးထိုးကြမယ်လေ
သင်နှင့်ကျွန်ုပ် ××× ဘာသာခွဲခြားမှုမရှိ ×××လားဟူ ××× တို့လားဟူ ××× ညီညွတ်ပေါင်းစည်းမယ်
Cho; မြန်မာနိုင်ငံတော်အား ××× ခိုင်မြဲသစ္စာရှိ၊ ကျွန်ုပ်တို့ အမျိုးသားအား××× လေးစားရိုသေပါ××× ကျွန်ုပ်တို့လူမျိုးအပေါ်××× ဖြောင့်မတ်တာဝန်နဲ့

{ တို့လူမျိုး ××× တို့ဂုဏ် ××× သမိုင်းရေးကြမယ်
တို့လူမျိုး ××× တို့အတွက် ××× ညီညွတ်ပေါင်းစည်းမယ်
တို့လူမျိုးအတွက်ဆို ××× ညီညွတ်ပေါင်းစည်းမယ် }

## မြန်မာ့ပင်လယ်ပြင်၌ လှိုင်းအသင့်အတင့်ရှိ

**နေပြည်တော် စက်တင်ဘာ ၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ယနေ့ထုတ်ပြန်သော မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျိုက်မရောမြို့တွင် ၃ ဒသမ ၄၆ လက်မ၊ ဖလမ်းမြို့၊ မိုးကုတ်မြို့နှင့် ရေးမြို့တို့တွင် ၂ ဒသမ ၁၆လက်မစီ၊ မုဒုံမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ မော်လမြိုင်မြို့တွင် ၂ ဒသမ ၀၄ လက်မနှင့်ပေါင်မြို့တွင် ၁ ဒသမ ၉၃ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။ **(မိုး/ဇလ)**

## နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား ကျင်းပ

**သီပေါ**

နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၈ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ အထက(ခွဲ)အလက(၂) မြရတနာခန်းမဆောင်၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး စာစီစာကုံးပြိုင်ပွဲနှင့် ပိုစတာပြိုင်ပွဲတွင်ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

**ဒီးမော့ဆို**

နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက်က ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ၂၀၁၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပိုစတာပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ဘားအံ**

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၈ ရက်က ဘားအံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြသံလွင်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးချစ်လှိုင်က အကောင်းဆုံး စာသင်ဝိုင်းဆုနှင့် စာသင်ဝိုင်းများသို့ လုပ်အားပေးသင်ကြားသော ဘားအံတက္ကသိုလ်အား ဂုဏ်ပြုမှတ်တမ်းလွှာများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## လူထုဗဟိုပြု ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများရှင်းလင်း

**မိုးညို စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်းနှင့်ပတ်သက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လုပ်ဆောင်ရန်ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်အဖွဲ့က စက်တင်ဘာပထမပတ်က ပေါက်ကုန်းအုပ်စု ပေါက်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာနေ ပြည်သူများအား ရှင်းလင်းသည်။

လူထုဗဟိုပြုစီမံကိန်းတွင်ပါဝင်သော ဆောင်ရွက်ရမည့်လုပ်ငန်းများကို ကျေးရွာအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းပြောကြားရာ ကျေးရွာနေ ပြည်သူများက လုပ်ငန်းဆောင်ရွက်ရန်အတွက် မရှင်းလင်းသည်များကို ပြန်လည်တင်ပြ ဆွေးနွေးကြသည်။ ဆက်လက်၍ စပါယ်မျှောင်အုပ်စု၊ စပါယ်မျှောင်ရွာနှင့် ဇီးပင်အုပ်စု ဖုတ်လူးကျေးရွာတို့တွင်လည်း လုပ်ငန်းဆောင်ရွက်ရမည်များကို ရှင်းလင်းခဲ့ရာ ရုံးချုပ်၊ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်လတ်(မိုးညို)**




မန္တလေးခရိုင် မဟာအောင်မြေမြို့နယ် ဟေမမာလာမြောက်ရပ်ကွက်တွင် စက်တင်ဘာ ၆ ရက်က မီးလောင်မှုဖြစ်ပွားခဲ့သည့် အိမ်ထောင်စု ၂၄ စုအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ လှူသုံးကုန်ပစ္စည်းများကို စက်တင်ဘာ ၇ ရက်က ယာယီကယ်ဆယ်ရေးစခန်းရွှေကျေးဓမ္မာရုံ၌ ပေးအပ်စဉ်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

## လယ်ဝေးမြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**လယ်ဝေး စက်တင်ဘာ ၈**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်တွင် မူးယစ်ဆေးဝါးရောင်းဝယ်နေကြောင်း သတင်းရရှိ၍ လယ်ဝေးမြို့နယ်ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာလပထမပတ်က မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူကို လက်ရဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လယ်ဝေးမြို့မရဲစခန်းမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမင်းသန့်နှင့် တပ်ဖွဲ့ဝင်များက လယ်ဝေးမြို့ အမှတ်(၇)ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းမပေါ်၌ ဆိုင်ကယ် နံပါတ် ၂၉ ယ/--- စီးနင်းလာသူ မအေးခိုင်(၃၇နှစ်) ရေတာရှည်မြို့နယ် နေသူအား ရပ်တန့်စစ်ဆေးခဲ့ရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၈၅ ပြားနှင့် မူးယစ်ဆေးပြားရောင်းချရငွေကျပ်တစ်သိန်း အပါအဝင် အခြားပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းချသူ မအေးခိုင် (၃၇နှစ်)ကို လယ်ဝေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ပျဉ်းမနားမြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၈**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်တွင် မူးယစ်ဆေးဝါးမျိုးစုံ ငွေကျပ်သိန်း ၁၁၀ ခန့်နှင့် ပြစ်မှုကျူးလွန်သူ သုံးဦးတို့ကို စက်တင်ဘာ ၇ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပျဉ်းမနားမြို့ ရွာကောက်အုပ်စု ယန္တရားကုန်းရပ်ကွက်ရှိ ကျော်ကျော်ထွန်း၏ နေအိမ်သို့ ရှာဖွေဖမ်းဆီးခဲ့ရာ ယင်းနေအိမ်တွင် ကျော်ကျော်ထွန်း(၂၇နှစ်)၊ ဇော်မင်းထွန်း(ခ) ဆိုလာမန်(၂၀ နှစ်) ဥယျာဉ်စု(၄)လမ်း ပျဉ်းမနားမြို့ နေထိုင်သူနှင့် မဆုမြတ်(ခ)ယမင်း (၂၅ နှစ်) ဝဏ္ဏဒီပရပ်ကွက် ပုဗ္ဗသီရိမြို့နယ်နေသူတို့ကို တွေ့ရှိရပြီး တိုင်းတပ်ဖွဲ့မှူးရုံးမှုခင်းအဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ပျဉ်းမနားမြို့နယ် တပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက စစ်ဆေးဆောင်ရွက်ခဲ့ရာ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါးရောင်းချသည့်ငွေများ၊ မူးယစ်ဆေးဝါး သယ်ဆောင်ရာတွင် အသုံးပြုသည့် ဆိုင်ကယ်နှစ်စီးနှင့်အတူတွေ့ရှိခဲ့ပြီး ငွေကျပ်သိန်း ၁၁၀ ခန့် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်**








### မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
### ငါးလုပ်ငန်းဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာနသည် နိုင်ငံတော်၏စားနပ်ရိက္ခာဖူလုံရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သော ငါးမွေးမြူခြင်းလုပ်ငန်း၊ Food Centre၊ သား/ငါး အရောင်းဆိုင်များ၊ အရောင်းပြခန်းများနှင့် အအေးခန်းစက်ရုံလုပ်ငန်းများအား မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ငါးလုပ်ငန်းစခန်းတွင် ပူးပေါင်းအကောင်အထည်ဖော်ရန် စိတ်ဝင်စားသည့် လုပ်ငန်းရှင်/ကုမ္ပဏီများအနေဖြင့် တင်ဒါစနစ်ဖြင့် စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၂။ ပူးပေါင်းဆောင်ရွက်နိုင်သည့်လုပ်ငန်းများမှာ (၁)ရေပြင်ဧရိယာ ၇၅ဧကတွင် ငါးမွေးမြူခြင်းလုပ်ငန်း၊ (၂)စီမံကိန်းမြေဧရိယာ ၁၉ ဧကတွင် Food Centre၊ သား/ငါးအရောင်းဆိုင်များ၊ အရောင်းပြခန်းများနှင့် အအေးခန်းစက်ရုံလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ဖြစ်ပြီး တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၂၂-၉-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၂၂-၉-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၀:၃၀နာရီ

၅။ **တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)
- ရုံးအမှတ်(၃၆)၊ ပဏ္ဍိတလမ်း၊ နေပြည်တော်

၆။ အိတ်ဖွင့်တင်ဒါပုံစံနှင့် လုပ်ငန်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာအတိုင်း စုံစမ်းနိုင်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**
**ရုံးအမှတ်(၃၆)၊ ပဏ္ဍိတလမ်း၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၄၇၆၊ ၀၆၇-၄၁၈၅၃၈**
**နတ်ရေကန်ငါးလုပ်ငန်းစခန်း**
**အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၂-၅၁၅၃၅၈၂**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5J/ 1346, Suzuki Carry DA 63T, P/U, (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးမိုးထက် ၉/မရမ(နိုင်)၀၅၆၆၂၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ဆန်းဆန်းတင့်နှင့် အများသိရှိစေရန်

ကျွန်တော်သူရဝင်း၏ တရားဝင်ဇနီးဖြစ်သူ မဆန်းဆန်းတင့် (ဘ)ဦးရွှေလယ် ၁၂/ကတတ(နိုင်)၀၂၈၄၃၅ သည် ၄-၅-၂၀၁၅ ရက်တွင် နေအိမ်မှ ဆင်းသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်နှင့် လက်ခံထားပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**သူရဝင်း**
**ဖုန်း ၀၉-၇၈၄၀၆၀၈၃၉**

### ဖခင်အမည်မှန်

ဗန်းမော်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(D)မှ မနှင်းယုဝေ၏ ဖခင်အမည်မှန်မှာ ဦးကြိုင် ၁/မစန(နိုင်)၀၀၁၁၅၇ ဖြစ်ပါသည်။

**ဦးကြိုင်**

### အမည်ပြောင်း

ဦးထွန်းအေးသာ၏ သမီး ပုဏ္ဏားကျွန်း အထက တက္ကသိုလ်ဝင်တန်း(A)မှ မချိုသန်းဦး ၁၁/ပဏတ(နိုင်)၀၉၁၉၂၉ အား မမျိုးမြတ်သူဟု ပြောင်းလဲခေါ်ပါရန်။

**မမျိုးမြတ်သူ**

### အမည်ပြောင်း

ဦးမောင်သန်းနု၏ သမီး အထက (၂) စစ်တွေ၊ တက္ကသိုလ်ဝင်တန်း (A)မှ မအိအိမွန်အား မအိအိစံဟု ပြောင်းလဲခေါ်ပါရန်။

**မအိအိစံ**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/ 3908၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/ 3402၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

# ပဲခူးအထက(၃) စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

**ပဲခူး စက်တင်ဘာ ၈**

ပဲခူးမြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းတွင် စက်တင်ဘာ ၇ ရက်က မျိုးဂုဏ်ရောင် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ မြို့နယ်နှင့် ပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စိုးစိုးနွဲ့နှင့် ပညာရေးဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဇင်သက်ဦး၊ အလှူရှင်နှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဆက်လက်၍ ဝန်ကြီးချုပ်က စာကြည့်တိုက်ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ စာကြည့်တိုက်အား အလှူရှင်မှာ ပဲခူးမြို့နေ ထူး ခတ်ဆီဆိုင်ပိုင်ရှင် ဦးသန်းရွှေ မိသားစုက ငွေကျပ်သိန်း ၅၂၀ ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန့်စင် (ပဲခူး)**





# ဘားအံမြို့ ပြည်သူ့ဝန်ဆောင်မှုရုံးများဖွင့်လှစ်

**ဘားအံ စက်တင်ဘာ ၈**

ပြည်သူ့ဝန်ဆောင်မှုရုံးများ ထူထောင် ဖွင့်လှစ်အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဇံမြင့်သည် ဘားအံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ စုပေါင်းဖွင့်လှစ်ထားသည့် ပြည်သူ့ဝန်ဆောင်မှု စုပေါင်းရုံး၏ ရုံးခန်းနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို စက်တင်ဘာလ ပထမပတ်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

အဆိုပါ ပြည်သူ့ဝန်ဆောင်မှုရုံးအား ဌာနဆိုင်ရာများနှင့် ဆက်သွယ်လုပ်ကိုင်နေရသော ပြည်သူများ၏ လိုအပ်ချက်များကို တစ်နေရာတည်းနှင့် သတ်မှတ်အချိန်အတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် ဆောင်ရွက်ပေးနိုင်ရေးအတွက် ရည်ရွယ်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာရုံးများကို တစ်နေရာတည်း စုပေါင်းဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# လယ်ယာကဏ္ဍအလုပ်ရုံဆွေးနွေး

**ပုသိမ် စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ရေဘေးသင့်ဒေသများပြန်လည်ထူထောင်ရေးနှင့် လယ်ယာကဏ္ဍအလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၅ ရက်က ပုသိမ်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဦးစန်းမောင်၊ လူမှုရေးဝန်ကြီးဒေါ်ခင်စောမူနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် လူမှုတရားမျှတမှုဖော်ဆောင်ရေးအဖွဲ့မှ အမှုဆောင် ဒါရိုက်တာ ဒေါက်တာသောင်းထွန်း၊ စိုက်ပျိုးရေး ပညာရှင် ဦးဗဟိန်း၊ လူမှုရေးအသင်းအဖွဲ့များ၊ ရေဘေးသင့်မြို့နယ်များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့နောက်စိုက်ပျိုးရေးပညာရှင်က သဘာဝဘေးအန္တရာယ်နှင့် လယ်ယာကဏ္ဍစီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှုများ၊ လတ်တလောနှင့် ရေရှည်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး (ငြိမ်း) ဦးထွေးမြင့်က သဘာဝဘေးအန္တရာယ်နှင့်ဆည်မြောင်းတာတမံ၊ ရေနုတ်မြောင်းများ၊ စီမံခန့်ခွဲမှုစသည်တို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**



# ကွတ်ခိုင်မြို့နယ်၌ ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက် ရွှေလီစစ်ဆင်ရေး(၂) ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၆ ရက်က နယ်မြေခံတပ်၊ မူးယစ်တပ်ဖွဲ့စု (၂၂)မူဆယ်၊ မူးယစ်တပ်ဖွဲ့စု(၁၀၄) နေပြည်တော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့ ရပ်ကွက်(၈) ကွတ်ခိုင်-ကောင်းခါးသွား ကားလမ်းတွင် ကောင်းခါးမြို့သစ်ဘက်မှ ကွတ်ခိုင်ဘက်သို့ နေလင်းအောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၆၂ ခွက်၊ စုစုပေါင်း ဘိန်းဖြူ ၀ ဒသမ ၆၈၂ ကီလို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ကချင်ပြည်နယ်၊ မိုးကောင်းမြို့မှ လာရောက်သည့် ဇော်လင်းနှင့် မျိုးအောင်တို့က သိမ်းဆည်းရမိ ဘိန်းဖြူများကို သယ်ဆောင်ခ ငွေကျပ်တစ်သိန်းပေးကာ ကွတ်ခိုင်မြို့နယ် လွယ်ခန်ကျေးရွာမှ နေလင်းအောင် ငှားရမ်းနေထိုင်သည့် ကွတ်ခိုင်မြို့ ရပ်ကွက်(၅) အိမ်အမှတ် (င/၁၀၃)သို့ သယ်ဆောင်ခိုင်းကြောင်းနှင့် ၎င်းတို့မှာ နေလင်းအောင်၏ နေအိမ်၌ စောင့်ဆိုင်းနေကြောင်း သိရှိရ၍ ဝင်ရောက်ရှာဖွေရာ ဇော်လင်းနှင့် မျိုးအောင်တို့ နှစ်ဦးအား ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# TAG အဖွဲ့က ကူညီပေးနေသော ပျားမွေးမြူရေးလုပ်ငန်းများ အောင်မြင်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၈**

စက်တင်ဘာ ၄ ရက်တွင် ပျားမွေးမြူရေးဖွံ့ဖြိုးမှုဗဟိုဌာနကို မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပျားလုပ်ငန်းဌာနနှင့် TAG Int'l Development၊ ပါရမီဖွံ့ဖြိုးရေးကွန်ရက် (ပအိုဝ်းအမျိုးသားလူမှုရေးအဖွဲ့) နှင့် ဓနုစာပေ ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့များ ပူးပေါင်း၍ ဒေသခံများ ပျားမွေးမြူခြင်းဖြင့် တစ်ဖက် တစ်လမ်းမှ ဝင်ငွေတိုးစေရန် ရည်ရွယ်ပြီး ပြတိုက်နှင့်တွဲဖက် ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ပျားမွေးမြူရေး (Plan Bee Myanmar) နှစ်နှစ်စီမံကိန်းကို LIFT နှင့်အဖွဲ့ဝင်များ၏ ထောက်ပံ့မှုဖြင့် ဒေသခံများအား နည်းပညာနှင့် ပျားပုံးများပါပေး၍ ၂၀၁၃ ခုနှစ် အောက်တိုဘာလမှ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ပျားရည်နှင့် ပျားထွက်ပစ္စည်းများကို ဆွီဒင်၊ နီပေါ၊ ပြင်သစ်နိုင်ငံများမှ စိတ်ဝင်တစားဝယ်လိုအားများ ရှိနေကြောင်း TAG Int'l ၏ CEO Mr. Yossi Ives က ပြောသည်။ အဆိုပါ နှစ်နှစ်စီမံကိန်းသည် ၂၀၁၆ ခုနှစ် မတ်လတွင် ပြီးဆုံးမည် ဖြစ်သည်။

ရှမ်းပြည်နယ် ပင်းတယ၊ ရွာငံ၊ ကလော၊ တောင်ကြီးနှင့် ညောင်ရွှေမြို့များတွင် တိုင်းရင်းသားဒေသခံ Community Based Enterprise (CBE)များအား ပျားမွေးမြူရေးသင်တန်းပေးပြီးနောက် ကျေးရွာ ၂၀ မှ CBE တစ်ခုလျှင် ပျားပုံး ၅၀ စီ ပေးအပ်မွေးမြူစေပြီး ထွက်ရှိသည့် ပျားရည်၊ ပျားဖယောင်း၊ ပျားကော်၊ ပျားနို့၊ ပျားဝတ်မှုန်များကို ပြန်လည်ဝယ်ယူ စုဆောင်းကာ တန်ဖိုး မြင့်ထုတ်ကုန်အဖြစ် ပြန်လည်ရောင်းချပေးကြောင်း TAG Int'l မှ ပျားမွေးမြူရေး စီမံကိန်း မန်နေဂျာ ဦးရဲလှအောင်က ပြောသည်။

"ကျွန်တော်တို့ ဒီစင်တာကို ပထမဆုံးဖွင့်တာပါ၊ ဒီTAG အဖွဲ့နဲ့ ရှမ်းပြည်နယ်ငါးမြို့နယ်မှာ ပျားလုပ်ငန်းဖွံ့ဖြိုးရေးဆိုပြီး လုပ်တယ်။ အဓိက ဒီစင်တာက Api-Tourism လို့ခေါ်တဲ့ ပျားလုပ်ငန်း အခြေခံပြီး ကမ္ဘာလှည့်ခရီးသွားတွေကို ဆွဲဆောင်ဖို့ အကောင်အထည်ဖော်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ ပျားစားကျက်များတဲ့ နေရာတွေမှာ ပျားလုပ်ငန်း ဖွံ့ဖြိုးဖြစ်ထွန်းပါတယ်" ဟု ပျားလုပ်ငန်းဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇံထွေးက ပြောသည်။

"ကျွန်တော်တို့ ပအိုဝ်းဒေသက တောင်တန်းတွေ၊ အပင်တွေပေါတော့ ပျားမွေးတာပိုဖြစ်ထွန်းပါတယ်" ဟု ပါရမီ ဖွံ့ဖြိုးရေးကွန်ရက် ဥက္ကဋ္ဌ ဦးအောင်ခင်က ပြောသည်။

ပျားမွေးမြူရေးကို အထိုင်ဖြင့် Station မွေးမြူသူများထက် နယ်လှည့်မွေးမြူသူများက ပိုမိုဖြစ်ထွန်းအောင်မြင်ပြီး ပျားရည်နှင့် ထုတ်ကုန်ပိုများကြောင်း၊ ပျားကို မွေးမြူလာကြရန်နှင့် ကလေးများအတွက် နိုင်ငံခြားဖြစ် မုန့်ပဲသရေစာ အစားထိုး ပျားရည်ဖြင့် ပြုလုပ်သည့် ဒေသအစားအစာ မုန့်များကိုလည်း ပိုမိုထုတ်လုပ်လာနိုင်မည်ဖြစ်ကြောင်း TAG မှ ပျားကျွမ်းကျင် ပညာရှင် ကိုတင်ဌေးက ပြောသည်။

**သန့်ဇင်ဝင်း**



# ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျေးရွာအုပ်စုများသို့ ခွဲဝေ

**နတ်တလင်း စက်တင်ဘာ ၈**

ပြည်ထောင်စုလွှတ်တော်မှ ဒေသဖွံ့ဖြိုးရေးအတွက်ချထားပေးသောငွေကျပ် သိန်းတစ်ထောင်ကို ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ကျေးရွာအုပ်စုများသို့ ခွဲဝေချထားပေးခြင်းအခမ်းအနားကို စက်တင်ဘာ ၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဇော်လွင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၆၉ ခုအတွက် ရန်ပုံငွေခွဲဝေချထားခြင်းနှင့်လုပ်ငန်းများ မြန်မြန်ဆန်ဆန်လုပ်ဆောင်ရန်တို့ကို မှာကြားသည်။

အခမ်းအနားသို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအထောက်အကူပြုအဖွဲ့နှင့် ရပ်ကွက်၊ ကျေးရွာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဗန်းမော်မြို့၌ ရှမ်းစာပေယဉ်ကျေးလိမ္မာ စာအောင်ဆုပေးပွဲကျင်းပ

**ဗန်းမော် စက်တင်ဘာ ၈**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ဗန်းမော်ခရိုင် ဗုဒ္ဓသာသနာနှင့် ရှမ်းလူမျိုးစုများ ထိန်းသိမ်းမြှင့်တင်ရေး သံဃာတော်များအဖွဲ့က ဦးစီး၍ ရှမ်းစာပေယဉ်ကျေးလိမ္မာ စာအောင်ဆုပေးပွဲကို စက်တင်ဘာ ၆ ရက်က မင်းလှဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။



နာယကဆရာတော်ကြီးများနှင့် ကျောင်းတိုက်ဆရာတော်များက ခရိုင်ဆုနှင့် တိုက်နယ်ဆုများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ ဂုဏ်ပြုဆုရရှိသူများကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ရာ ဆုရရှိသူများက လက်ခံယူခဲ့ကြသည်။

ရှမ်းဘာသာစာမေးပွဲကို မေ ၂၂ ရက်က ကျင်းပခဲ့ရာ ရှမ်းလူငယ်မောင်မယ် ၁၂၆ ဦး ဖြေဆိုအောင်မြင်ခဲ့သည်။ ဗန်းမော်ခရိုင်အတွင်း ဖြေဆိုအောင်မြင်သူများကို ခရိုင်ဆုအဖြစ် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ ဂုဏ်ထူးဆုများ၊ ဗန်းမော်၊ မိုးမောက်၊ မန်စီမြို့နယ်များ၊ တာပိန်မြစ်၊ မိုးလဲချောင်းဒေသများရှိ ကျေးရွာများမှ ဖြေဆိုအောင်မြင်သူများကို တိုက်နယ်ဆုအဖြစ် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ ဂုဏ်ထူးဆုများ သတ်မှတ်ပြီး ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝါဝါ(ဗန်းမော်)**

# ဆိုလာပြားများအား ကျေးရွာအရောက် စမ်းသပ်တပ်ဆင်ပေးမည်

**ငဖဲ စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ I Cherry ကုမ္ပဏီ အရောင်းမန်နေဂျာ ဦးဖုန်းပြည့်မောင်က ဆိုလာပြားများနှင့် ဆက်စပ်ပစ္စည်း ၅၅၉ စုံကို စက်တင်ဘာ ၆ ရက်က ပို့ဆောင်အပ်နှံခဲ့သည်။

ထိုမှတစ်ဆင့် ဆိုလာပြားများနှင့်ဆက်စပ်ပစ္စည်း ၅၅၉ စုံအား မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက ငဖဲမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ဝင်္ဘာကျေးရွာ၊ လေးအိမ်စုကျေးရွာ၊ မြင်သာကျေးရွာ၊ အိုးမြေတွင်းကျေးရွာ၊ ညောင်ကိုင်းကြီးကျေးရွာ၊ ကျောက်ဆုံကျေးရွာနှင့် ပြန်ကြည်ကျေးရွာတို့တွင် ခွဲဝေချထားပြီး ကျေးရွာများသို့ ပို့ဆောင်၍ ကျေးရွာအုပ်ချုပ်ရေးမှူးထံ ခေတ္တအပ်နှံပေးခဲ့သည်။ စက်တင်ဘာလ ဒုတိယပတ်အတွင်း ကျေးရွာများအရောက် ကွင်းဆင်းစမ်းသပ်တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# သမဝါယမအသင်းများလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲရေးသင်တန်းဖွင့်

**စဥ့်ကူး စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ် သမဝါယမဦးစီးဌာနကကြီးမှူးဖွင့်လှစ်သည့် ဦးစီးဌာနဝန်ထမ်းများအား သမဝါယမအသင်းများလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲရေးသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၅ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံး ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ခင်လှက သင်တန်းဖွင့်အမှာစကားပြောကြားပြီး အဆိုပါသင်တန်းတွင် အသေးစားနှင့်အလတ်စား အရင်းအနှီးချေးငွေလုပ်ငန်း ဆောင်ရွက်မှုဘာသာရပ်၊ လယ်ယာ သုံး/ လုပ်ငန်းသုံး စက်ကိရိယာများအရစ်ကျ ငွေချေးကောက်ယူမှု ဘာသာရပ်၊ စာရင်းဇယားရှစ်မျိုးနှင့် အသေးစားချေးငွေလုပ်ငန်းရေးဆွဲခြင်းဘာသာရပ်၊ အခြေခံစာရင်းရေးစာရင်းကိုင်ဘာသာရပ်နှင့် စာရင်းစစ်ဆေးခြင်းဘာသာရပ်များကို ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်**

# ဖျာပုံခရိုင်၌ လွှတ်တော်ကိုယ်စားလှယ် ၁၄ နေရာအတွက် ကိုယ်စားလှယ်လောင်း ၈၉ ဦး ယှဉ်ပြိုင်မည်

**ဖျာပုံ စက်တင်ဘာ ၈**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ဖျာပုံခရိုင်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ် ၁၄ နေရာအတွက် ကိုယ်စားလှယ်လောင်း ၈၉ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ဖျာပုံခရိုင် ကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

ဖျာပုံခရိုင်အတွင်း၌ ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲနှင့် ကျိုက်လတ်မြို့နယ်များပါဝင်ပြီး အမျိုးသားလွှတ်တော်အတွက် နှစ်နေရာ၊ ပြည်သူ့လွှတ်တော်အတွက် လေးနေရာ၊ တိုင်းဒေသကြီးလွှတ်တော် အမှတ်(၁)အတွက် လေးနေရာ၊ တိုင်းဒေသကြီးလွှတ်တော် အမှတ်(၂)အတွက် လေးနေရာအတွက် လွှတ်တော်ကိုယ်စားလှယ် နေရာပေါင်း ၁၄ နေရာရှိကြောင်း သိရသည်။

ယင်းလွှတ်တော်ကိုယ်စားလှယ်နေရာများအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့သည် ခရိုင်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်နေရာအားလုံးအတွက် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ကရင်ပြည်သူ့ပါတီမှ ၁၀ နေရာ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ လေးနေရာ၊ အမျိုးသားတိုးတက်ရေးပါတီမှ ၁၁ နေရာ၊ ဒီမိုကရက်တစ်(မြန်မာ)မှ တစ်နေရာ၊ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ မှ ၁၃ နေရာ၊ ခေတ်သစ်ပြည်သူ့ပါတီမှ ခြောက်နေရာအသီးသီး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း ခရိုင်ကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

ဖျာပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာနှင့် ဒေးဒရဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာတို့၌ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်တစ်ဦးစီခန့် ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ခရိုင်ကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ရွှေဝါကျေးရွာတွင် ကတ္တရာလမ်းသစ်ဖွင့်

**ကျောက်တံခါး စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် အောင်မြင်ကျေးရွာအုပ်စု ရွှေဝါကျေးရွာ၌ ချယ်ရီကတ္တရာလမ်းသစ်ကို စက်တင်ဘာလ ပထမပတ်က ဖွင့်လှစ်ခဲ့သည်။

ကတ္တရာလမ်းသစ်ကို အား/ကာ ဒုတိယဝန်ကြီးနှင့် တိုင်းအဆင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ ဖွင့်လှစ်ခဲ့ သည့် ချယ်ရီကတ္တရာလမ်းသစ်မှာ အရှည်ပေ ၁၄၀၀၊ အကျယ် ရှစ်ပေ၊ အမြင့် လေးပေဖြစ်ပြီး မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ၁၄ သိန်းနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၄ သိန်း စုစုပေါင်းငွေကျပ် ၂၈ သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စန်းစန်း(ပြန်/ဆက်)**

# ရေဘေးသင့်ကျေးရွာများသို့ အခမဲ့ဆေးဝါးကုသပေး

**ကန့်ဘလူ စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်း ဒေသကြီး ကန့်ဘလူမြို့နယ်တွင် ရေဘေးသင့်ကျေးရွာများသို့ မြို့နယ် ခုတင် ၁၀၀ ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများအဖွဲ့က ကျေးရွာပြည်သူများအား ကျန်းမာရေးအသိပညာဟောပြောခြင်းနှင့် အခမဲ့ဆေးဝါးကုသပေးခြင်းများကို စက်တင်ဘာ ၆ ရက်က အင်းမကျေးရွာအုပ်စု ရှမ်းကုန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ယင်းနယ်လှည့်ကွင်းဆင်းကုသပေးခြင်းကို မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်ဦးဆောင်၍ မြို့နယ် ကျေးလက်ဦးစီးမှူး ဦးကျော်ကျော်၊ မြို့နယ် ခုတင် ၁၀၀ ဆေးရုံမှ လက်ထောက်ဆရာဝန်များနှင့် သူနာပြုများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် အထူးကုဆရာဝန်ကြီးများအဖွဲ့က ကျေးရွာပြည်သူများအား ကျန်းမာရေး အသိပညာပေးဟောပြောခြင်း၊ သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော၊ ငှက်ဖျားရောဂါများ ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် ဆောင်ရန်ရှောင်ရန်များ၊ ရာသီအလိုက်ဖြစ်ပွားတတ်သောရောဂါများနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ကျေးရွာချင်းဆက်လမ်း စုပေါင်းပြုပြင်

**နတ်တလင်း စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ဇီးပင်ကွေ့ကျေးရွာအုပ်စုနှင့် ချင်းကုန်းကံကျေးရွာအုပ်စုရှိ ကျေးရွာချင်းဆက်လမ်း အရှည် ခြောက်မိုင် လေးဖာလုံ မြေနီလမ်းမှာ ရေကြီးရေလျှံမှု ဖြစ်ပွားပြီးနောက်ဇီးပင်ကွေ့နှင့် ကံလယ်ရွာကြားလမ်း ပျက်စီးကာ ကံလယ်ရွာမှ ညောင်ငုတ်တိုရွာလမ်းကြား ပျက်စီးသဖြင့် စက်တင်ဘာ ၄ ရက်က စက္ခုံရွာဓမ္မသုခ ကျောင်းဆရာတော် ဦးပညာဒီပ ဦးဆောင်၍ ဒေသခံပြည်သူများ စုပေါင်းပြုပြင်ကြသည်။

ယခုအခါ ကျောင်းသား ကျောင်းသူများနှင့် ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်ကြောင်းလည်း သိရသည်။

**တင်မြင့်(နတ်တလင်း)**



# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ကျင်းပ

**လှိုင်ကော် စက်တင်ဘာ ၈**

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြည်နယ်အဆင့် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကဗျာ၊ စာစီစာကုံးပြိုင်ပွဲကို စက်တင်ဘာ ၇ ရက် နံနက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့ရာ ကယားပြည်နယ် အခြေခံပညာကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၁၅ ဦး ဝင်ရောက်ဖြေဆို ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ပြည်နယ်ရဲတပ်ဖွဲ့၊ ပြည်နယ်ပညာရေးနှင့် World Vision လှိုင်ကော်တို့မှ ပူးပေါင်းပြီး ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ အသိပညာဗဟုသုတ တိုးပွားစေရေး ရည်ရွယ်ကာ ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် ကျင်းပမည့် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ရဲနောင်(လှိုင်ကော်)**



## အသက်ရာကျော် အဘွားကို နိုင်ငံတော်သမ္မတ ဂုဏ်ပြု

**အင်းတော် စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် အောင်မေတ္တာရပ်ကွက်တွင် အသက် ၁၁၃ နှစ်ကျော်ရှိ အဘွားဒေါ်သောင်းသောင်းအား နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုလွှာချီးမြှင့်ပေးအပ်ခြင်းကို စက်တင်ဘာ ၅ ရက်က ၎င်း၏နေအိမ်၌ ပြုလုပ်ပေးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အခမ်းအနားကို အင်းတော်မြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်၊ မြို့နယ်အထောက်အကူပြုကော်မတီ ဦးမြတို့က နိုင်ငံတော်သမ္မတက ပေးအပ်သော ထောက်ပံ့ငွေကျပ်နှစ်သိန်းနှင့် ဂုဏ်ပြုလွှာချီးမြှင့်သည်။

**ငွေအိုး(ကသာ)**

## လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲကျင်းပ

**ကော့သောင်း စက်တင်ဘာ ၈**

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲများကို ကော့သောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၆ရက်က ကျင်းပခဲ့သည်။

နံနက်ပိုင်းတွင် စာစီစာကုံးပြိုင်ပွဲကျင်းပရာ မြို့ပေါ်ရှိ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ကျောင်းသားကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မွန်းလွဲပိုင်းတွင် ကာတွန်းနှင့်ပန်းချီ ပြိုင်ပွဲကို 'လူသားအချင်းချင်းညှဉ်းပန်းနှိပ်စက်မှုမှကင်းဝေးစေရန်ဝိုင်းဝန်းကူညီကြပါစို့' ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့သည်။ အဆိုပါ ပြိုင်ပွဲများမှ ဆုရရှိသည့်ကျောင်းသား ကျောင်းသူများအား စက်တင်ဘာ ၁၃ ရက်တွင် ကျင်းပမည့် ကော့သောင်းခရိုင် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## သံတွဲပြည်သူ့ဝန်ဆောင်မှုရုံး (OSS) စစ်ဆေး

**သံတွဲ စက်တင်ဘာ ၈**

ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်လွင်သည် စက်တင်ဘာ ၄ ရက် သံတွဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမတွင် ဖွင့်လှစ်ထားရှိသည့် ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop) ဖွင့်လှစ်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ပြည်သူ့ဝန်ဆောင်မှုရုံးတွင် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ရပ်/ကျေးစာရေးဝန်ထမ်းများအား တွေ့ဆုံ၍ ပြည်သူ့ဝန်ဆောင်မှုရုံးများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် တာဝန်ထမ်းဆောင်ကြမည့် ဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး ပြည်သူများ၏ လိုအပ်ချက်များကို အချိန်ကြန့်ကြာမှုမရှိစေရန် လုပ်ငန်းဆောင်ရွက်ရာတွင် တစ်နေရာတည်း (One Stop Shop) ဆောင်ရွက်နိုင်ရန် ပြည်သူ့ဝန်ဆောင်မှုရုံးများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများကလည်း ဝန်ဆောင်မှုလာယူသည့် ပြည်သူများကို ယဉ်ကျေးပျူငှာစွာ ပြောဆို၍ လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ကြရန် ပြောကြားသည်။

**(ခရိုင် ပြန်/ဆက်)**



# မိုးမြေပဲများ အထွက်ကောင်းပြီး ဈေးကောင်းရသဖြင့် မြေပဲစိုက်တောင်သူများ အဆင်ပြေ

**ကျောက်ပန်းတောင်း စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မေလကုန်ပိုင်းက စတင်စိုက်ပျိုးခဲ့ကြသည့် သုံးလပဲ(ခေါ်)ပင်ထောင်မိုးမြေပဲများကို စက်တင်ဘာလဆန်းမှစ၍ နုတ်သိမ်းလျက်ရှိရာ ပဲများအထွက်ကောင်းသည့်အပြင် သီးနှံပေါ်ချိန်တွင် ဈေးကောင်းရရှိနေကြသဖြင့် မြေပဲစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ပင်ထောင်မျိုးဖြစ်သည့် ဒေသအခေါ် ဂျပန်ပဲသေးဟုခေါ်သည့် မကွေး(၁၀)အမျိုးအစားကို အများဆုံးစိုက်ပျိုးကြသည်။ ဩဂုတ်လဆန်းပိုင်းတွင် ရက်ရှည်စွေ၍ ရွာခဲ့သောမိုးကြောင့် နှမ်းသီးနှံများ အထွက်နှုန်းထိခိုက်မှုရှိခဲ့သော်လည်း၊ မြေပဲသီးနှံမှာမူ မိုးကြိုက်သောသီးနှံဖြစ်သဖြင့် အထွက်နှုန်းကောင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်က မြေပဲသုံးစိတ်ပဲ ကြဲလိုက်တာပါ။ ဟိုဘက်တစ်ခြမ်းကို နှမ်းကြဲလိုက်တယ်။ နှမ်းကမှန်းချက်နဲ့ နှမ်းထွက်မကိုက်ဘဲ ဖြစ်သွားတော့ အထွက်ကောင်းတဲ့ မြေပဲကတော့ နည်းသွားပေ့ါ။ ဒါပေမယ့် ဒီနှစ်မိုးက ပဲအကြိုက်ဖြစ်သွားတော့ရကြပါတယ်။ ကျွန်တော်ကတော့ ခုမှဆွတ်တုန်းဆိုတော့ ဘယ်လောက်ရမလဲမသိသေးဘူး။ ဒီနှစ်က ဈေးလည်းကောင်းတော့ ထွက်ရင်ထွက်သလောက် အဆင်ပြေတာပေ့ါ"ဟု ရေထွက်ကျေးရွာမှ ပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် ကျောက်ပန်းတောင်းမြို့နယ်တောင်ဘက်ခြမ်းရှိ ဘုရားကြီးကုန်း၊ တလိုင်းကန်၊ လွင်ပင်ကုန်း၊ ကျောက်စစ်ကန်အစရှိသည့် ကျေးရွာဒေသများတွင် မြေပဲတစ်တင်းကျ စိုက်ပျိုးသူများမှာ တင်းငါးဆယ်ခန့်အထိ ရရှိကြပြီး မြေပဲနှစ်တင်းကျစိုက်ပျိုးသူများမှာ တစ်ဧကလျှင် တင်း ၁၀၀ အထိ ရရှိကြကြောင်း သိရသည်။ ပဲနုတ်သိမ်းချိန်တွင် အလုပ်သမားငှားရမ်းမှုမှာ ပုတ်ပြတ်စနစ်ဖြင့်သာ လုပ်ကိုင်ကြပြီး အခင်းပြတ်သော်လည်းကောင်း၊ မြောင်းအလိုက် (အပင်တန်းအလိုက်)သော်လည်းကောင်း ဈေးပြတ်လုပ်ကိုင်ကြကြောင်း သိရသည်။

ယခုနှစ် မိုးရာသီဆီထွက်သီးနှံအဖြစ် ကျောက်ပန်းတောင်းမြို့နယ်တွင် သုံးလပဲနှင့် ခြောက်လပဲနှစ်မျိုးကို စိုက်ပျိုးကြပြီး မိုးလယ်တွင်စိုက်ပျိုးမည့် မြေပဲသီးနှံအပါအဝင် စုစုပေါင်းဧက ၂၀၀၀၀ ကျော်၌ စိုက်ပျိုးထားကြောင်း သိရသည်။ ယခုမိုးဦးတွင်စိုက်ပျိုးခဲ့သည့် သုံးလပဲများမှာ သီးနှံအထွက်ကောင်းသလို ဈေးနှုန်းမှာလည်း ရာသီပေါ်ဈေး အတောင့်တစ်တင်းလျှင် ကျပ် ၁၂၅၀၀ မှ ၁၃၅၀၀ ကျပ်အထိ ရရှိနေကြသဖြင့် မြေပဲစိုက်တောင်သူများ အဆင်ပြေ လျက်ရှိကြကြောင်း သိရသည်။

**နေအောင် (ပြန် /ဆက်)**



## ခရီးသည်တင်ယာဉ်ပေါ်မှ ပိုက်ဆံခိုးယူသူအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၈**

ရန်ကုန်မှ မန္တလေးသို့ ယာဉ်မောင်း ဦးထွန်းလင်းအောင် မောင်းနှင်လာသည့် 3K /---- မြတ်မန္တလာထွန်း ခရီးသည်တင် မှန်လုံယာဉ်သည် စက်တင်ဘာ ၆ ရက် နံနက် ၇ နာရီ ၁၅ မိနစ်က မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၃၃၂/၀) အရောက် ထိုင်ခုံအမှတ် (၅) မှ ဦးဇော်မျိုးအောင်၏ ပစ္စည်းတင်စင်ပေါ်၌ တင်ထားသည့် အိတ်အတွင်းမှ ငွေကျပ် ၃၅၀၀၀၀ နှင့် ထိုင်ခုံအမှတ် (၁၁)မှ မအိရွှေစင်၏ ဘေးလွယ်အိတ်အတွင်းမှ ငွေကျပ် ၃၀၀၀၀ တို့ ပျောက်ဆုံးသဖြင့် ယာဉ်မောင်းက စကားအင်းအမြန်လမ်းမကြီးရဲစခန်းသို့ ဆက်သွယ်အကြောင်းကြားခဲ့သည်။

ယင်းနောက် ယာဉ်ကို စကားအင်း အမြန်လမ်းမကြီးရဲစခန်းသို့ မောင်းနှင်၍ စခန်းမှတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ယာဉ်ပေါ်မှ ခရီးသည်တစ်ဦးချင်းစီကို ရှာဖွေခဲ့ရာ ခုံအမှတ် (၈) တွင် လိုက်ပါလာသော ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ (၁) ရပ်ကွက်နေ လှမျိုး (၃၇နှစ်) ၏ ရင်ဘတ်ကြားတွင် ဝှက်ထားသည့် ငွေကျပ် ၃၈၀၀၀၀ ကို တွေ့ရှိ သိမ်းဆည်းရမိခဲ့ပြီး ယာဉ်ပေါ်ပါ ခရီးသည်နှစ်ဦး၏ အိတ်များအတွင်းမှ ခိုးယူထားသည့် ငွေများဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ပြစ်မှုကျူးလွန်သူ လှမျိုးကို စကားအင်း အမြန်လမ်းမကြီး ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အာမခံအကြောင်း ရှင်းလင်းဟောပြော

**ဟားခါး စက်တင်ဘာ ၈**

ချင်းပြည်နယ် မြန်မာ့အာမခံလုပ်ငန်းမှ အာမခံအကြောင်း သိကောင်းစရာဟောပြောပွဲကို စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီက အစိုးရစက်မှုလက်မှုသိပ္ပံ (ဟားခါး)၌ ကျင်းပသည်။ အခမ်းအနားတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး) တာဝန်ခံဦးဇော်မျိုးက အမှာစကားပြောကြားပြီး ချင်းပြည်နယ် မြန်မာ့အာမခံလုပ်ငန်း၊ ပြည်နယ်တာဝန်ခံက အာမခံအကြောင်း သိကောင်းစရာအသိပညာပေးဟောပြောသည်။

**(ခရိုင် ပြန်/ဆက်)**

## လက်ပံတန်း-သာရဝေါ ရထားလမ်းပိုင်း တံတားခက်ခဲစွာ ပြုပြင်နေရ

**လက်ပံတန်း စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ရှိ လက်ပံတန်း-သာရဝေါ ရထားလမ်းပိုင်းတွင် ဩဂုတ် ၇ ရက်မှစ၍ ခမုံ၊ ကျောက်အိုင်ကျေးရွာကြား တံတားအမှတ် (၁၅-အေ) မှာ ခမုံကျေးရွာဘက်ခြမ်းမှ ရေတိုက်စားပြိုကျပျက်စီးသွားရာ မြန်မာ့မီးရထားရုံးချုပ်မှ အင်ဂျင်နီယာမှူး ဦးလှစိုးမြင့်၊ တိုင်း (၆) အင်ဂျင်နီယာမှူး ဦးကျော်လင်း သံလမ်း/ လုပ်ငန်း၊ တံတားမှ အငယ်တန်းအင်ဂျင်နီယာများနှင့် ဝန်ထမ်းများသည် တံတားအနီးအခြေပြု၍ မျှောပိုင်တိုင်များ ရိုက်ခြင်း၊ ကျောက်ကြီးများ၊ သဲအိတ်များချခြင်းနှင့် ဘေလီတံတားတပ်ဆင်ခြင်း ဆောင်ရွက်လျက်ရှိပြီး တပ်မတော်သားများ၊ ဒေသခံပြည်သူများကလည်း ပါဝင်ကူညီဆောင်ရွက်ပေးကြသည်။

ယခုအခါ ရေအနက်မှာ ၁၀ ပေမှ ပေ ၅၀ အထိ ရှိနေသဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲရှိနေသော်လည်း ဒေသခံပြည်သူများ အဆက်အသွယ်မပြတ်တောက်စေရေးအတွက် သံလမ်းပြေးရထား (RGC ) ဖြင့် ပို့ဆောင်ရေးဌာနနှင့် ပူးပေါင်း၍ တစ်ဖက်တစ်စီးစီဖြင့် ပြေးဆွဲပေးလျက်ရှိပြီး ယာယီတံတားပြီးစီးပါက တံတားပေါ်မှ သံလမ်းပြေးကာ ရထားပြေးဆွဲပေးမည်ဖြစ်သည်။

အဆိုပါ လုပ်ငန်းခွင်သို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနေကြောင်း သိရသည်။

**(ဝ၉၈)**

# ရင်ထဲကမန္တလေးမြို့မ သီချင်းဆိုပြိုင်ပွဲ ဆုများချီးမြှင့်



**မန္တလေး စက်တင်ဘာ ၈**

နိုင်ငံကျော် တေးသံရှင်များနှင့် တေးရေးပညာရှင် အများအပြားကို မွေးထုတ်ပေးခဲ့သော မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်းကြီး၏ နှစ်(၉၀)ပြည့် အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဂုဏ်ပြုကျင်းပသည့် ရင်ထဲကမန္တလေးမြို့မ သီချင်းဆိုပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ စက်တင်ဘာ ၆ ရက်က ကျင်းပခဲ့သည်။

ဆုပေးပွဲတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဂုဏ်ပြုချီးမြှင့်လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၅၀ ကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က မန္တလေးမြို့မတူရိယာအသင်းဥက္ကဋ္ဌ ဒေါက်တာလှခိုင်ထံ ပေးအပ်ပြီး ရင်ထဲကမြို့မပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသောအဆိုပညာရှင်များ၏ ပြိုင်ပွဲဝင်သီချင်းသီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးသည်။

"မန္တလေးမြို့မ အပျော်တမ်းတူရိယာအဖွဲ့ကြီးနဲ့အတူ ရွှေရတု၊ စိန်ရတုနဲ့ မြို့မငြိမ်း (၁၀၅)နှစ်မြောက်ပွဲတွေမှာ အတူပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ မြို့မအဖွဲ့ကြီး အခွန့်ရှည်စွာ တည်တံ့ခိုင်မြဲပါစေလို့လည်း အမြဲဆုတောင်းပါတယ်။ ယခုပြိုင်ပွဲမှာ လာရောက် ယှဉ်ပြိုင်ကြတဲ့သူတွေကိုလည်း အားရပါတယ်။ နောင်ကျွန်တော်တို့နေရာတွေမှာ ဝင်ရောက်နေရာယူကြမယ့် သူတွေလို့လည်း မြင်မိပါတယ်။ ယခုလိုပြိုင်ပွဲတွေကနေ နိုင်ငံကျော်အဆိုတော်တွေ ထွက်ပေါ်လာစေဖို့ အခုလို အပင်ပန်းခံပြီး ဒိုင်အဖြစ်လာရောက်ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်"ဟု အဆိုပါ ပြိုင်ပွဲကြီးနှင့်ပတ်သက်၍ အသက် ၈၅ နှစ်ရှိပြီဖြစ်သော နိုင်ငံကျော်အဆိုတော်ကြီး ဦးမင်းနောင်က ပြောသည်။

အလားတူ နိုင်ငံကျော်အဆိုတော် ဒေါ်တင်တင်မြကလည်း "မန္တလေးမြို့မ အပျော်တမ်းတူရိယာအဖွဲ့ကြီးက အခုလို မြန်မာသံစဉ်တေးသီချင်း ဝါသနာပါသူတွေအတွက် ပြိုင်ပွဲကျင်းပပေးတဲ့အတွက် တာဝန်ရှိသူများနဲ့ မြို့မအသင်းကြီးကို အထူးကျေးဇူးတင်ပါတယ်။ ဒီပြိုင်ပွဲကြီးကြောင့် မြန်မာသံစဉ်တေးသီချင်းတွေနဲ့ မရင်းနှီးသေးတဲ့လူငယ်တွေအနေနဲ့ မြန်မာသံစဉ်တွေကို ပိုမိုစိတ်ဝင်စားလာမယ်လို့ထင်ပါတယ်။ ပြိုင်ပွဲဝင်ကြမယ့်သူတွေကိုလည်း အဆိုရှင်တွေ၊ အဆိုတော်တွေ၊ အဆိုကျော်တွေ၊ အဲဒီကနေမှ နိုင်ငံတော်အဆင့်ရှိတဲ့ တေးသံရှင်တွေအဖြစ် ပေါ်ထွက်လာစေချင်ပါတယ်။ ဒီပွဲမှာအကဲဖြတ်ဒိုင်အဖွဲ့အဖြစ် ဆောင်ရွက်ရင်း ပါရမီရှိပြီး တော်ထက်ထူးချွန်တဲ့ အဆိုရှင်တွေကို မြင်တွေ့ခဲ့ရလို့ အထူးဝမ်းသာကြည်နူးရပါတယ်"ဟု ပြောကြားသည်။

ဆုပေးပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်းဥက္ကဋ္ဌ ဒေါက်တာလှခိုင်နှင့် အသင်းဝင်များ၊ ပြိုင်ပွဲဝင် တေးသီချင်းသီဆိုသူများနှင့် ဆုရတေးသံရှင်များ၊ နိုင်ငံကျော်အဆိုပညာရှင်များ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ မန္တလေးမြို့မှ ပြည်သူများ တက်ရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တင်မောင်၊ အောင်သူရ(မန်းကိုယ်ပွား)**

# သရက်ခရိုင်အတွင်း မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပြီးစီး

**သရက် စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင်အတွင်းရှိ မြို့နယ်ခြောက်ခုမှ တောင်သူလယ်သမားများအတွက် ၂၀၁၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း တစ်သိန်းနှစ်သောင်းကျော်ကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က မေ ၂၇ ရက်မှ စတင်ထုတ်ချေးပေးခဲ့ရာ ဩဂုတ် ၂၈ ရက်တွင် ချေးငွေအားလုံး ထုတ်ချေးပြီးစီးခဲ့ကြောင်း ခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာထံမှ သိရသည်။

ခရိုင်တစ်ခုလုံးအနေဖြင့် သီးနှံမျိုးစုံ စိုက်ဧက ၂၇၁၉၁၅ ဧကအတွက် စိုက်ပျိုးစရိတ် ချေးငွေစုစုပေါင်း ကျပ်သိန်းပေါင်း ၁၂၆၀၃၄ ဒသမ ၂ သိန်းကို ထုတ်ချေးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တောင်သူများအနေဖြင့် ချေးငွေအပေါ်ပေးဆပ်ရမည့် အတိုးနှုန်းမှာ ငွေကျပ် ၁၀၀ အပေါ်တွင် တစ်လ ၄၂ ပြား နှုန်းသာဖြစ်သဖြင့် တောင်သူများ၏ စိုက်ပျိုးရေးအတွက် များစွာအထောက်အကူပြုသည့် ချေးငွေဖြစ်ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# မိုးနဲမြို့တွင်းလမ်းများတိုးချဲ့

**မိုးနဲ စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်၌ လမ်းဦးစီးဌာန၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် နမ့်စန်-လင်းခေးလမ်းပိုင်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် မိုးနဲမြို့တွင်းလမ်းများ တိုးချဲ့ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးနဲမြို့တွင်းလမ်းများ တိုးချဲ့ရာတွင် မိုးနဲ-မောက်မယ်လမ်းပိုင်းမှ မိုးနဲမြို့တွင်းလမ်း မိုင်တိုင်အမှတ်(၀/၀) မှ (၁/၀) အထိနှင့် မိုးနဲ-လင်းခေးလမ်းပိုင်းမှ မိုးနဲမြို့တွင်းလမ်း မိုင်တိုင်အမှတ်(၀/၁) မှ (၁/၀) အထိကို မူလလမ်းအကျယ် ၁၂ ပေမှ ၁၈ ပေကတ္တရာလမ်းများအဖြစ် တိုးချဲ့ဖောက်လုပ်နေခြင်းဖြစ်ပြီး လမ်းဘေးဝဲယာ ရေမြောင်းများကိုလည်း တူးဖော်လျက်ရှိကြောင်း သိရသည်။ လုပ်ငန်းများ အရည်အသွေးပြည့်မီရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက စက်တင်ဘာ ၆ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# ကျန်းမာရေးစောင့်ရှောက်မှုများ နယ်လှည့်ဆောင်ရွက်

**သရက် စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းအစီအစဉ်ဖြင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီး ကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုများကို နယ်လှည့်ဆောင်ရွက်လျက်ရှိရာ သရက်မြို့နယ် သဲဖြူကျေးရွာမှ ဒေသခံပြည်သူများအား စက်တင်ဘာ ၅ ရက်က ကွင်းဆင်းဆေးကုသပေးခဲ့ကြောင်း သိရသည်။

ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရာတွင် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီးများ၊ ခရိုင်ဆေးရုံကြီးမှ ဆရာဝန်ကြီးများနှင့် သူနာပြုများက ကုသပေးခဲ့ကာ ကျေးရွာမှ အသက် ၆၀ ကျော် အထွေထွေရောဂါဝေဒနာရှင် ၁၀၇ ဦး၊ အသက် ၆၀ အောက်ဝေဒနာရှင် ၄၉၉ ဦး၊ သွားနှင့်ခံတွင်းဝေဒနာရှင် ၅၁ ဦး၊ အသေးစားခွဲစိတ်ကုသမှု ကိုးဦးတို့ကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**



# မြန်မာ-ထိုင်း နှစ်နိုင်ငံဖြတ်သန်းစက်ဘီးစီးပွဲတော် မော့တောင် နယ်စပ်ဂိတ်၌ ကျင်းပ

**တနင်္သာရီ စက်တင်ဘာ ၈**

မြန်မာ-ထိုင်းနှစ်နိုင်ငံဖြတ်သန်းစက်ဘီးစီးပွဲတော်ကို တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် သိန်ခွန်းကျေးရွာအုပ်စု မော့တောင်နယ်စပ်ဂိတ်မှုခ်ဦး (မြန်မာ)အရှေ့၌ စက်တင်ဘာ ၆ ရက်က ကျင်းပရာ ထိုင်းနိုင်ငံအတွင်းမှ နိုင်ငံသူနိုင်ငံသား စက်ဘီးစီးသမားပေါင်း ၁၈၃၆ ဦးတို့က မော့တောင်အမှတ် (၃) နယ်မြေ မယ်နံ့ဝပ် ကုန်းမြေရှိ သရဏ္ဍူရန်ပြေမာန်ပြေ စေတီတော်မြတ်ကြီးအထိ တပျော်တပါး စီးနင်းကြသည်။

အဆိုပါ စက်ဘီးစီးပွဲတော်ကို ထိုင်းနိုင်ငံ ပရာကျွတ်ခရီခန်ခရိုင်ဝန် Mr. Weera ဦးဆောင်စီးနင်းလိုက်ပါပြီး မြန်မာ-ထိုင်း နှစ်နိုင်ငံ ပိုမိုချစ်ကြည်ရင်းနှီးမှု တိုးစေရန်၊ နှစ်နိုင်ငံခရီးသွားလာရေးအဓိက မြှင့်တင်ရန်နှင့် နယ်စပ်စင်ခွန်းဂိတ်ကို အများပြည်သူပိုမိုသိရှိစေရန် ရည်ရွယ်၍ ထိုင်းနိုင်ငံအတွင်းမှ စက်ဘီးစီးသမားပေါင်း ၂၀၀၈ ဦးအနက် ၁၈၃၆ ဦးသည် ထိုင်းနိုင်ငံ ပရာကျွတ်ခရီခန်ခရိုင် ကမ်းခြေမင်္ဂလာတံတားမှ ၃၁ ကီလိုမီတာကွာဝေးသည့် မော့တောင်ဒေသအမှတ်(၃)နယ်မြေ မယ်နံ့ဝပ်ဘုရားကုန်းတော်အထိ စီးနင်းကြခြင်းဖြစ်ကြောင်း သိရသည်။

ယင်းစက်ဘီးစီးအဖွဲ့သည် နံနက် ၁၁ နာရီခွဲတွင် ပြန်လည်စီးနင်းထွက်ခွာခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



# မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာ ၁၀ ရွာအတွက် ရန်ပုံငွေများပေးအပ်

**သာစည် စက်တင်ဘာ ၈**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများ အလုပ်အကိုင်၊ အခွင့်အလမ်းများရရှိရေးနှင့် လူမှုစီးပွားမြင့်မားရေးတို့အတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းများကို ဆောင်ရွက်လျက်ရှိရာ သာစည်မြို့နယ်အတွင်းမှ ကျေးရွာ ၁၀ ရွာအတွက် မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ စက်တင်ဘာ ၇ ရက်က ကျင်းပခဲ့သည်။

မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေရရှိသည့် ကျေးရွာများသည် အဆိုပါရန်ပုံငွေများဖြင့် ကျေးရွာရှိ အသင်းသားများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်အရောင်းအဝယ်လုပ်ငန်းများကို တိုးတက်အောင် လုပ်ကိုင်သွားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# အက်သလက်တီကိုတို့ ခြေကုန်ထုတ်ရမယ့် လာလီဂါပွဲစဉ်(၃)



ဒီတစ်ပတ်ရဲ့ စပိန်လာလီဂါပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားတဲ့အခါ ပွဲစဉ် (၃)အဖြစ် ဆင်နွှဲကြမှာဖြစ်တာကြောင့် စိတ်ဝင်စားစရာပွဲတွေပါဝင်နေပါတယ်။ ပွဲစဉ်(၃)ကို စက်တင်ဘာ ၁၂ ရက်၊ ၁၃ ရက်တွေမှာ ကစားတဲ့အခါ ရင်ခုန်ရမယ့်ပွဲစဉ်တွေကတော့ အက်သလက်တီကိုနဲ့ ဘာစီလိုနာ၊ လီဗန်တေးနဲ့ ဆီဗီလာ၊ အက်စ်ပန်ညိုနဲ့ ရီးရဲမက်ဒရစ်တို့ရဲ့ ပွဲတွေဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ရလဒ်တွေကောင်းဖို့ ကြိုးစားနေတဲ့ ထိပ်တန်းအသင်းတွေရဲ့ အမှတ်စုဆောင်းနိုင်မှု စွမ်းရည်ကို အကဲခတ်ခွင့်ရဦးမှာဖြစ်ပါတယ်။

**အက်သလက်တီကို နှင့် ဘာစီလိုနာ**

နှစ်သင်းစလုံးရာသီအဖွင့်ပွဲစဉ်တွေမှာ အားရစရာကောင်းတဲ့ ခြေစွမ်းတွေနဲ့ပွဲထွက်ခဲ့ကြတာမို့ အခုပွဲမှာတော့ ပုံမှန်ပြန်ရစပြုနေတဲ့ သူတို့စွမ်းဆောင်မှုတွေကို အားပြိုင်တော့မှာဖြစ်ပါတယ်။ ဘာစီလိုနာရဲ့ တိုက်စစ်က အထနှေးနှေးနဲ့ ဂိုးတွေသွင်းယူနိုင်နေသလို ခံစစ်မှူးတွေကလည်း အမှားအယွင်းနည်းနည်းနဲ့ ပိတ်ဆို့ဟန့်တားမှုကောင်းနေပြီဖြစ်ပါတယ်။ ဒါပေမယ့် ဘီလ်ဘာအိုနဲ့ မာလာဂါတို့ကို တစ်ဂိုးစီသွင်းပြီး အနိုင်ယူထားတဲ့ ဘာစီလိုနာရဲ့ တိုက်စစ်က အားရစရာတော့ မရှိပါဘူး။ အက်သလက်တီကိုတို့က ဆီဗီလာကို သုံးဂိုးအထိသွင်းယူပြီး အနိုင်ရထားတဲ့ ခြေစွမ်းကကောင်းမွန်နေပါတယ်။ ဒီနှစ်သင်းနောက်ဆုံးသုံးပွဲ တွေ့ဆုံခဲ့တဲ့ရလဒ်ကို ကြည့်ရင် အက်သလက်တီကိုတို့ တစ်ပွဲမှမနိုင်ခဲ့ပါဘူး။ အခုပွဲမှာလည်း အဲဒီမှတ်တမ်းအတိုင်း ဘာစီလိုနာတို့ စွမ်းဆောင်နိုင်မလားကြည့်ရမှာဖြစ်ပါတယ်။

**လီဗန်တေးနှင့် ဆီဗီလာ**

ဒီနှစ်လာလီဂါမှာ နှစ်ပွဲကစားပြီးချိန်အထိ နိုင်ပွဲမရသေးတဲ့ ဆီဗီလာတို့အတွက် အခုပွဲက စိန်ခေါ်မှုတွေရှိနေပါတယ်။ လီဗန်တေးတို့လည်း နိုင်ပွဲမရသေးတာမို့ အပြန်အလှန်ဖိအားပေးမှုတွေနဲ့အတူ အနိုင်ရလဒ်ကို အပြိုင်ရှာဖွေကြပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲထိပ်တိုက်တွေ့ဆုံမှုကိုကြည့်ရင် တစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲဖြစ်ထားတာမို့ အခုပွဲဟာ ပြတ်သားတဲ့ရလဒ်ကို အဖြေထုတ်ကြမှာပါ။ အခုပွဲအတွက် အိမ်ရှင်တိုက်စစ်မှူးတွေရဲ့ အားထုတ်မှုကို ယုံကြည်မှုပေးရမှာဖြစ်ပါတယ်။

**အက်စ်ပန်ညိုနှင့် ရီးရဲမက်ဒရစ်**

ဒီနှစ်သင်းရဲ့ တွေ့ဆုံမှုမှတ်တမ်းတွေကိုကြည့်ရင်တော့ ရီးရဲမက်ဒရစ်တို့ပဲနိုင်ပွဲတွေရထားတာများပါတယ်။ ဒါပေမယ့် ဒီနှစ် လာလီဂါအဖွင့်ပွဲစဉ်မှာ ဂီဂျွန်ကို ဂိုးမရှိသရေကစားခဲ့တဲ့ ရီးရဲမက်ဒရစ်ရဲ့ ခြေစွမ်းက စိတ်ပျက်စရာဖြစ်ပေမယ့် ဘက်တစ်ကို နှစ်ဂိုးပြတ်နဲ့နိုင်ပွဲရခဲ့လို့ စိတ်သက်သာရစရာပါ။ အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်တဲ့ အက်စ်ပန်ညိုရဲ့ ကစားအားကို အလေးအနက်ထားကစားရင် ရီးရဲမက်ဒရစ်တို့ နိုင်ပွဲဆက်ပါလိမ့်မယ်။

**ဂီဂျွန်နှင့် ဗလင်စီယာ**

ရီးရဲမက်ဒရစ်နဲ့ ဆိုစီဒက်အသင်းတွေကို သရေကစားထားနိုင်တဲ့ တန်းတက်ဂီဂျွန်ရဲ့ ခြေစွမ်းက လျှော့တွက်လို့ မရတာအမှန်ပါပဲ။ ဂီဂျွန်နဲ့ဆုံတိုင်း ဗလင်စီယာတို့ နိုင်ပွဲရခဲ့တာများပေမယ့် ပွဲတိုင်းရုန်းကန်ခဲ့ရတာချည်းပါပဲ။ အခုပွဲဟာ အိမ်ကွင်းဖြစ်တာမို့ ဂီဂျွန်ဟာ ဗလင်စီယာကို ခြေကုန်ထုတ်ပြီး အမှတ်ရအောင်ကြိုးစားပါလိမ့်မယ်။ ဗလင်စီယာတို့ လက်ရှိခြေစွမ်းနဲ့ တစ်မှတ်ရရင်လည်း မနစ်နာဘူးလို့ ယူဆရမှာပါ။

**ဘက်တစ်နှင့် ဆိုစီဒက်**

တန်းတက်ဂီဂျွန်ကို အိမ်ကွင်းမှာ ဂိုးမရှိသရေပွဲသာကစားနိုင်ခဲ့တဲ့ ဆိုစီဒက်ကို ဘက်တစ်တို့ အိမ်ကွင်းမှာ ဖိအားပေးနိုင်မလားကြည့်ရမှာပါ။ ဘက်တစ်တို့က ပွဲစဉ်(၂)မှာ ရီးရဲမက်ဒရစ်ကို ဂိုးပြတ်ရှုံးထားတာမို့ ဒီပွဲမှာ စိတ်ဓာတ်ကောင်းကောင်းနဲ့ ကစားပါလိမ့်မယ်။ ဆိုစီဒက်ဟာ ဘက်တစ်နဲ့ဆုံတိုင်း အသာစီးရတာများပါတယ်။ အခုပွဲမှာ ဘက်တစ်ရဲ့ အိမ်ကွင်းရုန်းကန်အားကြောင့် အမှတ်ခွဲယူရကိန်းလည်း ဆိုက်သွားနိုင်ပါတယ်။

**ဘီလ်ဘာအိုနှင့် ဂီတာဖေး**

ဒီနှစ်လာလီဂါအဖွင့်ပွဲစဉ်မှာ နှစ်ပွဲစလုံးရှုံးပွဲကြုံထားတဲ့ ဂီတာဖေးတို့ ဘီလ်ဘာအိုအိမ်ကွင်းမှာ ပွဲကျပ်အဖြစ်ကစားရပါလိမ့်မယ်။ ဘီလ်ဘာအိုတို့က အိမ်ကွင်းမှာ ကစားအားကောင်းတာမို့ ဂီတာဖေးတို့ တော်ရုံကြိုးစားလို့ မရနိုင်ပါဘူး။ ဒီနှစ်သင်းရဲ့နောက်ဆုံးသုံးပွဲတွေ့ဆုံမှုကိုကြည့်ရင် ဘီလ်ဘာအိုတို့က နိုင်ပွဲရခဲ့တာများပါတယ်။ ဒါပေမယ့် အဖွင့်ပွဲစဉ်နှစ်ပွဲစလုံးရှုံးပွဲတွေကြုံထားတာမို့ ဘီလ်ဘာအိုရဲ့ ခြေစွမ်းကလည်း ယုံကြည်လို့ မရပါဘူး။ အခုပွဲဟာ ခြေစွမ်းမကျွာတာမို့ သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

**ဂရန်နာဒါနှင့် ဗီလာရီးရဲ**

အဖွင့်ပွဲစဉ်ကတည်းက ခြေယိုင်မှုမရှိသေးတဲ့ ဗီလာရီးရဲတို့က ဂရန်နာဒါကို ခြေကုန်ထုတ်ရပါလိမ့်မယ်။ အဖွင့်ပွဲစဉ်မှာ အီဘာကို ရှုံးခဲ့ပေမယ့် ပွဲစဉ်(၂)မှာ ဂီတာဖေးကို အနိုင်ရအောင်ကစားထားတဲ့ ဂရန်နာဒါရဲ့ ခြေစွမ်းနဲ့အားထုတ်မှုက ကောင်းမွန်နေပါတယ်။ ဗီလာရီးရဲဟာ ဂရန်နာဒါနဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့တဲ့ရလဒ်ကိုကြည့်ရင် နိုင်ပွဲမရခဲ့တာမို့ အခုပွဲမှာ ခက်ခဲမှာတော့ အမှန်ပါပဲ။ ဒါပေမယ့် ဗီလာရီးရဲရဲ့ ခြေစွမ်းက ပြန်တက်လာတာမို့ ဂရန်နာဒါတို့ တစ်မှတ်ရရင် ကျေနပ်ရမယ့် အနေအထားပါပဲ။

**မိုးမြင့်လင်းလက်**

## အရန်တိုက်စစ်မှူး မဖြစ်လိုတဲ့ နေမာ

ဘရာဇီးတိုက်စစ်မှူးနေမာနဲ့ မက်ဆီတို့ဟာ ဘာစီလိုနာအသင်းမှာ အတွဲညီတဲ့ တိုက်စစ်မှူးတွေဖြစ်ပါတယ်။ နေမာကို မန်ယူက ငွေပုံအောပြီးခေါ်ယူဖို့ ကြိုးစားခဲ့ပေမယ့် နေမာက ငြင်းဆိုခဲ့ပါတယ်။ သို့ပမေယ့် တိုက်စစ်မှူးနေမာဟာ ကော်စတာရီကာကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရခဲ့တဲ့ ခြေစမ်းပွဲမှာတော့ ပွဲထွက်ကစားသမားစာရင်းမှာ မပါဝင်ခဲ့တဲ့အတွက် လူစားလဲကစားသမားအဖြစ်သာ ပါဝင်ခွင့်ရခဲ့ပါတယ်။ ဒီအတွက် စိတ်ပျက်နေတယ်လို့ ဆိုပါတယ်။ အသက် ၂၃ နှစ်အရွယ်သာရှိသေးတဲ့ တိုက်စစ်မှူးနေမာဟာ ပြီးခဲ့တဲ့ ကိုပါအမေရိကဖလားပြိုင်ပွဲ ကိုလံဘီယာနဲ့ပွဲစဉ်မှာ အနီကတ်နဲ့ ထုတ်ပယ်ခံရမှုကြောင့် နှစ်ပွဲ ပြစ်ဒဏ်ချမှတ်ခံခဲ့ရပါတယ်။ နေမာဟာ ဘရာဇီးအသင်းအတွက် အကောင်းဆုံးကစားပေးဖို့ စိတ်အားထက်သန်နေသော်လည်း အရန်ခုံမှာထိုင်နေရခြင်းကို စိတ်ပျက်မိတယ်လို့ ပြောဆိုလိုက်ပါတယ်။ အရန်ခုံမှာ ထိုင်ရတာဟာ ကျွန်တော့်အတွက်တော့ အဆင်မပြေပါဘူး။ အမြဲတမ်းပွဲထွက်ကစားသမားအဖြစ်သာ ကစားလိုပါတယ်လို့ နေမာက ထပ်လောင်းပြောဆိုလိုက်ပါတယ်။

## မန်ယူအသင်းခေါင်းဆောင်ဖြစ်လာဖွယ်ရှိနေတဲ့ မာရှယ်

ပြင်သစ်တိုက်စစ်မှူး မာရှယ်ဟာ အနာဂတ်မှာ မန်ယူအသင်းရဲ့အသင်းခေါင်းဆောင်ဖြစ်လာဖွယ်ရှိနေတယ်လို့ မန်ယူနည်းပြ ဗန်ဟားလ်က သုံးသပ် ပြောကြားလိုက်ပါတယ်။ အသက် ၁၉ နှစ်အရွယ်သာရှိသေးတဲ့ တိုက်စစ်မှူး မာရှယ်ဟာ အပြောင်းအရွှေ့ကာလနောက်ဆုံးနေ့မှာ ပြင်သစ်ကလပ် မိုနာကိုမှ မန်ယူက ပေါင် ၃၆ သန်းနဲ့ခေါ်ယူခဲ့တာပါ။ မာရှယ်ကို မန်ယူက ဈေးကြီးကြီးပေးပြီး ခေါ်ယူခဲ့မှုအပေါ် ဘောလုံးလောကတစ်ခုလုံးအတွက် အံ့အားသင့်စေခဲ့ပါတယ်။ မာရှယ်ဟာ ငယ်စဉ်ကတည်းက ခေါင်းဆောင်အရည်အချင်းတွေရှိနေတာကြောင့် မန်ယူအသင်းမှာသာမက ပြင်သစ်အသင်းမှာလည်း ခေါင်းဆောင်ဖြစ်လာဖွယ်ရှိတယ်လို့ မာရှယ်ရဲ့ အစ်ကိုဖြစ်သူ ဒိုရီအန်က သုံးသပ်ပြောကြားလိုက်ပါတယ်။ မာရှယ်ဟာ ဘောလုံးကစားတဲ့အခါ ထူးခြားတဲ့ အရည်အချင်းတွေ ပိုင်ဆိုင်ထားတဲ့အတွက် မန်ယူမှာ အောင်မြင်မှုတွေရလာဖို့ သေချာနေတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် အသင်းခေါင်းဆောင် ရွှန်းနေကတော့ ကစားဖော်မဖြစ်မီက မာရှယ်ကို တစ်ကြိမ်တစ်ခါမျှ မြင်တွေ့ခဲ့ဖူးခြင်းမရှိကြောင်း ပြောဆိုလိုက်ပါတယ်။ မာရှယ်ဟာ လက်ရှိအချိန်မှာ အသက်အရွယ်ငယ်လွန်းသေးတဲ့အတွက် အသင်းခေါင်းဆောင် မဖြစ်နိုင်သေးသော်လည်း အနာဂတ်မှာတော့ မန်ယူအသင်းနဲ့ ပြင်သစ်အသင်းတို့ရဲ့ အသင်း ခေါင်းဆောင် ဖြစ်လာဖွယ်ရှိနေတယ်လို့ ဆိုပါတယ်။



**ကောင်းမြတ်သူ - စုစည်းသည်**



## ဂျူဗင်တပ်စ်နဲ့အတူ ဆက်လက်ရှိနေမယ့် ပေါ့ဂ်ဘာ

ကစားသမားခေါ်ယူရေးကာလတစ်လျှောက်လုံး ဂျူဗင်တပ်စ်တိုက်စစ်မှူး ပေါ့ဂ်ဘာကို ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ခေါ်ယူဖို့ ပစ်မှတ်ထားခဲ့တာပါ။ ပေါ့ဂ်ဘာကို ချယ်လ်ဆီးက ပေါင် ၅၄ သန်းပေးပြီး ကမ်းလှမ်းခဲ့တာဖြစ်ပါတယ်။ သို့ပေမယ့် ဂျူဗင်တပ်စ်က ပေါင် ၇၃ သန်းအထိ ဈေးတောင်းခဲ့တာကြောင့် အဆင်မပြေဖြစ်ခဲ့ရပါတယ်။ ပေါ့ဂ်ဘာကို ဘာစီလိုနာနဲ့ မန်စီးတီးတို့ကလည်း ခေါ်ယူဖို့ စိတ်ဝင်စားခဲ့တာပါ။ ပြီးခဲ့တဲ့ရာသီက ဂျူဗင်တပ်စ်နဲ့အတူ ခြေစွမ်းပြဂိုးတွေသွင်းယူခဲ့တဲ့အတွက် ဥရောပထိပ်သီးကလပ်တွေက ခေါ်ယူဖို့ စိတ်ဝင်စားခဲ့ကြတာပါ။

ပေါ့ဂ်ဘာဟာ အသက်အရွယ်ငယ်သော်လည်း ဂိုးသွင်းစွမ်းရည် ထက်မြက်နေဆဲပါ။ တိုက်စစ်မှူးတစ်ဦးအနေနဲ့ အသက် ၂၂ နှစ်အရွယ်ဆိုတာ အကောင်းဆုံးအချိန်ပါပဲ။ တိုက်စစ်မှူး ပေါ့ဂ်ဘာကတော့ ဂျူဗင်တပ်စ်အသင်းမှာပဲ ဆက်လက်ကစားတော့မယ်လို့ ပြောဆိုလိုက်ပါတယ်။ လက်ရှိအချိန်မှာ အသင်းပြောင်းဖို့ အချိန်မတန်သေးပါဘူး။ ကျွန်တော် ဂျူဗင်တပ်စ်မှာပဲ ဆက်ရှိနေမှာပါလို့ ပေါ့ဂ်ဘာက ဆိုပါတယ်။

မြန်မာ့အလင်း


# မကွေးမြို့မှ ဒေသခံပြည်သူများ အန္တရာယ်ကင်းရှင်းရေးအတွက် လမ်းများတွင် လမ်းမီးများလင်းရန် ဆောင်ရွက်လျက်ရှိ

**မကွေး စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး မကွေးမြို့ပေါ်ရှိ အဓိကလမ်းမကြီးများဖြစ်သည့် မြို့ပတ်လမ်း၊ နတ်မောက်လမ်း၊ ပြည်တော်သာလမ်းနှင့် ဆေးရုံလမ်း၊ ဗိုလ်ချုပ်လမ်း၊ ဘုရားလမ်းစသည့် လမ်းမကြီးများတွင် မိုးရွာသွန်းမှုကြောင့် ပျက်စီးသွားသော မီးသီးများ၊ မီးချောင်းများအား ပြုပြင်လဲလှယ်တပ်ဆင်ခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီက စက်တင်ဘာ ၅ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လမ်းများတွင် ညအချိန်များ၌ ဖြတ်သန်းသွားလာနေရသော ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် သွားလာမှုလွယ်ကူစေရန်အတွက် စည်ပင်သာယာရေးကော်မတီရန်ပုံငွေဖြင့် လက်ထောက်အင်ဂျင်နီယာ ဦးမင်းမင်းသန်းက ကြီးကြပ်၍ မြို့နယ်လျှပ်စစ်ဌာနသို့ အကူအညီတောင်းပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"လမ်းမီးလင်းရေးလုပ်ငန်းတွေကို မြို့ပတ်လမ်းကနေ စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ အဓိကကျတဲ့ လမ်းမကြီးတွေဖြစ်တဲ့ နတ်မောက်လမ်း၊ ဗိုလ်ချုပ်လမ်းနဲ့ ဆေးရုံလမ်းတွေကိုမီးလင်းအောင်ပြုလုပ်နေပါတယ်။ နောက်ထပ် ဘုရားလမ်း၊ ပြည်တော်သာလမ်း၊ တက္ကသိုလ်လမ်းတွေအပြင် တစ်မြို့လုံးလမ်းတွေကို မီးလင်းအောင်ဆောင်ရွက်သွားမှာပါ။ မီးတိုင်တွေမီးလင်းရေးအတွက် တစ်တိုင် ကျပ်သုံးထောင်ကနေ ခြောက်ထောင်အထိ ကုန်ကျပါတယ်။ မီးချောင်း၊ ချုပ်၊ မီးကြိုးအပြင် တချို့တိုင်တွေမှာ ဈေးကြီးပေးရတဲ့ အာမခံမီးသီးအကြီးတွေ တပ်ဆင်ရပါတယ်။ အဓိက အရေးကြီးတဲ့ အပိုင်းတွေကို ဦးစားပေးဆောင်ရွက်နေပါတယ်။ လျှပ်စစ်မီးတိုင်ပေါင်း ခြောက်ရာကျော်မှာ လဲလှယ်တပ်ဆင်သွားမှာပါ"ဟု လက်ထောက်အင်ဂျင်နီယာက ပြောသည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီမှ မီးလင်းအောင်ဆောင်ရွက်ပေးခဲ့သော်လည်း မီးချောင်းများ၊ မီးသီးများကို ဖျက်ဆီးမှုများရှိနေသဖြင့် တိုင်းဒေသကြီးမြို့တော်၏ အင်္ဂါရပ်နှင့် ညီညွတ်စေရန်အတွက် အရေးယူဆောင်ရွက်မှုများကိုလည်း ပြုလုပ်သင့်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။ မကွေး-တောင်တွင်းလမ်းမကြီးတွင် ဩဂုတ်လအတွင်းက မီးလင်းအောင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သော်လည်း ရာသီဥတုကြောင့်လည်းကောင်း၊ အရက်သေစာသောက်စားပြီး ရမ်းကားသူအချို့ကြောင့်လည်းကောင်း ပျက်စီးမှုများရှိနေကြောင်း မကွေးမြို့ခံ ပြည်သူအချို့၏ ပြောကြားချက်အရ သိရသည်။

**ခွဲထက်ရှင်**

## အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်ပွဲ ကျင်းပ

**မင်းဘူး စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် ရွာသာယာ ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးလုပ်ငန်းဖွင့်ပွဲနှင့် အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်ပွဲများကို စက်တင်ဘာ ၅ ရက်က ကျင်းပခဲ့သည်။

လျှပ်စစ်မီးလင်းရေးလုပ်ငန်းဖွင့်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာမီးလင်းရေးကော်မတီ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေကကျေးရွာမီးလင်းရေး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည်ရွာသာယာကျေးရွာအခြေခံပညာအထက်တန်းကျောင်း ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးက ပညာရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီးတိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းသားကျောင်းသူများအတွက် အလှူငွေနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကာ အဆောင်နေကျောင်းသား ကျောင်းသူဦးရေ များပြားလာသည့်အတွက် ဘော်ဒါဆောင်နှင့်ရေလောင်း အိမ်သာများထပ်မံဆောက်လုပ်နိုင်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စီမံချက် မဲခေါင်စစ်ဆင်ရေး (၂) ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၄ ရက်က နယ်မြေခံတပ်၊ မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်၊ မူးယစ်တပ်ဖွဲ့စု (၁၀၄) နေပြည်တော်နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ နယ် မိုင်းကိုးကျေးရွာအုပ်စု ဟိုရမ်း (၂) ကျေးရွာ မ/ ၃ နေ အိုက်ဆိုက်၏ နေအိမ် ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ ကိုလည်းကောင်း၊ အလားတူ ဟိုရမ်း(၂)ကျေးရွာရှိ ကပ်ရှုန်၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား၁၁၀ ကိုလည်းကောင်း၊ ဟိုရမ်း(၂) ကျေးရွာရှိ စိုင်းယီနှင့်မအီလူတို့၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀ တို့ကို သိမ်းဆည်းရမိသည်။ ထို့အတူ စက်တင်ဘာ ၅ ရက်က မူးယစ်တပ်ဖွဲ့စု (၂) မြစ်ကြီးနားမှ လယ်ပြင် ပူးပေါင်းစစ်ဆေးရေးစခန်းအနီး၌ မြစ်ကြီးနားမှ ဖားကန့်သို့ လဆန်လောဒ်အောင်ဆိုင်း မောင်းနှင်ပြီး အမ်တူးတူးအောင်နှင့် မင်းနိုင်တို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ 88 နှင့် 1 စာတန်းပါ ပန်းရောင်စိတ်ကြွရူး သွပ်ဆေးပြား ၇၈၀၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**




# ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဆောင်ရွက်မှုများ

**မောင်မောင်(လျှပ်စစ်)**

ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မြန်မာနိုင်ငံအနှံ့တွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် အိမ်ထောင်စု လေးသိန်းကျော်မှ လူဦးရေ ၁၆ သိန်းကျော် ရေဘေးကြုံတွေ့ခဲ့ရကာ နေအိမ်အချို့ပြိုကျပျက်စီးမှုများလည်း ရှိခဲ့ပြီး သေဆုံးသူစုစုပေါင်း ၁၁၇ ဦးရှိကြောင်း သိရသည်။

မိုးသည်း၊ လေထန်၊ ရေကြီးရေလျှံတိုင်း ဖြစ်လေ့ဖြစ်ထရှိသည့် လျှပ်စစ်အန္တရာယ် သို့မဟုတ် ဓာတ်လိုက်မှုအန္တရာယ်ကို ကြိုတင်ကာကွယ်ရန်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ရေကြီးရေလျှံသော ဒေသများသို့ ဓာတ်အားပို့လွှတ်ခြင်းကို ခေတ္တရပ်ဆိုင်းပြီး ဓာတ်အားပိတ်ထားခဲ့ပါသည်။ ထို့အတူ လေပြင်းတိုက်ခတ်မှုနှင့် ဆိုးရွားသောရာသီဥတုကြောင့် ဓာတ်အားလိုင်းများ၊ တာဝါတိုင်များ၊ ဓာတ်တိုင်များ လဲပြိုခြင်း၊ ထရန်စဖော်မာများ၊ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားပေးစက်ရုံများသို့ ရေဝင်နစ်မြုပ်ခြင်းတို့ကြောင့်လည်း လျှပ်စစ်အန္တရာယ် ဖြစ်ပွားနိုင်သဖြင့် ဓာတ်အားဖြန့်ဖြူးမှုကို ခေတ္တရပ်ဆိုင်းရခြင်း၊ ရေဝင်နစ်မြုပ်ခြင်းကြောင့် ဓာတ်အားပေးစနစ်အချို့ ပျက်စီးယိုယွင်းသွားသဖြင့် ဓာတ်အားဖြန့်ဖြူးရန် အခက်အခဲကြုံတွေ့ပြီး ဓာတ်အားပြတ်တောက်ခြင်းများလည်း ဖြစ်ခဲ့ပါသည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းရေးသည် ပထမ (Safety First)ဆိုသော ဆောင်ပုဒ်နှင့်အညီ ရေဘေးသင့်ဒေသများရှိ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် ဦးစားပေးဆောင်ရွက်နေသလို ရေဘေးသင့်ဒေသများတွင် အကြောင်းအမျိုးမျိုးကြောင့် ဓာတ်အားပြတ်တောက်ခြင်းနှင့် ဓာတ်အားဖြတ်တောက်ထားရခြင်းများကိုလည်း ရေကြီး ရေလျှံမှုဖြစ်ပွားပြီးချိန်တွင် လျှပ်စစ်ဓာတ်အား ပြန်လည်ပို့လွှတ်ပေးနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ရေကြီးစဉ်က ကလေးမြို့ရှိ တည်ဆောက်ဆဲ ၆၆ ကေဗွီဓာတ်အားခွဲရုံရှိ Control Panel များ၊ Battery Charger နှင့် Capacitor Bank များ၊ ထရန်စဖော်မာများ၊ ဓာတ်အားပေးစက်များ ရေနစ်မြုပ်ခဲ့သည့်အပြင် ကလေးမြို့သို့ ဓာတ်အားပို့လွှတ်နေသော ဓာတ်အားလိုင်းများလည်း ပြတ်တောက်သွားခဲ့ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ညွှန်ကြားဖြည့်ဆည်းပေးမှုများအရ ခရိုင်နှင့် မြို့နယ်လျှပ်စစ် အင်ဂျင်နီယာများ၊ ဝန်ထမ်းများက ရေနစ်မြုပ်ခဲ့သော ဓာတ်အားပေးစက်များ၊ ဓာတ်အားခွဲရုံများတွင် တင်ကျန်ခဲ့သော ရွှံ့နွံများကိုဖယ်ရှားခြင်း၊ စက်များကို ပြန်လည်ပြုပြင်ခြင်းများကို ဆောင်ရွက်ခဲ့သည်။ မီးစက်များ ပြန်လည်ပြုပြင်နေစဉ်အတွင်း ကလေးမြို့ပေါ်ရပ်ကွက်များသို့ လိုအပ်သောဓာတ်အားကို ထပ်မံရောက်ရှိလာသော ၃၀၀ ကေဗွီအေ မီးစက်တစ်လုံးနှင့် ၂၅၀ ကေဗွီအေ မီးစက်နှစ်လုံးတို့ဖြင့် ဩဂုတ် ၁၃ ရက်မှစ၍ အလှည့်ကျစနစ်ဖြင့် ဓာတ်အားစတင်ဖြန့်ဖြူးပေးခဲ့ပါသည်။

ထို့နောက်တွင် ရေမြုပ်ပျက်စီးခဲ့သော ၅၀၀ ကေဗွီအေမီးစက်ကို ပြန်လည်ပြုပြင်ပြီး ဓာတ်အားပို့လွှတ်ပေးနိုင်ခဲ့ပါသည်။ ရေနစ်မြုပ်ခဲ့သော ရပ်ကွက်များမှ ပြုပြင်ရန်ကျန်သော ဓာတ်တိုင်များ၊ ဓာတ်အားလိုင်းများ၊ ဆားဗစ်ကြိုးများ၊ အိမ်တွင်းဝါယာကြိုးများ၊ မီတာများကို စစ်ဆေးပြုပြင်ခြင်းများကိုလည်း အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ကြသည်။ ကလေးမြို့မှ ရေနစ်မြုပ်ခဲ့သော အိမ်သုံးမီတာအလုံးရေ ၂၀၀၀ ကျော်ကိုလည်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခြင်းဖြစ်၍ အခကြေးငွေလုံးဝမယူဘဲ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အစားထိုးတပ်ဆင်ပေးခဲ့ပါသည်။

ထိုသို့ ဆောင်ရွက်နေစဉ်အတွင်း၌လည်း ကလေးမြို့သို့ အရန်မီးစက်လေးလုံး ထပ်မံရောက်ရှိလာသဖြင့် ဩဂုတ် ၂၁ ရက်မှစ၍ စုစုပေါင်း မီးစက် ၈ လုံးဖြင့် မြို့ပေါ်ရပ်ကွက်များသို့ ဓာတ်အားဖြန့်ဖြူးနိုင်ခဲ့ပါသည်။

ယခုအခါ ကလေးမြို့တွင် သဘာဝဘေးအန္တရာယ်မှ လွတ်မြောက်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများပူးပေါင်းလက်တွဲ၍ ဆောင်ရွက်နေပြီဖြစ်ပါသည်။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည်လည်း တက်ညီလက်ညီဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကလေးမြို့ရေနစ်မြုပ်မှုတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားခွဲရုံများ၊ ဝန်ထမ်းအိမ်ရာများပါ ရေနစ်မြုပ်ခဲ့သော်လည်း ဝန်ထမ်းများအနေဖြင့် ကလေးမြို့၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် အဓိကကျသော လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေးအတွက် မိမိတို့အိမ်ကိုပင် ပြန်မကြည့်နိုင်ဘဲ ဓာတ်အားအမြန်ဆုံး ပြန်လည်ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်ခဲ့ကြသဖြင့် ယခုအခါ ကလေးမြို့၌ ဓာတ်အားပြန်လည်ရရှိခဲ့ပြီဖြစ်ပါသည်။

ကလေးမြို့သာမက အခြားသော ရေဘေးသင့်ဒေသများတွင်လည်း ကြုံတွေ့ခဲ့ရသည့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများကိုလည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ ညွှန်ကြားမှုနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အင်ဂျင်နီယာချုပ်များ၊ ပြည်နယ်နှင့်တိုင်း လျှပ်စစ်အင်ဂျင်နီယာများ၏ အနီးကပ်ကြီးကြပ်မှုများဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများက နေ့မအား ညမနား ပြန်လည်ပြင်ဆင်လျက်ရှိကာ ပြန်လည်ထူထောင်ရေးအတွက် အရေးပါသောလျှပ်စစ်ဓာတ်အားကို အမြန်ဆုံးပြန်လည်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

**ကလေးမြို့မှ ရေနစ်မြုပ်ခဲ့သော အိမ်သုံးမီတာ အလုံးရေ ၂၀၀၀ ကျော်ကိုလည်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခြင်းဖြစ်၍ အခကြေးငွေ လုံးဝမယူဘဲ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အစားထိုး တပ်ဆင်ပေးခဲ့ပါသည် . . .**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ ''မန္တလေးမျဉ်းဖြောင့်များ''အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ ''မန္တလေးမျဉ်းဖြောင့်များ'' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay 'အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် '' ၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချိုညချမ်း'' အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော '' ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း'' ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# တစ်ဖက်မှာဈေး၊ တစ်ဖက်မှာ စောင်းတန်း . . . ဗိုလ်ဗထူးလမ်းအလယ်မှာ . . .

ဆူးငှက်



ဗိုလ်ဗထူးလမ်းဘေးက အနောက်ဘက်(၄၅) တာကွင်းကြီးကိုမြင်ရတော့ လွမ်းဆွတ်တသဖွယ် မြင်ကွင်းတစ်ခုကို သတိရမိသည်။ ရုံဇာတ်ပွဲကြီးများ ခေတ်ကောင်းချိန်ကာလဟု ဆိုရမှာပေါ့။ နှစ်စဉ် ဝါဆို ဝါခေါင်ရောက်လျှင် ရုံဇာတ်ကြီးများက အထက်မြန်မာပြည်မှာ မိုးခိုရောက်လာကြ၏။ အနောက်(၄၅) တာကွင်းကြီးထဲတွင် ဇာတ်ရုံကြီးနှစ်ရုံကို နယုန်လလောက်ကတည်းက ထိုးထားတော့သည်။ သည်ရုံကြီးတွေမှာ ကပြမည့်ဇာတ်အဖွဲ့ကြီးများ၏ ရှေ့နောက်အစီအစဉ်များကိုလည်း ကြော်ငြာထားလေသည်။ သစ္စာမေတ္တာ ရွှေမန်းသဘင်၊ ကက်နက်စိန် တက်သက်စိန်၊ စိန်မဟာသဘင်၊ မြို့တော်အင်အားစု၊ စိန်မာဒင် စသည်ဖြင့်ဖြစ်၏။

မန္တလေးမြို့က ပွဲကြိုက်သူများကလည်း ဘုရားကြီး (၄၅)တာ ဝင်ကကြမည့် ဇာတ်အဖွဲ့ကြီးများကို မျှော်တလင့်လင့်ဖြင့် ဈေးချိုသူများက ညွှန့်ဝင်း၊ ဝင်းဗိုလ်၊ ဆန်းဝင်းတို့ပါ ကပြမည့် ရွှေမန်းသဘင်ကို ကြိုက်နှစ်သက်သူများရှိသလို၊ ကက်နက်စိန်နှင့် ရဲစိန်၊ ညီဝင်းစိန်တို့ကို အားပေးမည့်သူများလည်းရှိသည်။ ဈေးချိုမှာက ပွဲကြိုက်သူများကြားတွင် အဓိကပြိုင်ဖက်များမှာ သည်ဇာတ်နှစ်ဖွဲ့၏ အင်အားများသာရှိသည်။ မြို့တော်သိန်းအောင်၏ မြို့တော်အင်အားစု ပရိသတ်က ယောကျ်ားလေးပရိသတ် အများစုဖြစ်သည်။

အနောက်(၄၅)တာရှိ ရုံကြီးနှစ်ရုံတွင် ရွှေမန်းသဘင်နှင့်စိန်မဟာသဘင်အပြိုင်ဝင်ပြီဆိုလျှင် စည်လိုက်သည်မှာ ပြောစရာမရှိ။ ဆိုင်းနှင့်ကပ်လျက် ရှေ့ဆုံးတန်း A Roll အတန်းကို မရမကဝယ်ကြ၏။ အခုခေတ်လိုဆိုတော့ V.I.P တန်းပေါ့။ ထို A Roll က ဇာတ်အဖွဲ့ကိုယ်ပိုင်လက်မှတ်များဖြစ်သည်။ ဈေးချိုသူတွေ ပါးစပ်ဖျားမှာ "ဗိုလ်ဗိုလ်ဆီက လက်မှတ်လေ၊ A Roll က"ဟု ပြောနိုင်အောင် အလုအယက်ကြိုးပမ်းကြသည်။ ထိုလက်မှတ်ကလည်း မေတ္တာလက်မှတ်မှသည် လက်အဆင့်ဆင့်ကူးကာ မှောင်ခိုဈေးထိပေါက်တော့သည်။ ထိုခေတ်က ဖျာတစ်ချပ် ၁၀၀ ဟူသောတန်ဖိုးက အံ့သြဖွယ်ဖြစ်တော့သည်။ "ဖျာတစ်ချပ် ၁၀၀ တောင် ပေးကြည့်ရတာလေ"ဟု ဂုဏ်ယူဝင့်ကြွားစွာပြောဆိုလေ့ရှိသည်။

A Roll နောက်ကအတန်းတွေကိုတော့ တိုင်နံပါတ်နှင့်ခွဲခြားထားသည်။ ဇာတ်ရုံကြီး၏ တိုင်နံပါတ်များမှာ ၁ မှ ၁၀ ထိတော့ အနည်းဆုံးရှိသည်။ တိုင်တစ်တိုင်နှင့်တစ်တိုင်ကြား အခန်းဖွင့်က ၁၀ တောင် အနည်းဆုံးရှိ၏။ A Roll မရသူတွေက ၁ တိုင်နှင့် ၂ တိုင်ကြားနေရာကိုယူကြရသည်။ တကယ်တော့ နေရာကောင်းအများစုက ပွဲမစခင်ကတည်းက သူ့အဆက်အသွယ်နှင့်သူ အသီးသီးယူထားကြပြီးသားဖြစ်၏။ ဇာတ်ရုံမှာ ဖျာနံပါတ်ဇယားချပ်ကြီးနှင့် ရောင်းချသည်က တိုင်နံပါတ် ၃၊ ၄ ၏ နောက်များနှင့် ကုလားထိုင်လက်မှတ်များသာဖြစ်သည်။ ကုလားထိုင်ဆိုသည်က ဂုန်နီဖျင်ခပ်ပါးပါးနှင့် ပက်လက်ကုလားထိုင်များဖြစ်သည်။ ကုလားထိုင်ကလည်း ဘေးတန်း၊ ရှေ့ဆုံးတန်းတွေက ပွဲမစမီကတည်းက ရောင်းချပြီးသား။

ဈေးချိုက အများဆုံးအားပေးသည့် ဇာတ်ပွဲများဖြစ်သောကြောင့် အဖိတ်နေ့ညလိုမျိုးမှာ ကြိတ်ကြိတ်တိုးစည်ကားလှသည်။ နက်ဖြန်ဥပုသ်နေ့ ဈေးပိတ်သည်မဟုတ်လား။ A Rollက လက်မှတ်ယူထားသည့် ဈေးချိုသူလေးတွေ အဖိတ်နေ့ညနေစောင်းကတည်းက ပွဲသွားဖို့ပြင်ရဆင်ရတော့သည်။ ပွဲသွားသည်ကလည်း တကယ့်ခမ်းခမ်းနားနား။ ကြွေရည်သုတ် ငါးဆင့်ချိုင့်ကြီးတွေမှာ ပွဲခင်းထဲမှာစားဖို့ လက်ဖက်သုပ်၊ ဂျင်းသုပ်များ၊ ဆန္ဒွင်းမကင်း၊ ထိုးမုန့် စသည်များထည့်ကြသည်။ ထို့ပြင် မင်းသားအတွက် လက်ဆောင်ပေးရန် အစားအသောက်များလည်းပါသည်။ အကောင်းဆုံး၊ အသစ်ဆုံးကော်ဇောကြီးတွေ၊ မှီအုံး၊ ခေါင်းအုံးတွေနှင့် ပွဲကြည့်သွားကြ၏။ မပါမဖြစ်ပါရသည်က ဇွန်ပန်း၊ စံပယ်ပန်း ကုံးကြီးများဖြစ်သည်။ လက်မောင်းလောက်တုတ်သည့် ပန်းကုံးကြီးများဖြစ်၏။ သည်ပန်းကုံးတွေက မင်းသားကို လက်ဆောင်ပေးဖို့ဖြစ်သည်။ ထို့ပြင် ပွဲကြိုက်သူတို့ခေါင်းများလည်း ဇွန်၊ စံပယ်ကုံးတွေဝေနေအောင် ပန်ထားကြသေး၏။

တတ်နိုင်သည့် တချို့ပွဲကြိုက်သူတွေက အိမ်မှ စားပွဲတင်ပန်ကာများပင်ပါလာကြ၏။ နာမည်ကျော် နဂါးဆေးလိပ်ခုံပိုင်ရှင် နဂါးဒေါ်ဦးက ကြည့်ပြီဆိုလျှင် ကြွေချိုင့်ကြီး၊ ချိုင့်ငယ်၊ ကတ္တီပါမှီအုံးများ၊ ပန်ကာများနှင့် နောက်လိုက်နောက်ပါ အခြွေအရံအများကြီးနှင့်လာတတ်သည်။

ပွဲကြည့်မည့်ည၊ ပွဲမစမီတွင် အိမ်မှကိုယ်ပိုင်ကားနှင့်လာပြီး ဇာတ်စင်နောက် ကားထိုး၍ မင်းသားဆီထိဝင်ကာ နှုတ်ဆက်ရင်း ပန်းကုံးပေးနိုင်သည့်သူများအား ပွဲလာသူအားလုံးက အံ့သြဂုဏ်ယူကြ၏။ ရုံအတွင်းကိုလည်း အများသူငါဝင်သည့် ဝင်ပေါက်မှမဟုတ်ဘဲ ဇာတ်စင်ဘေးသီးသန့်အပေါက်မှ ကန့်လန့်ကာကိုမကာ A Roll တန်း ရှေ့ဆုံးအလယ်တည့်တည့်တွင် နေရာယူကြတော့လည်း အားလုံး၏ဂရုစိုက်အံ့သြအကြည့်ကို ရကြသေး၏။

ဘုရားကြီး၊ အနောက် (၄၅)တာက ရုံဇာတ်ပွဲခင်းကြီးသည် မန္တလေးကို ကန့်လန့်ဖြတ်မြင်နေသလိုမျိုး ဖြစ်သည်။ ဘယ်သူတွေ A Roll က၊ ဘယ်သူတွေ ၁ တိုင်နှင့် ၂ တိုင်ကြား၊ ဘယ်သူတွေ နောက်ဆုံးတန်းမှာ စသည်ဖြင့်။ ထူးခြားသည်က အားလုံးသည် ကိုယ့်နေရာနှင့်ကိုယ် ရောင့်ရဲကြသည်။ ဘယ်သူက ဘယ်သူ့ကိုမှ ဝန်တိုစိတ်၊ မစ္ဆရိယစိတ်မရှိ။ အားလုံးမုဒိတာ။

ငယ်ငယ်ကတော့ အစ်မများ၊ အဒေါ်များနှင့် ရုံဇာတ်ပွဲကြီးများကို ပွဲခင်းထဲမှ မကြာခဏကြည့်ဖူးပါသည်။ A Roll ကတော့မဟုတ်။ အလွန်ဆုံးရှားတောင့်ရှားပါး ကြည့်ရမှ ၂တိုင်နှင့် ၃တိုင်ကြားကပဲ ဖြစ်သည်။ အရွယ်နည်းနည်းကြီးလာတော့ အစ်ကိုများ၊ ဦးလေးများနှင့် ပက်လက်ကုလားထိုင်ဖြင့် ကြည့်ကြပါသည်။ အစ်ကိုတွေနှင့်ကြည့်ဖြစ်တော့ အစ်မတွေနှင့်ကြည့်သလို ရွှေမန်းသဘင်မဟုတ်။ မြို့တော်သိန်းအောင်၏ မြို့တော်အင်အားစုပဲဖြစ်သည်။

ရွှေမန်းတင်မောင် ကွယ်လွန်ပြီးနောက် သူ့သားတွေက ဇာတ်အဖွဲ့ကိုဦးစီးကာ ပြန်လည်ကနေကြစဉ် မန္တလေးသို့ ပထမဦးဆုံး ရုံဝင်ကပြသောအခါ မန္တလေးက ရွှေမန်းသဘင်ကို မကြုံစဖူးထူးထူးကဲကဲ အားပေးကြ၏။ ဖခင်ရုတ်တရက်ကွယ်လွန်ကာ မန္တလေး၌ အစည်ကားဆုံး နာရေးပို့ဆောင်ပွဲကြီးကလည်း မကြာသေးခင်က။ ထို့ကြောင့် သားတွေပြန်ကတော့ ကရုဏာသက်စွာ အားပေးကြခြင်းဖြစ်၏။ အနောက်(၄၅)မှ ရွှေမန်းသဘင်ကြည့်ပြီး ပြန်လာသူတိုင်း၏ နှုတ်ဖျားမှာ "ကျွန်တော်တို့ရဲ့ ဖေဖေ ××× ဖေဖေ××× သွားလေသူ ရှိစဉ်တုန်းကသာ ××သားတွေနဲ့အတူ လက်တွဲကာ×× အတူလက်တွဲကာ. . . ရှုမြင်စရာ အသွယ်သွယ်××× အနုပညာနယ်ထဲက ××လုပ်သားပြည်သူများကို ဖျော်ဖြေခဲ့ရတာ××"စသော တေးသွားလေး ငြိလာပါတော့၏။

စိန်မဟာသဘင်၏ နာမည်ကျော် ပါတော်မူဇာတ်ထုပ်ကိုလည်း ဘုရားကြီး (၄၅) တာရုံပွဲမှာပင် ကြည့်ခဲ့ရခြင်းဖြစ်သည်။ မြို့တော်သိန်းအောင်၏ "သန်းခေါင်ကိုနေ့မှတ်ပါလို့" နှင့် "တစ်ခါက ပုဂံသည် ရွှေမြို့တော်"ဟူသော ပြဇာတ်များကိုလည်း (၄၅) တာမှာပင် ကြည့်ခဲ့ရတာ မှတ်မိနေပါသည်။

အခုတော့ ရုံဇာတ်ကြီးတွေ ခေတ်မှိန်သွားပြီ။ ကန်သင်းရိုးမှာပင် အားယူနေရဆဲ။ ကတ္တရာလမ်းမပေါ်က နောက်ဆုတ်သွားရတာ ကြာပေပြီ။ ယခင်က ကားရှစ်စီး၊ ကိုးစီးတိုက်ပြီး ဂိတ်ရှိုးကြီးတွေ အပြိုင်အဆိုင်အကြီးအကျယ်ခမ်းနားမှုပြိုင်ခဲ့ကြသော ဇာတ်အဖွဲ့ကြီးသည် ယခုတော့ကားနှစ်စီးတိုက်ပင်အနိုင်နိုင်၊ ပွဲနီးမှပင် ဇာတ်ပစ္စည်းစု၊ လူစုကာလက်ပူတိုက်ဇာတ်ကကြရသည်မဟုတ်လော။ တကယ်တော့ ယခုဇာတ်များကလည်း ယခင်ကလို ပစ္စည်းကိရိယာစုံစုံ၊ လူစုံစုံ၊ ပညာစုံစုံဖြင့် ကစရာလည်းမလိုတော့။ ရှိသည့် အဝတ်အစားနှင့်ပင် မင်းသားမှသည် ထမ်းဆင့်၊ ကားဆွဲ အလုပ်သမားထိ ရရာသီချင်းများနှင့် စတိတ်ရှိုးထွက်ဆိုကြတာ။ သန်းခေါင်ကျော်နှစ်ချက်ထိုးအထိ၊ ပြီးတော့ ဖြစ်ကတတ်ဆန်းပြဇာတ်။ ထို့နောက် တဟေးဟေးအော်ကာ စည်တိုဂျပ်(စ်)ဘင်ဖြင့် နှစ်ပါးသွားကကာ မိုးလင်းကြပေပြီ။

ယခုနှစ် မန္တလေးမှ ဘုရားပွဲများတွင် စင်ထိုးကပြကြသော ဗလာဇာတ်များက စတိတ်ရှိုးကို ပစ္စည်းကိရိယာလျှပ်စစ်မီးများဖြင့် အဆန်းတကြယ် တီထွင်လာကြ၏။

***(၄၅တာ၊ ၁၄ခန်းဇရပ်နှင့် ၇သံချိုညချမ်း အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

## နွားနောက်မွေးမြူရေး လုပ်ငန်းကို မတည်ချမှတ်ပေး

**လဟယ် စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် လဟယ်မြို့နယ် လောင်ဂီးကျေးရွာအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်အစိုးရက နွားနောက်မွေးမြူရေးလုပ်ငန်းကို မတည်ချမှတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နွားနောက်မွေးမြူရေးတာဝန်များကို ခေါင်းလမ်းခါးငွေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးခဲ့ရာ ဒေသခံကျေးရွာသူ ကျေးရွာသားများအနေဖြင့် ယခုကဲ့သို့ နွားနောက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်ပေးခြင်းသည် ၎င်းတို့၏လူမှုစီးပွားရေးအတွက် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# ဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး) ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို) ဖြစ်ရမည်။

(ခ) ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးရ။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၃၀ ထက် မကျော်ရ။

(ဃ) **(M.B.B.S)** သို့မဟုတ် **(B.D.S)** ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(မူရင်း)အား တင်ပြနိုင်ရမည်။

၂။ သက်ဆိုင်ရာတက္ကသိုလ်မှ **(Grading Certificate)** အမှတ်စာရင်းပါရှိရမည်။

၃။ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

၄။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ (မူရင်း)နှင့် ပတ်စပို့အရွယ်ဓာတ်ပုံ ၃ ပုံ ပူးတွဲတင်ပြရမည်။

၆။ တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၇။ လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမ ကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်။

၈။ လျှောက်လွှာကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး၊ အောက်တိုဘာလ ၂၉ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**သို့ ပေးပို့ကြရမည်။

၉။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီ ပေးပို့သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာ တင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်း မေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)




# CREATE MORE HAPPINESS TO YOUR WHOLE FAMILY IS TO GO ALONG WITH BMW.

Prestige Automobiles ( BMW မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ် ) မှတင်သွင်းရောင်းချသော နည်းပညာနှင့်လုံခြုံမှုအတွက် အစဉ်အမြဲ ဆန်းသစ်တီထွင်မှု ဦးဆောင်နေသည့် နောက်ဆုံးပေါ် BMW မော်တော်ကားသစ်များကို စက်တင်ဘာလ (၁)ရက်မှ စက်တင်ဘာလ (၃၀) ရက်အတွင်း ဝယ်ယူပါက ကားအမျိုးအစားအလိုက် **3,000 USD** မှ **5,000 USD** နှင့် ညီမျှသောတန်ဖိုးကို ခံစားခွင့်ရရှိမည့် အပြင်ကားတန်ဖိုးအား ၁၂၀၀ ကျပ် / USD ဖြင့် ပေးချေနိုင်ပြီး၊ Service Warranty (၃) နှစ် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

BMW မော်တော်ကားများအား စမ်းသပ်မောင်းနှင်ရန်အတွက် Prestige Automobiles သို့ အရောက်လှမ်းခဲ့ဖို့ ဖိတ်ခေါ်အပ်ပါသည်။
Phone : 01- 230 6133, Service Hotline : 01- 230 6144

**Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.**
No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.

Join BMW Myanmar
www.facebook.com/BMWPAC

ကုန်ကျစရိတ်သက်သာစွာဖြင့် အင်ဂျင်နီယာ ပညာသင်ယူလိုသူများအတွက်

City & Guilds

**Diploma in Engineering (UK NQF Level 3, 4, 5) သင်တန်းများ**

ရွေးချယ်တက်ရောက်နိုင်သော ဘာသာရပ်များ ○○○○

- Electronic Engineering (New)
- Electrical Engineering (New)
- Mechanical Engineering (New)
- Manufacturing Engineering (New)
- Electrical Installation
- Refrigeration & Air Conditioning
- Construction Engineering (Civil)

ပထမဦးဆုံးအပ်သူ (၂၀)ဦးအတွက် အထူး Discount + ထပ်ဆောင်း

(Since 2004)

21.9.2015 စမည်။

ထူးခြားမှုများ

- City & Guilds မှ အသစ်ပြဋ္ဌာန်းလိုက်သော ' New Syllabus ' များဖြင့် သင်ကြားမည်။
- အင်ဂျင်နီယာလုပ်ငန်းခွင်အတွက် များစွာအသုံးဝင်သော ' Health and Safety , Environmental Regulation , Working Standard ,Quality Control , Planning and Scheduling , Engineering Design , Personal and Professional Development 'အစရှိသော ဘာသာရပ်များ သင်ကြားရမည်။
- GLORYသည် သင်တန်းကျောင်းသက်တမ်း(၁၀)နှစ်အတွင်း သင်တန်းသား (17,000) ကျော် လေ့ကျင့်သင်ကြားပေးခဲ့ပြီး ကမ္ဘာအဆင့် ရွှေတံဆိပ်ဆုရှင် (၄)ဦး ကို မွေးထုတ်ပေးခဲ့ပါသည်။

GLORY ၁၃၈/ ၁၄၀ ၊ ၃-ထပ် ၊ ပန်းဆိုးတန်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ 09-73121717,09-5197817 www.glory-education.com


**ပျောက်ဆုံးကြောင်း**

ဦးထိန်ဝင်းလှိုင်၏သမီး စုနှင်းထိန်၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၀၂၁၁၅၇

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၁ယ/၄၆၁၅၈ Hensim 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဆွေ ၉/ပသက(နိုင်)၀၁၃၇၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့


ဂုဏ်ရည် ® အမှတ်တံဆိပ်

# ဂုဏ်ရည်ဆေးတိုက်

ဈ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်မှ အောက်ပါရောဂါများအတွက် အစွမ်းထက်တိုင်းရင်းဆေးများ ရရှိနိုင်ပါသည်။

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ဆီးကျိတ်ရောဂါ၊ အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊ အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊ အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့် အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ကြော်ငြာခွင့်ပြုချက်အမှတ်-တဆ၀က (စာနယ်ဇင်း) ၀၅၄/၀၇၁၃

အချိန် - နံနက် (၁၀:၀၀)နာရီမှ ညနေ (၅:၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။) ဖုန်း-၀၁ ၆၄၂၆၈၂၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀




SWH

# စိန်ဝတ်မှုန်ကုမ္ပဏီလီမိတက် ၏ နှစ်(၂၀) ပြည့် နှစ်ပတ်လည် ဆုမွန်ကောင်းတောင်းလွှာ

ဆယ်စုနှစ် (၂)စုကို အောင်မြင်စွာ ဖြတ်သန်းခဲ့သော စိန်ဝတ်မှုန်ကုမ္ပဏီလီမိတက် ၏ ၂၀၁၅ခုနှစ် စက်တင်ဘာလ (၉) -ရက်နေ့တွင် ကျရောက်သော နှစ်(၂၀) ပြည့် နှစ်ပတ်လည် မှသည် နောင်လာမည့် နှစ်ပေါင်းများစွာတိုင် အောင်မြင်မှုများ ဆတက်ထမ်းပိုး တိုးပွား ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

စိန်ဝတ်မှုန်ကုမ္ပဏီလီမိတက် မှ မန်နေးဂျင်းဒါရိုက်တာ နှင့် ဒါရိုက်တာ အဖွဲ့ဝင်များ အားလုံး ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

စိန်ဝတ်မှုန်ကုမ္ပဏီလီမိတက်မှဝန်ထမ်းများ။







## ဒေါ်ဝင်းဝင်းဇင် ၉/ပဥလ(နိုင်)၀၀၆၃၈၃နှင့် အများသိစေရန် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပယ်လမ်း၊ တိုက်အမှတ် ၁၆၊ အခန်းအမှတ် ၄ ရှိ Seven Colour Co.,Ltd ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်ယော်ဆိုင်းရီ ၁၃/ကမန(နိုင်)၀၀၆၂၃၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်ဝင်းဝင်းဇင် ၉/ပဥလ(နိုင်)၀၀၆၃၈၃သည် Seven Colour Co.,Ltd ထံမှ အထည်အလိပ်များ အကြွေးရယူခဲ့ပြီး ၂၅-၁၂-၂၀၁၄ ရက်တွင် ကုမ္ပဏီသို့ ပေးသွင်းရန်ကျန်ငွေမှာ ၁၉၂၃၉၅၀/-တိတိရှိခဲ့ပါသည်။ ဒေါ်ဝင်းဝင်းဇင်က ၇-၁-၂၀၁၅ ရက်တွင် ငွေကျပ် (၂)သိန်းသာ ပေးသွင်းခဲ့ပြီး ယခုအခါကုမ္ပဏီနှင့် အဆက်အသွယ်မလုပ်ဘဲ အတွေ့မခံ ရှောင်တိမ်းလျက်ရှိပါသည်။ ကုမ္ပဏီထံ ဒေါ်ဝင်းဝင်းဇင်က ၄င်းဝယ်ယူထားသော အမှတ် ၁၉၈၊ ခုနစ်လွှာ(ဝဲ)၊ ၂၇ လမ်း၊ (၅)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်ရှိ တိုက်ခန်းစာချုပ်မူရင်းကို အာမခံအဖြစ် ပေးအပ်ထားခဲ့သော်လည်း ဒေါ်ဝင်းဝင်းဇင်က တိတ်တဆိတ် ဖော်ပြပါတိုက်ခန်းကို လူငှားတင်ထားပြီး ရှောင်တိမ်းနေခြင်းဖြစ်ရာ ယင်းအိမ်ခန်းကို Seven Colour Co.,Ltd ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်ယော်ဆိုင်းရီမသိရှိဘဲ မည်သူကမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ငှားရမ်း၊ အာမခံတင်သွင်းခြင်း၊ အခြားတစ်နည်းနည်းလွှဲပြောင်းခြင်းတို့မပြုရန် သတိပေးအပ်ပါသည်။ ထို့ပြင် ဒေါ်ဝင်းဝင်းဇင်က ယခုကြေညာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကုမ္ပဏီသို့ပေးရန် ကျန်ငွေကျပ် ၁၇၂၃၉၅၆/-(ကျပ်တစ်ဆယ့်ခုနစ်သိန်းနှစ်သောင်းသုံးထောင်ကိုးရာငါးဆယ့်ခြောက်ကျပ်တိတိ)ကို ကျွန်ုပ်မှတစ်ဆင့် လာရောက်ပေးချေရှင်းလင်းခြင်းမပြုပါက တရားဥပဒေနှင့်အညီ တရားစွဲဆို အရေးယူတော့မည်ဖြစ်ကြောင်း ဒေါ်ဝင်းဝင်းဇင်နှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်လွင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၅၉)**
**အမှတ် ၁၉၊ ၁၂၇လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၉၇၈၃၀၊ ၂၉၄၇၄၄**

## သားအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်အမှုသည်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၃-လမ်း၊ အမှတ်- ၁၂၀၊ ၄-ထပ်နေ **ဒေါ်ခိုင်တွန် (၁၂/ဥကတ (နိုင်) ၀၄၀၇၇၆)** ကိုင်ဆောင်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်၏သားတစ်ဦးဖြစ်သူ မောင်မြင့်ဦး (ခ) လာလူး (၁၂/ဥကတ (နိုင်) ၀၀၀၂၉၇) ကိုင်ဆောင်သူသည် မိခင်၏ဆုံးမစကား နားထောင်ခြင်း လုံးဝမပြုသည့်အပြင် မိခင်နှင့် မောင်နှမများအား ကြမ်းတမ်းစွာပြောဆိုဆက်ဆံခြင်း၊ အနိုင်အထက်ပြုခြင်း၊ စိတ်သောကရောက်အောင် မကြာခဏ ပြုမူဆောင်ရွက်ခြင်း၊ ၎င်း၏ဆန္ဒအတိုင်း ထင်ရာစိုင်းဆောင်ရွက်နေပါသဖြင့် သားအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဒေါ်ခိုင်တွန်၏ညွှန်ကြားချက်အရ – ဦးမောင်မောင်တင်** LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ (၃၃၃၆/၈၅)
**အမှတ် (၅၀)၊ ပ-ထပ်၊ အခန်း (A-7)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** 09 5070870

## ကန့်ကွက်နိုင်ပါသည်

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ လူနေရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ် – ( ၅၇၉/ခ )၊ သဒ္ဒါလမ်း၊ ဒေါ်အုန်းလှ (၁၂/ဥကတ (နိုင်) ၀၃၄၀၀၇) ကိုင်ဆောင်သူအမည်ပေါက်နှစ် (၆၀) ဂရန်မြေ၊ ( ၂၀ ပေ × ၆၀ ပေ ) အကျယ်အဝန်းရှိသော မြေကွက်အား ရောင်းချပိုင်ခွင့်ရှိသော ဦးဝင်းနိုင် (၁၂/ဥကတ (နိုင်) ၀၃၄၀၄၄) အပါအဝင် မောင်နှမ (၇) ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကြေငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ခင်ရွှေဦး (LL.B)
အထက်တန်းရှေ့နေ ( စဉ်–၂၄၀၉၂ )
ဖုန်း – ၀၉–၄၂၁၀၂၂၃၂၅ ၊ ၀၉–၄၃၀၀၇၄၀၅

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၄၆ ရပ်ကွက်၊ မြေကွက်အမှတ် (၇၁၆)၊ ဧရိယာ ပေ(၄၀×၆၀) ဦးကြည်အေး အမည်ပေါက် ပါမစ်မြေနှင့် ယင်းမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီတာအေး ၁၂/ဥကတ(နိုင်)၁၆၃၄၅၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အယ်လ်နန်ဆမ် ၁/မကန(နိုင်)၀၉၅၁၂၉က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး (ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ**
**ရုံး- ရွှေနေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၄၂၅၂၉၀၃၄၄**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ် ၅၂ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် အဆောက်အအုံများဆောက်လုပ်ရန် ဦးတင်ထွန်း(ရွှေလမ်းဆောက်လုပ်ရေး)နှင့် ဦးဂျီဝမ်ဆတ္တရာယန်လိုလာတို့ စာချုပ်ချုပ်ဆိုခဲ့ကြသည်မှာ (၃)နှစ်ခန့်ကြာမြင့်ခဲ့သော်လည်း ယနေ့တိုင် ရွှေလမ်းဆောက်လုပ်ရေးအနေဖြင့် ဆောင်ရွက်မှုတစ်စုံတစ်ရာပြုလုပ်ခြင်းမရှိ ကြန့်ကြာလျက်ရှိနေသောကြောင့် ချုပ်ဆိုထားသောစာချုပ်အား ဖျက်သိမ်းကြောင်းနှင့် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ဦးတင်ထွန်းသို့ လွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာဖော်ပြပါရှိသည့်ရက်မှစ၍ ရုပ်သိမ်းကြောင်း အများသိစေအပ်ပါသည်။

**ဦးဝင်းမင်းသိန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဝင်းလှိုင်(မောင်ရတနာ) LL.B** | **ဒေါ်ဇင်နှင်းလွင် LL.B, Dip in Seameo(Eng), DBL** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **ဖုန်း-၀၉-၇၃၀၉၅၉၅၈၊ ၀၉-၂၅၄၃၉၅၉၄၃** | **ဖုန်း-၀၉-၄၃၀၉၂၃၂၇** |

**အမှတ် ၄၂၊ သီရိဧရာလမ်း၊ ဇဝနရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆ/က ရပ်ကွက်၊ ရတနာသုခလမ်းသွယ်၊ အမှတ်(၈၁)၊ မြေညီခြေရင်းခန်း ပေ(၁၁-၅၀) ဦးဂိုလန်ဆာလေ ISN-၂၄၈၆၁၆ ပိုင် အခန်းအား ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေတစိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါအခန်းအားအရောင်းဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းနိုင် အမှတ်-၂၀၈၊ ဦးဝိစာရလမ်း**
**အနောက်ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၃၃၃၈၆၃၃**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၂)၊ ရေချမ်းအိုးအရှေ့ရွာ အမည်ပေါက် ဒေါ်ဖြူဖြူအောင် ကွင်းအမှတ် (၆၈၁/ဂ)၊ ဦးပိုင်အမှတ် (၁၅၇/၂-ခ)၊ မြေအမျိုးအစား Y (ယာမြေ)ဟုခေါ်တွင်သော ဧရိယာ ၁ ဒသမ ၀၀ ဧကအနက်မှ တစ်စိတ်တစ်ပိုင်းဖြစ်သည့် အကျယ် (ပေ ၈၀× ပေ ၂၀၀)ရှိ မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆက်ဆက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ယင်းမာမြင့် ၃/ဘအန(နိုင်)၁၅၂၁၉၁ ထံမှ ကျွန်တော် ဦးအောင်ဇော် ၁၂/မရက(နိုင်)၀၀၆၃၄၈ သည် အပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုသည့် မြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ တရားဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဇော် ၁၂/မရက(နိုင်)၀၀၆၃၄၈**
**ဖုန်း-၀၉-၇၃၂၁၃၆၅၈၊ ၀၉-၇၉၀၁၃၇၂၈၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၃၉/A)၊ သုခလမ်း၊ မြေကွက်အမှတ်(၃၅၆/၂၀)ရှိ ပေ၂၀×ပေ ၆၀မြေကွက်နှင့် မြေပေါ်ရှိ တစ်ထပ်ပျဉ်ထောင်အိမ်အား ယခုလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်သန္တာထွန်း ၁၂/အစန(နိုင်)၁၆၄၅၅၉ ထံမှ ကျွန်ုပ်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်သည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးညီမင်းဇော် ၁၂/သကန(နိုင်)၀၆၉၁၂၄**
**ဖုန်း-၀၉-၇၃၀၆၃၇၄၄၊ ၀၉-၄၂၀၃၁၇၇၂၁**

## ဦးမောင်မောင်ကျော်သူ ၁၂/စခန(နိုင်)၀၆၄၆၂၀ အမှတ်(၃၁)၊ ရန်ကြီးအောင်လမ်း၊ မုန့်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ "သိရှိစေရန် သတိပေးတောင်းဆိုကြေညာခြင်း"

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ်(၂၁၄)နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးမျိုးသန့် ၁၄/ဘကလ(နိုင်)၁၄၂၀၇၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးတောင်းဆိုကြေညာအပ်ပါသည်။

လူကြီးမင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးမျိုးသန့်တို့သည် ၂၀-၈-၂၀၁၄ ရက်စွဲပါ အခန်းပျောက် ကြိုတင်အရောင်းအဝယ်စရန်ပေးစာချုပ်အရ လူကြီးမင်းတို့ အခန်းပေးအခန်းယူကန်ထရိုက်တိုက်ဆောက်လုပ်ရာတွင် ကန်ထရိုက်တာဝေစုရမည့် စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း(ဗဟိုလမ်း)၊ အမှတ် ၈၆၊ ခြောက်လွှာ (ခေါင်းရင်းခန်း)အတွက် ငွေကျပ် ၁၃၅၀၀၀၀၀/- (ကျပ်တစ်ရာ့သုံးဆယ့်ငါးသိန်းတိတိ)ကိုလည်းကောင်း၊ ၂၀-၉-၂၀၁၄ရက်စွဲပါ စာချုပ်အရ ဖော်ပြပါအဆောက်အအုံ၏ခြောက်လွှာ(ခြေရင်းခန်း)အတွက် ငွေကျပ် ၁၃၂၅၀၀၀၀/-(ကျပ်တစ်ရာ့သုံးဆယ့်နှစ်သိန်းငါးသောင်းတိတိ)ကိုလည်းကောင်း ပေးအပ်ပြီး အရောင်းအဝယ်ပြုလုပ်ခဲ့ကြပါသည်။ ထို့နောက် လူကြီးမင်းတို့ဘက်မှ အဆိုပါတိုက်ခန်းများ အဆောက်လုပ်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခြင်းမပြုနိုင်တော့သည့် အခြေအနေသို့ရောက်ရှိခဲ့၍ နှစ်ဖက်ပြန်လည်ညှိနှိုင်းမှုများပြုလုပ်ခဲ့ကြရာ လူကြီးမင်းတို့က အဆိုပါတိုက်ခန်း ၂ခန်းအတွက် ကျွန်ုပ်၏မိတ်ဆွေထံမှ ရယူထားသော အခန်းရောင်းဖိုးစရန်ငွေနှစ်ရပ်အတွက် ၁၄-၂-၂၀၁၅ရက်စွဲပါ ဝန်ခံကတိစာချုပ်နှစ်စောင်ကိုပြုလုပ်၍ (ခေါင်းရင်းခန်း)အတွက် ပေးအပ်ထားငွေနှင့် နစ်နာကြေးအပါအဝင် ငွေကျပ် ၁၈၀၀၀၀၀၀/-(ကျပ်သိန်းတစ်ရာ့ရှစ်ဆယ်တိတိ)ကိုလည်းကောင်း (ခြေရင်းခန်း)အတွက် ပေးအပ်ထားငွေနှင့် နစ်နာကြေးငွေအပါအဝင် ပြန်အမ်းငွေကျပ် ၁၇၇၅၀၀၀၀/-(ကျပ်တစ်ရာခုနစ်ဆယ့်ခုနစ်သိန်းငါးသောင်း)ကိုလည်းကောင်း ရက်ပေါင်း(၃၀)အတွင်း ပြန်လည်ပေးအပ်ရန် သဘောတူဝန်ခံကတိ စာချုပ်များကို ချုပ်ဆိုခဲ့ပါသည်။ ထိုသို့ချုပ်ဆိုခဲ့သော ဝန်ခံကတိစာချုပ်များကို အထောက်အထားပြု၍ အဆိုပါပြန်အမ်းငွေနှစ်ရပ်ပေါင်းအတွက် လူကြီးမင်း(ကန်ထရိုက်တာ)နှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးမျိုးသန့်တို့အကြား နှစ်ဖက်သဘောတူစာချုပ်တစ်ရပ်ကိုလည်း ၁၄-၂-၂၀၁၅ ရက်တွင်ပင် ချုပ်ဆိုပြုလုပ်ခဲ့ကြပါသည်။

ဆိုခဲ့ပါစာချုပ်အရ လူကြီးမင်းအနေဖြင့် သတ်မှတ်ရက်အတွင်း အခန်း(၂)ခန်းအတွက် ပြန်အမ်းငွေစုစုပေါင်းကို မပျက်မကွက်ပြန်အမ်းရေးအတွက် အာမခံပစ္စည်းအဖြစ် လူကြီးမင်းတို့ ဆောက်လုပ်ရန်စီစဉ်ပြီးဖြစ်သည်ဆိုသော ကြည့်မြင်တိုင်မြို့နယ်၊ ဦးဖိုးထူး၊ လမ်းအမှတ်(၁၅)ရှိ PHO HTOO APARTMENT တိုက်ခန်း၊ ခြောက်လွှာ(B)ကို အာမခံအဖြစ် တင်သွင်းချုပ်ဆိုထားခဲ့သည်ဆိုသည်ကိုလည်း လူကြီးမင်းသိရှိပြီးဖြစ်ပါသည်။

သို့သော်လည်း လူကြီးမင်း ဦးမောင်မောင်ကျော်သူအနေဖြင့် ကျွန်ုပ်အမှုသည်သို့ သတ်မှတ်ရက်အတွင်း အပြေအကျေဖြေရှင်းပေးရန် ပျက်ကွက်ခဲ့ပါသည်။ ထို့နောက် ကျွန်ုပ်၏မိတ်ဆွေက လူကြီးမင်းနေထိုင်ရာအိမ်သို့လာရောက်ခဲ့ပြီး တွေ့ဆုံဖြေရှင်းရန် အကြိမ်ကြိမ်ကြိုးစားဆောင်ရွက်ခဲ့သော်လည်း လူကြီးမင်းက အတွေ့မခံရှောင်တိမ်းနေခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဤသတင်းစာကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း လူကြီးမင်းက ကျွန်ုပ်၏မိတ်ဆွေထံသို့ ပေးအပ်ရန်ရှိသည့် ကြိုပွိုင့်တိုက်ခန်းဖိုး ပြန်အမ်းငွေနှစ်ရပ်ကို တစ်လုံးတစ်ခဲတည်း အပြေအကျေလက်ရောက်ပေးအပ်ရန် တောင်းဆိုအပ်ပါသည်။လိုက်နာဆောင်ရွက်ခြင်းမရှိ ပျက်ကွက်ပါကတည်ဆဲ ဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**ဒေါ်မျိုးမျိုးသန့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးမောင်(မရမ်းကုန်း)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၄၁၄)**
**အမှတ်(၁၀)ဦးဘဟန်လမ်း၊ (သမိုင်း)၊ (၂)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၆၆၆၉၃၄၊ ၀၉-၇၃၂၀၄၈၃၄**

## စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေတွင် မိုးမိတ်စေတီတော်ကြီးများ (၅၅) ကြိမ်မြောက် ဗုဒ္ဓ - ဓမ္မ - သံဃ ပူဇော်ပွဲနှင့် စာအောင်သံဃာတော်များ ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေ-ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက-နိကာယကျောင်းတိုက်အသီးသီးမှ ၁၃၇၆-၁၃၇၇ ခုနှစ် (၂၀၁၄-၂၀၁၅ ခုနှစ်) (၆၇)ကြိမ်မြောက် တိပိဋကစာမေးပွဲကြီး၌ အောင်မြင်တော်မူခဲ့ကြသော တိပိဋကစာအောင်သံဃာတော် ၂၈ ပါး၊ နိကာယ်အောင် ၆၄ ပါးတို့နှင့် ပင့်သံဃာတော် ၇၅၀ ၊ သာမဏေနှင့် သီလရှင်အပါး ၆၀၀ တို့ကို သင်္ကန်း၊ သီလရှင်ဝတ်စုံများ လှူဒါန်းမည်ဖြစ်ပါ၍ ဘွဲ့ရသံဃာတော်တစ်ပါးလျှင် ဂျပန်မာတင် သင်္ကန်းတစ်စုံ ၂၀၀၀၀ိ/- ဘွဲ့တစ်ဘွဲ့လျှင် ၁၀၀၀၀ိ/- ကျမ်းတစ်ကျမ်းလျှင် ၅၀၀၀ိ/- ပင့်သံဃာများအတွက် သင်္ကန်းတစ်စုံ ၇၀၀၀ိ/-၊ သာမဏေနှင့် သီလရှင်ဝတ်စုံတစ်စုံလျှင် ၆၀၀၀ိ/-နှုန်းဖြင့် ပူဇော်နိုင်ပါသည်။

**ကျင်းပမည့်ရက်-** ၁၃၇၇ ခုနှစ် တော်သလင်းလဆန်း ၅ ရက်မှ ၈ ရက်အထိ ၁၈-၉-၂၀၁၅ ရက်မှ ၂၁-၉-၂၀၁၅ ရက်အထိ

**လှူဒါန်းနိုင်သည့်နေရာ -** မင်းကွန်းတိပိဋက-နိကာယ သာသနာပြုဥပဋ္ဌာကအဖွဲ့ (ရန်ကုန်)၊ အမှတ် ၁၂၊ စကားဝါလမ်း၊ ဒဂုံ၊ ၂၂၂၇၇/၇၈/၇၉၊ မင်းကွန်းတိပိဋက - နိကာယ သာသနာပြုဥပဋ္ဌာကဖွဲ့၊ မန္တလေး၊ ဖုန်း-၀၂-၃၀၁၉၀၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ ဖုန်း-၀၉-၆၄၆၃၇၃၄၇၊ ၀၂-၆၀၄၉၅

တိ-နိ ကျောင်းတိုက်အသီးသီးမှ သီတင်းသုံးပြီး၍ နယ်အသီးသီးတွင် သီတင်းသုံးနေထိုင်တော်မူကြကုန်သော တိ-နိနွယ်ဝင် ဆရာတော် သံဃာတော်အရှင်မြတ်တို့ဘုရား ဗုဒ္ဓ၊ ဓမ္မ၊ သံဃပူဇော်ပွဲသို့ ကြွရောက်တော်မူပါရန် ရိုသေစွာ ပင့်လျှောက်အပ်ပါသည်ဘုရား။

ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ပူဇော်ပွဲတော်ကြီးသို့ လိုက်ပါလိုသူများ ဘုရားပွဲမတိုင်မီ ရက် ၂၀ ကြိုတင်၍ တိ-နိဌာန(ရန်ကုန်)သို့ မပျက်မကွက် သတင်းပို့ရန်။

**မင်းကွန်းတိပိဋကနိကာယ သာသနာပြုဥပဋ္ဌာကအဖွဲ့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
### ပဲခူးခရိုင်တရားရုံး
### ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၅၇

ဦးဝင်းအောင် **နှင့်** ၁။ ဦးစိန်မြင့်
၂။ ဒေါ်သိန်းညွန့်
၃။ ဦးမြင့်ကြိုင်

**တရားလို** **တရားပြိုင်များ**

၁။ ဦးစိန်မြင့်၊ ၂။ ဒေါ်သိန်းညွန့် (အမှတ် ၁ တရားပြိုင်၏ အတူနေဇနီး)၊ ခြံအမှတ် ၁၉၊ ကနောင်မင်းသားကြီးလမ်း၊ လှိုင်သာယာစက်မှုဇုန် ၃၊ လှိုင်သာယာမြို့နယ် (EURO AND ASIA Commerical Co.,Ltd.) (ယခုနေရပ်လိပ်စာမသိ)၊ ၃။ ဦးမြင့်ကြိုင် (ဘ) ဦးသက်ပြင်း၊ ပျဉ်းမပင်ကျေးရွာ၊ မင်္ဂလာဒုံမြို့နယ် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားပြိုင်များကြောင့် မီးလောင်ပျက်စီးခဲ့သော တရားလို၏ ကားနှင့် ကားပေါ်ပါသံချောင်းများ ပျက်စီးဆုံးရှုံးခဲ့သည့်အတွက် နစ်နာကြေးငွေ ၁၁၂၃၈၅၀ိ/- ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၄ ရက် (၁၃၇၇ ခုနှစ် တော်သလင်းလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် စက်တင်ဘာ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အုန်းမြင့်)**
**ခရိုင်တရားသူကြီး**
**ပဲခူးခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၁၆၇၀၉ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဇော်နိုင် ၁၀/သထန(နိုင်)၂၁၇၅၅၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/2873 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဂ/၆၃၄၂ HYUNDAI KMJRL Bus (4×2) ယာဉ်လက်ဝယ်ရှိသူ ဦးဆေးဘီထူး ၂/ဒမထ(နိုင်)၀၆၅၆၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့**

## တန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည+၄/တိုးချဲ့)၊ မြေကွက်အမှတ်(၈၇)၊ မြေကွက်တည်နေရာအမှတ်(၈၇)၊ သုနန္ဒာလမ်း၊ ဒေါ်စမ်းစမ်းဇော်(ISN-၂၀၆၆၆၃) အမည်ပေါက် ပါမစ်မြေအား ဒေါ်စမ်းစမ်းဇော်ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူ၍ရရှိသော ဦးဇော်သိန်း(၁၂/မရကန(နိုင်)၀၁၄၅၇၈)က ပါမစ်မူရင်းတင်ပြ၍ ဝရန်သစ် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း တန့်ကွက်နိုင်ပါကြောင်းနှင့် တန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အထူးဝမ်းနည်းကြေကွဲခြင်း

စံတော်ချိန်သတင်းစာတိုက် (အယ်ဒီတာချုပ်) ဦးရဲမြင့်ဖေ (ရဲကျော်ခေါင်)၏အစ်ကို ဦးမိုးမြင့်ဖေ အသက် (၆၈)နှစ် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သတင်းထောက် ဦးကျော်လှ (သမာဓိ-တောင်ငူ)**
**သတင်းထောက် ဦးမြင့်ဦး (ဖြူး-မြင့်ဦး)**

## ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်လွင်(ခ)ဦးပီတာ (ကလော)B.E (CIVIL) 1971 အင်ဂျင်နီယာချုပ်(တံတား)(ငြိမ်း) ဆောက်လုပ်ရေးဝန်ကြီးဌာန အသက် (၆၉)နှစ်သည် ၅-၉-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**တံတားဦးစီးဌာန ဝန်ထမ်းများမိသားစု**

## ဒေါ်မြင့်မြင့်စံ (မြိတ်မြို့)
### အသက် (၇၃)နှစ်

မြိတ်မြို့၊ ဆိပ်ငယ်ရပ်၊ အမှတ် ၁၈၊ ဈေးအနောက်လမ်းနေ (ဦးစံညွန့်-ဒေါ်စန်းစန်းရှိန်)တို့၏ သမီး၊ ဦးသန်းမြင့်၏ ဇနီး၊ (ဦးအပ်ရှန်)- ဒေါ်စိမ်းမွှေး၊ ဦးကိုကိုကြီး- ဒေါ်စူးမတ်၊ ဒေါက်တာစိန်မြင့်မောင်-ဒေါ်ကြည်ငွေးညွန့်တို့၏ ညီမ၊ ဦးသတိုးညွန့်-ဒေါ်ထားထားရီ၊ ဦးဟန်ရွှေ- ဒေါ်နွယ်နီညွန့်တို့၏ အစ်မ၊ ကိုကျော်ဇေယျာမြင့်-မစိမ့်စိမ့်စိုး၊ ကိုသတိုးမြင့်၊ ကိုဖြိုးဝေမြင့်(ခ)ကိုဖိုးတုတ်-မနန္ဒာလှိုင်တို့၏ မိခင်၊ တူ/တူမ ၁၈ယောက်တို့၏အဒေါ်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၇-၉-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၀း၃၅နာရီတွင် ရန်ကုန်မြို့ နား၊ နှာခေါင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၅ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အမှတ်၇၁/A၊ သုခလမ်း၊ ကျောက်မြောင်းနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၁၃-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ရင်စိန်
### အသက်(၈၁)နှစ်

မြန်မာနိုင်ငံဆရာဝန်အသင်း(ဆေးဝါးဗေဒအဖွဲ့)၏ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်နုနုအေး[ပါမောက္ခ/ဌာနမှူး၊ ဆေးဝါးဗေဒဌာန၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်]၏ မိခင်သည် ၄-၉-၂၀၁၅ရက် ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆရာဝန်အသင်း(ဆေးဝါးဗေဒအဖွဲ့)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ရင်စိန်
### အသက်(၈၁)နှစ်

မြန်မာနိုင်ငံဆရာဝန်အသင်း(ဆေးဝါးဗေဒအဖွဲ့)၏ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်နုနုအေး[ပါမောက္ခ/ဌာနမှူး၊ ဆေးဝါးဗေဒဌာန၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်]၏ မိခင်သည် ၄-၉-၂၀၁၅ရက် ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူးနှင့်ဆရာ၊ဆရာမ ဝန်ထမ်းမိသားစုများ၊ ဆေးဝါးဗေဒဌာန**
**ဆေးတက္ကသိုလ်(၁)ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ရင်စိန်
### အသက်(၈၁)နှစ်

မြန်မာနိုင်ငံဆရာဝန်အသင်း(ဆေးဝါးဗေဒအဖွဲ့)၏ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်နုနုအေး[ပါမောက္ခ/ဌာနမှူး၊ ဆေးဝါးဗေဒဌာန၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်]၏ မိခင်သည် ၄-၉-၂၀၁၅ရက် ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆရာ၊ဆရာမ ဝန်ထမ်းမိသားစုများ၊ ဆေးဝါးဗေဒဌာန**
**ဆေးတက္ကသိုလ်(၂)ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ရင်စိန်
### အသက်(၈၁)နှစ်

မြန်မာနိုင်ငံဆရာဝန်အသင်း(ဆေးဝါးဗေဒအဖွဲ့)၏ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်နုနုအေး[ပါမောက္ခ/ဌာနမှူး၊ ဆေးဝါးဗေဒဌာန၊ ဆေးတက္ကသိုလ်(၂)၊ရန်ကုန်]၏ မိခင်သည် ၄-၉-၂၀၁၅ရက် ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူးနှင့် ဆရာ၊ ဆရာမ ဝန်ထမ်းမိသားစုများ၊ ဆေးဝါးဗေဒဌာန**
**ဆေးတက္ကသိုလ်(မန္တလေး)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဦးမောင်မောင်နိုင်
### အသက် (၅၃) နှစ်

Victoria University College, Health & Social Care ဌာန မှ ကထိက ဒေါက်တာ ဦးမောင်မောင်နိုင်၊ အသက် (၅၃) နှစ် သည် ၆.၉.၂၀၁၅ (တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

ကျောင်းအုပ်ကြီး၊ ဆရာ၊ဆရာမများ
နှင့် ကျောင်းသား/သူများ
Victoria University College

## ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်လွင်(ခ)ဦးပီတာ (ကလော)B.E (CIVIL) 1971 အင်ဂျင်နီယာချုပ်(တံတား)(ငြိမ်း) ဆောက်လုပ်ရေးဝန်ကြီးဌာန အသက် (၆၉)နှစ်သည် ၅-၉-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ဦးဟန်စိုး ညွှန်ကြားရေးမှူးချုပ်၊ တံတားဦးစီးဌာနနှင့်ဇနီး**

## ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်လွင်(ခ)ဦးပီတာ (ကလော)B.E (CIVIL) 1971 အင်ဂျင်နီယာချုပ်(တံတား)(ငြိမ်း) ဆောက်လုပ်ရေးဝန်ကြီးဌာန အသက် (၆၉)နှစ်သည် ၅-၉-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ဦးရွှေလေး-ဒု-ညွှန်ကြားရေးမှူးချုပ်၊ တံတားဦးစီးဌာနနှင့်ဇနီး**

## ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်လွင်(ခ)ဦးပီတာ (ကလော)B.E (CIVIL) 1971 အင်ဂျင်နီယာချုပ်(တံတား)(ငြိမ်း) ဆောက်လုပ်ရေးဝန်ကြီးဌာန အသက် (၆၉)နှစ်သည် ၅-၉-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ဦးအောင်မြတ်ဦး ဒု-ညွှန်ကြားရေးမှူးချုပ်၊ တံတားဦးစီးဌာနနှင့်ဇနီး**

## ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်လွင်(ခ)ဦးပီတာ (ကလော)B.E (CIVIL) 1971 အင်ဂျင်နီယာချုပ်(တံတား)(ငြိမ်း) ဆောက်လုပ်ရေးဝန်ကြီးဌာန အသက် (၆၉)နှစ်သည် ၅-၉-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ဦးခင်မောင်ဆွေ ဒု-ညွှန်ကြားရေးမှူးချုပ်၊ တံတားဦးစီးဌာနနှင့်ဇနီး**

## ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်လွင်(ခ)ဦးပီတာ (ကလော)B.E (CIVIL) 1971 အင်ဂျင်နီယာချုပ်(တံတား)(ငြိမ်း) ဆောက်လုပ်ရေးဝန်ကြီးဌာန အသက် (၆၉)နှစ်သည် ၅-၉-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ဦးကျော်သူ ဒု-ညွှန်ကြားရေးမှူး-တံတားအထူးအဖွဲ့(၅)**

## ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်လွင်(ခ)ဦးပီတာ (ကလော)B.E (CIVIL) 1971 အင်ဂျင်နီယာချုပ်(တံတား)(ငြိမ်း) ဆောက်လုပ်ရေးဝန်ကြီးဌာန အသက် (၆၉)နှစ်သည် ၅-၉-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ဦးဌေးဦး ဒု-ညွှန်ကြားရေးမှူး-တံတားအထူးအဖွဲ့(၉)**

## ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်လွင်(ခ)ဦးပီတာ (ကလော)B.E (CIVIL) 1971 အင်ဂျင်နီယာချုပ်(တံတား)(ငြိမ်း) ဆောက်လုပ်ရေးဝန်ကြီးဌာန အသက် (၆၉)နှစ်သည် ၅-၉-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ဦးမျိုးဝင်း ဒု-ညွှန်ကြားရေးမှူး- တံတားအထူးအဖွဲ့(၁၀)**

## ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်လွင်(ခ)ဦးပီတာ (ကလော)B.E (CIVIL) 1971 အင်ဂျင်နီယာချုပ်(တံတား)(ငြိမ်း) ဆောက်လုပ်ရေးဝန်ကြီးဌာန အသက် (၆၉)နှစ်သည် ၅-၉-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ဦးဝင်းဇော် ဒု-ညွှန်ကြားရေးမှူး-တံတားအထူးအဖွဲ့(၁၁)**

## ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်လွင်(ခ)ဦးပီတာ (ကလော)B.E (CIVIL) 1971 အင်ဂျင်နီယာချုပ်(တံတား)(ငြိမ်း) ဆောက်လုပ်ရေးဝန်ကြီးဌာန အသက် (၆၉)နှစ်သည် ၅-၉-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ဦးဌေးအောင် ဒု-ညွှန်ကြားရေးမှူး-တံတားအထူးအဖွဲ့(၁၂)**

# တောင်ငူမြို့မအဆင့်မြင့်ဈေးသစ်ကြီး အများပိုင်ကုမ္ပဏီအနေဖြင့် တည်ဆောက်မည်

သတင်းနှင့်ဓာတ်ပုံ
သူရ(တောင်ငူ)



အများပိုင်ကုမ္ပဏီအနေဖြင့်တည်ဆောက်မည့် တောင်ငူမြို့မဈေးသစ်ကြီး၏ ပုံစံငယ်ကိုတွေ့ရစဉ်။

**တောင်ငူ စက်တင်ဘာ ၈**

တောင်ငူမြို့မဈေးကြီး မီးလောင်ကျွမ်းရာတွင် ဈေးဆိုင်ခန်းများဆုံးရှုံးခဲ့သည့် ဈေးသူဈေးသားများ၏ သဘောဆန္ဒနှင့်အညီ အများပိုင်အဆင့်မြင့်ဈေးသစ်ကြီး ပြန်လည်တည်ဆောက်ရေး ဆန္ဒခံယူပွဲကို စက်တင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကေတုရတနာခန်းမ၌ ကျင်းပခဲ့ရာ ထောက်ခံမဲ ၈၈၇မဲ၊ ကန့်ကွက်မဲ ၉၃ မဲ၊ ပယ်မဲ ၁ မဲဖြင့် အထပ်ငါးထပ်ပါဝင်သော အဆင့်မြင့်ဈေးသစ်ကြီး တည်ဆောက်ရေးကို အတည်ပြုဆုံးဖြတ်ခဲ့ကြသည်။

ဈေးသစ်ကြီး ပြန်လည်တည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌဒေါက်တာဘဆွေက အဆင့်မြင့်ဈေးသစ်ကြီးလုပ်ငန်းများစီစဉ်ထားရှိမှုကို တင်ပြရာတွင် "တစ်နှစ်ကျော်ကြာဈေးမရောင်းရဘဲဖြစ်နေတဲ့ဈေးသူ ဈေးသားတွေကို အဓိကထားစဉ်းစားတဲ့အခါမြေညီထပ်နဲ့ပထမထပ်ကို တစ်နှစ်အတွင်း တည်ဆောက်ပြီး မီးသင့်ခံထားရတဲ့ဈေးဆိုင်ခန်းပိုင်ရှင်တွေကို အခမဲ့ပေးသွားမှာပါ။ ဈေးသူဈေးသားတွေ ပြန်လည်ရောင်းချနေတဲ့ အချိန်အတွင်းမှာပဲ ကျန်သုံးထပ်ကို တည်ဆောက်သွားမှာဖြစ်ပါတယ်။ တည်ဆောက်တဲ့နေရာမှာအထပ်တစ်ထပ်ကို သိန်းပေါင်း သုံးသောင်းခွဲလောက်ကုန်ကျမှာဖြစ်ပါတယ်။ ငွေအရင်းအမြစ်ကိုတော့ အများပိုင်ကုမ္ပဏီအနေနဲ့ ရှယ်ယာတစ်ခုကို ငွေတစ်သောင်းနှုန်း

*စာမျက်နှာ ၆ ကော်လံ ၄* ✻

# နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံ ရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၈**

ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီနှင့်ဒီမိုကရက်တစ်ပါတီ (မြန်မာ)တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၉ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD Variety၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၀ ရက်ထုတ် နိုင်ငံပိုင် သတင်းစာများဖြစ်သောကြေးမုံသတင်းစာနှင့် မြန်မာ့ အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

**(သတင်းစဉ်)**

# ဧရာဝတီမြစ်ရေပြန်လည်မြင့်တက်လာမှုကြောင့် ညောင်ဦးတွင် ရေများဝင်ရောက်

ညောင်ဦး စက်တင်ဘာ ၈

**ညောင်ဦးတွင် ဧရာဝတီမြစ်ရေ ပြန်လည်မြင့်တက်လာခဲ့ပြီး စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် ညောင်ဦးမြို့ပေါ်ရှိ မြေနိမ့်ပိုင်းရပ်ကွက်အချို့ လမ်းများနှင့် အိမ်များအတွင်း၌ ရေများဝင်ရောက်လျက်ရှိကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။**

ညောင်ဦးတွင် ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေအမှတ် ၂၁၂၀ စင်တီမီတာဖြစ်ပြီး ယနေ့နံနက် ၆ နာရီခွဲအချိန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာချက်အရ ၂၁၃၅ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၅ စင်တီမီတာသို့ ကျော်လွန်ရောက်ရှိလျက်ရှိရာ မြစ်ကမ်းဘေးတစ်လျှောက်နေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများအနေဖြင့် အချိန်မီရှောင်ရှားကြရန် လိုအပ်ကြောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများကလည်း အချိန်နှင့်တစ်ပြေးညီလိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**



# ချင်းတွင်းနှင့်ဧရာဝတီ စိုးရိမ်ရေမှတ်ကျော်လွန်နေ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ သတိပြု

**နေပြည်တော် စက်တင်ဘာ ၈**

ယနေ့ မွန်းလွဲ၁နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် တစ်ပေခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။ ယနေ့မွန်းလွဲ ၁နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် တစ်ပေခန့်

*စာမျက်နှာ ၆ ကော်လံ ၄* ◆






Gmail mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း

